# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


### ဆင်းရဲဒုက္ခတို့ မကျရောက်

အမျက် 'ဒေါသ' ကိုစွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ-၂၂၁)


၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက် | ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာ ၁၇ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၂)၊ အမှတ် (၀၄၈)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့် ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## နိုင်ငံတော်အနေဖြင့် သမိုင်းဖြစ်ရပ်များအပေါ် သင်ခန်းစာယူပြီး ဖွဲ့စည်းပုံအခြေခံ ဥပဒေ(၂၀၀၈ခုနှစ်)နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) တို့အပေါ်တွင် အခြေခံ၍ ငြိမ်းချမ်းရေးလမ်းကြောင်းကို တည်ဆောက်လျက်ရှိ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ (၁၀၂) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ

(၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်နေ့)

ယနေ့မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀)ရက်နေ့၊ ခရစ်သက္ကရာဇ် ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ(၁၇)ရက်နေ့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွက် လွန်စွာထူးခြားလေးနက်သော (၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ဖြစ်ပါသည်။ ကိုလိုနီလက်အောက် ကျရောက်ခဲ့စဉ်က နယ်ချဲ့အင်္ဂလိပ်တို့၏ ကျွန်ပညာရေးစနစ်ကို မြန်မာတစ်မျိုးသားလုံး မျိုးချစ်စိတ်အပြည့်အဝဖြင့် စည်းလုံးညီညွတ်စွာ ဆန့်ကျင်တော်လှန်ခဲ့သည့် အထိမ်းအမှတ်နေ့ထူးနေ့မြတ်ဖြစ်ပါသည်။ မြန်မာတို့၏ သမိုင်းဝင်အမျိုးသားအောင်ပွဲနေ့အခါသမယတွင် ပြည်ထောင်စုဖွားတိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး ကာယသုခ၊ စိတ္တသုခနှစ်ဖြာနှင့် ပြည့်စုံကြပါစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

တိုင်းရင်းသားလူမျိုးများ ချစ်ကြည်ရင်းနှီးစွာဖြင့် စုပေါင်းနေထိုင်သော မြန်မာနိုင်ငံတွင် မြန်မာဆိုသည့်ဝေါဟာရကို မြန်မာသက္ကရာဇ် ၄၅၂ ခု၊ ပုဂံခေတ် တောင်ဂူနီဘုရားကျောက်စာ၌ စတင်တွေ့ရှိရပြီး လွန်စွာအနက်အဓိပ္ပာယ်ပြည့်ဝ၍ ထူးခြားသည့် ဝိသေသလက္ခဏာများ ပြည့်ဝသည်ဟု ဆိုနိုင်ပါသည်။ မြန်မာဆိုသည်မှာ လူမျိုးတစ်မျိုးတည်း၏ အမည်နာမ မဟုတ်ဘဲ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်း စသော တိုင်းရင်းသားလူမျိုးများအားလုံးကို ကိုယ်စားပြုဆိုလိုခြင်းဖြစ်ပါသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ✻


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း (၂၁) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲ ကျင်းပရေးဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် နိုဝင်ဘာ ၁၆

(၂၁) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေး သမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲ ကျင်းပရေး ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ (၂၁) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲ ကျင်းပရေး ဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။


*စာမျက်နှာ ၄ ကော်လံ ၁* ○




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း (၂၁) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲ ကျင်းပရေးဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

## (၁၀၂) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ကို ဂုဏ်ပြုပါ၏။

မြန်မာ့အလင်း

# နိုင်ငံဘက်စုံဖွံ့ဖြိုးဖို့ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်စို့

၁၈၈၅ ခုနှစ်တွင် မြန်မာတစ်နိုင်ငံလုံး ကိုလိုနီနယ်ချဲ့လက်အောက်သို့ ကျရောက်သွားခဲ့ရပြီးနောက် မြန်မာတိုင်းရင်းသားတို့၏ ခုခံတော်လှန်မှုများ ဒေသအနှံ့အပြားတွင် ပေါ်ထွက်လာခဲ့ရာ နယ်ချဲ့ဗြိတိသျှအစိုးရသည် စစ်စရိတ်ပမာဏကြီးမားစွာ အသုံးပြုလျက် ဆယ်စုနှစ်နှင့်ချီ၍ ဆက်လက်တိုက်ခိုက်ခဲ့ရသည်။ ၎င်းတို့၏ ရက်ရက်စက်စက် ပြင်းပြင်းထန်ထန် နှိပ်ကွပ်မှုများကြောင့် ခုခံတွန်းလှန်မှုများ တစ်စတစ်စ လျော့နည်းသွားခဲ့သော်လည်း နယ်ချဲ့ဆန့်ကျင်ရေးအတွက် ပြန်လည်အားမွေးနေခဲ့ခြင်းသာဖြစ်သည်။

၁၉၀၀ ပြည့်လွန်နှစ်များတွင် ကိုယ့်မင်းကိုယ့်ချင်းနှင့် လွတ်လပ်သည့်နိုင်ငံ ပြန်လည်ထူထောင်နိုင်ရေးအတွက် နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်များ ပြန်လည်ထွက်ပေါ်လာခဲ့ပြီး ပထမကမ္ဘာစစ် မဖြစ်မီကာလတွင် မြန်မာအမျိုးသားများ ထုတ်ဝေသည့် သူရိယနှင့် မြန်မာ့အလင်းသတင်းစာတို့က ပြည်သူလူထုအတွင်း လွတ်လပ်ရေးအတွက် စည်းလုံးညီညွတ်ရေးစိတ်ဓာတ် နိုးကြားတက်ကြွသည်ထက် တက်ကြွလာအောင် လှုံ့ဆော်ရေးသားခဲ့သည်။ ၁၉၂၀ ပြည့်နှစ် ရန်ကုန်တက္ကသိုလ်အက်ဥပဒေသည် မြန်မာပြည် ဒုတိယဘုရင်ခံ ဆာရယ်ဂျီနယ်ကရက်ဒေါက်နှင့် ပညာမင်းကြီး မက်ဟန်တားတို့က ဗြိတိသျှနယ်ချဲ့တို့၏အကြိုက် ရေးဆွဲထားသည့်ဥပဒေဖြစ်ပြီး နှစ်ပေါင်းကြာမြင့်စွာ မြန်မာလူမျိုးတို့ တောင်းဆိုခဲ့ကြသည့် တက္ကသိုလ်ပုံစံမျိုးမဟုတ်သည့်အတွက် ကန့်ကွက်မှုများနှင့် လိုလားချက်များကို ပြတ်ပြတ်သားသား တောင်းဆိုချက်များ ကျယ်ကျယ်လောင်လောင် ပေါ်ထွက်လာသည်။ ပြည်သူလူထုတစ်ရပ်လုံး ကန့်ကွက်နေသည့်ကြားမှ နယ်ချဲ့အစိုးရက တက္ကသိုလ်ဥပဒေကို အဓမ္မ ပြဋ္ဌာန်းခဲ့သည့်အတွက် ရန်ကုန်ကောလိပ်နှင့် ယုဒသန်ကောလိပ်တို့မှစတင်ကာ ရန်ကုန်မြို့ပေါ်ရှိအထက်တန်းကျောင်းအသီးသီးမှ ကျောင်းသား ကျောင်းသူများကပါ သပိတ်မှောက်ခဲ့ကြပြီး ဆက်လက်၍ အခြားနယ်မြို့များဆီသို့ ပျံ့နှံ့သွားခဲ့သည်။

၁၉၂၀ ပြည့်နှစ် ကောလိပ်သပိတ်နှင့်အတူ ပေါ်ထွက်လာသည့်အရာမှာ အမျိုးသားရေးစိတ်ဓာတ်ဖြစ်သည်။ အမျိုးသားရေးစိတ်ဓာတ်သည် စည်းလုံးညီညွတ်ရေးကို ဖန်တီးပေးနိုင်ပြီး စွမ်းအားလည်း ကြီးမားသည့်အလျောက် လွတ်လပ်ရေးကြိုးပမ်းမှုအတွက်လည်း မရှိမဖြစ်လိုအပ်သည်။ အမျိုးသားရေး စိတ်ဓာတ်များ၊ ပြည်သူလူထုအတွင်း ပျံ့နှံ့သွားခဲ့ပြီးနောက် အထူးစည်းလုံးညီညွတ်ခဲ့ကြသဖြင့် နယ်ချဲ့တို့၏ အင်ပါယာသစ္စာတော်ခံပညာရေးကို အန်တုယှဉ်ပြိုင်ကာ အမျိုးသားပညာရေးနှင့် အမျိုးသားကျောင်းများ တည်ထောင်ဖွင့်လှစ်ခဲ့ကြသည်။ ၁၉၂၀ ကောလိပ်သပိတ်မှအစပြု၍ နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲများ တစ်ခုပြီးတစ်ခု ထွက်ပေါ်လာခဲ့ပြီးနောက် လွတ်လပ်သော နိုင်ငံဘဝသို့ ရောက်သည်အထိ အမျိုးသားရေးစိတ်ဓာတ်နှင့် စည်းလုံးညီညွတ်မှုတို့ကို စွဲကိုင်နိုင်ခဲ့ကြသည်။

မျက်မှောက်ကမ္ဘာတွင် နိုင်ငံတိုင်းသည် တိကျသော ပိုင်နက်နယ်နိမိတ်၊ ပြည်သူလူထု၊ အစိုးရ၊ အချုပ်အခြာအာဏာဟူသော အင်္ဂါ (၄) ခုဖြင့် ရပ်တည်နေထိုင်ကြရာတွင် အမျိုးသားရေးစိတ်ဓာတ်ဖြင့် ခိုင်မြဲအောင် စည်းနှောင်ထားရခြင်းဖြစ်သည်။ အမျိုးသားရေးစိတ်ဓာတ်ပျက်ပြားသည်နှင့် အမျှ စည်းလုံးညီညွတ်မှုလည်း ပျက်ပြားမည်သာဖြစ်သည်။ ဆက်စပ်၍ အေးချမ်းတည်ငြိမ်မှုလည်း ပျက်ပြားမည့်အပြင် ဖွံ့ဖြိုးတိုးတက်မှုလည်း ဖြစ်ပေါ်လာမည်မဟုတ်ဘဲ ဆုတ်ယုတ်မှုနှင့်သာ ရင်ဆိုင်ရမည်ဖြစ်ရာ (၁၀၂) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့မှသည် ဘိုးဘွားတို့ပေးခဲ့သည့် အမျိုးသားရေးစိတ်ဓာတ်အမွေကို ဆက်လက်ခံယူ၍ စည်းလုံးညီညွတ်စွာဖြင့် နိုင်ငံနှင့်လူမျိုး၏အနာဂတ်ကို တည်ဆောက်ကြရမည်ဖြစ်ပါကြောင်း။ ။

## ၂၀၂၂ ခုနှစ်၊ (၁၀၂) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ

★ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး တည်ဆောက်ရေး။

★ ကောင်းမြတ်မှန်ကန်သော မျိုးချစ်စိတ်၊ တိုင်းပြည်ချစ်စိတ် ထာဝရရှင်သန်ထက်မြက်ရေး။

★ အမျိုးသားပညာရည်မြင့်တင်လျက် စွမ်းဆောင်ရည်မြင့်မားသော နိုင်ငံသားများ ပေါ်ထွန်းလာစေရေး။

★ မြန်မာ့လူမှုစီးပွားရေးကို ခေတ်မီနည်းပညာစွမ်းအားဖြင့် မြင့်မားအောင် ဆောင်ရွက်ရေး။

## ၂၀၂၂ ခုနှစ်၊ (၁၀၂) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်

နိုင်ငံဘက်စုံဖွံ့ဖြိုးဖို့၊ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်စို့။

၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်

( ၁၇ - ၁၁ - ၂၀၂၂ )

## တပ်ကုန်းမြို့၌ (၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် အကြိုဟောပြော

**တပ်ကုန်း နိုဝင်ဘာ ၁၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဦးစီးဌာနတို့ပူးပေါင်း၍ တပ်ကုန်းမြို့နယ် မြဝတီရပ်ကွက် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းတွင် (၁၀၂) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် အကြိုဟောပြောပွဲနှင့် နံရံကပ်စာစောင်၊ ဓာတ်ပုံ၊ စာအုပ်ပြပွဲ၊ ဆုပေးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။



အခမ်းအနားတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်တိုင်းပညာရေးညွှန်ကြားရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး(စီမံ) ဦးကြည်ညိုက အမှာစကားပြောကြားသည်။ ထို့နောက် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တိုင်းဦးစီးမှူး ဒေါ်သင်းသင်းဇင်က အသိပညာပေး ဟောပြောပွဲ ကျင်းပပြုလုပ်ရခြင်း ရှင်းလင်းပြောကြားပြီး အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိခဲ့သည့် မြို့နယ်အဆင့်ပြိုင်ပွဲမှ (အထက်တန်း၊ အလယ်တန်း)အဆင့် ကျောင်းသား ကျောင်းသူ နှစ်ဦး၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းအဆင့်မှ အထက်တန်းအဆင့်(ပထမ၊ ဒုတိယ၊ တတိယ) နှင့် နှစ်သိမ့်ဆုရရှိသော ကျောင်းသား ကျောင်းသူ ငါးဦး၊ အလယ်တန်းအဆင့် (ပထမ၊ ဒုတိယ၊ တတိယ) နှင့် နှစ်သိမ့်ဆုရရှိသော ကျောင်းသား ကျောင်းသူ ငါးဦး၊ မူလတန်းအဆင့် (ပထမ၊ ဒုတိယ၊ တတိယ) နှင့် နှစ်သိမ့်ဆုရရှိသော ကျောင်းသား ကျောင်းသူ ငါးဦးတို့ကို တိုင်းဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး(စီမံ)နှင့်တာဝန်ရှိသူများက ဆုများချီးမြှင့်ပြီး ကျောင်းအုပ်ဆရာကြီး ဦးတင်စိုးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ထို့နောက် (၁၀၂) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အဖြစ် ဦးမျိုးမြင့် (စာရေးဆရာ မျိုးမြင့် - မြန်မာစာ) က "မြန်မာ့သက္ကရာဇ်နှင့် အသိအမှတ်ပြုခံရသော နေ့ထူးနေ့မြတ်" ခေါင်းစဉ်ဖြင့် ဟောပြောပြီး **(အပေါ်ပုံ)** အမျိုးသားအောင်ပွဲနေ့နှင့် ပတ်သက်သည့် နံရံကပ်စာစောင်များ၊ ဓာတ်ပုံများ၊ စာအုပ်စာစောင်များ ခင်းကျင်းပြသထားရှိမှုများကို ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ကြည့်ရှုလေ့လာကြသည်။

**တင်စိုးလွင်**

## ၂၀၂၂ - ၂၀၂၃ ပညာသင်နှစ် ဒုတိယနှစ်မှ မဟာဘွဲ့သင်တန်းများအထိ နေ့သင်တန်းများအတွက် ကျောင်းအပ်လက်ခံဆောင်ရွက်ပေးမည်

၁။ ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များတွင် (၁၀-၁၁-၂၀၂၂) ရက်နေ့၌ ဖွင့်လှစ်ခဲ့သော ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ဒုတိယနှစ်မှ မဟာဘွဲ့သင်တန်းများအထိ နေ့သင်တန်းများအတွက် ကျောင်းအပ်လက်ခံခြင်းကို (၃၀-၁၁-၂၀၂၂) ရက်အထိ (စနေနေ့နှင့် တနင်္ဂနွေနေ့များ အပါအဝင်) လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၂။ ကျောင်းအပ်လက်ခံခြင်းကို နောက်ဆုံးရက်ဖြစ်သော (၃၀-၁၁-၂၀၂၂) ရက်နေ့ ကျော်လွန်၍ လက်ခံဆောင်ရွက်ပေးမည် မဟုတ်ပါ။

**အဆင့်မြင့်ပညာဦးစီးဌာန**

## အမျိုးသားအောင်ပွဲနေ့အကြို အားကစားပြိုင်ပွဲကျင်းပ

**သီပေါ နိုဝင်ဘာ ၁၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ (၁၀၂) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အကြို အားကစားပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက ခရိုင်ပြန်/ဆက်ရုံး အားကစားကွင်း၌ ကျင်းပသည်။

အားကစားပြိုင်ပွဲတွင် ကျောက်မဲခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နှင်းရည်က အားကစားပြိုင်ပွဲကျင်းပခြင်းရည်ရွယ်ချက်နှင့် အမျိုးသားနေ့ဖြစ်ပေါ်လာပုံ သမိုင်းကြောင်းကို ရှင်းလင်းပြောကြားပြီး ပြိုင်ပွဲကိုကျင်းပရာ အခြေခံပညာ မူလတန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများက စာအုပ်ရွက်ပြိုင်ပွဲ၊ ခွက်နင်းပြိုင်ပွဲ၊ မုန့်စားပြိုင်ပွဲနှင့် အခြားအားကစားများကို ပါဝင်ယှဉ်ပြိုင်ကြသည်။

ထို့နောက် အားကစားပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများနှင့် လာရောက်အားပေးကြည့်ရှုသူများကို လက်ဖက်ရည်၊ အချိုရည်နှင့် မုန့်တို့ဖြင့် တည်ခင်းဧည့်ခံကြောင်း သိရသည်။ **စိုင်း(သီပေါ)**

**❑ ယနေ့အချိန်အခါတွင် နိုင်ငံတော်သည် စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေး၊ ပညာရည်မြင့်မားရေးတို့ကို ဦးတည်ကြိုးပမ်းဆောင်ရွက်လျက်ရှိ**

**❍ အမျိုးသားရေးစိတ်ဓာတ်အခြေခံဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ခိုင်မြဲရေး၊ တိုင်းရင်းသားတို့၏ ညီညွတ်သော စုပေါင်းစွမ်းပကားဖြင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး အောင်မြင်စွာတည်ဆောက်ရေးကို ပြည်သူတစ်ရပ်လုံးက ပူးပေါင်းပါဝင်လာအောင် စီမံဆောင်ရွက်လျက်ရှိ**

**❖ အမျိုးသားအောင်ပွဲနေ့၏ စည်းလုံးညီညွတ်မှုအနှစ်သာရကို အခြေခံလျက် ပြည်ထောင်စုဖွားတိုင်းရင်းသားပြည်သူများအားလုံး၏ စုစည်းညီညွတ်မှုအားဖြင့် ငြိမ်းချမ်းသာယာသော ဘက်စုံဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးတည်ဆောက်ကြရမည်**

❋ *ရှေ့ဖုံးမှ*

မြန်မာတို့သည် ရှေးပဝေသဏီကတည်းက ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းဖြင့် နေထိုင်ခဲ့ကြသော်လည်း ဗြိတိသျှတို့၏ နယ်ချဲ့စနစ်ကြောင့် ၁၈၈၅ ခုနှစ်မှစ၍ မြန်မာတစ်နိုင်ငံလုံး သူ့ကျွန်ဘဝသို့ ရောက်ခဲ့ရပါသည်။ နယ်ချဲ့တို့သည် မြန်မာတို့၏ ယဉ်ကျေးမှု၊ ဘာသာစကား၊ ကိုးကွယ်ယုံကြည်မှု၊ ပညာရေးတို့ကို နည်းမျိုးစုံဖြင့် ဖိနှိပ်ချုပ်ချယ်ကာ ကျွန်သက်ရှည်အောင်လုပ်ဆောင်ခဲ့ကြပါသည်။ မြန်မာတိုင်းရင်းသားများသည် သူ့ကျွန်ဘဝမှ လွတ်မြောက်ရန် မျိုးချစ်စိတ်ဓာတ်၊ စည်းလုံးညီညွတ်သော စိတ်ဓာတ်တို့ဖြင့် ရာဇဝင်တွင် မော်ကွန်းတင်နိုင်သည်အထိ တွန်းလှန်ခဲ့ကြပါသည်။ နယ်ချဲ့ဆန့်ကျင်ရေးလှုပ်ရှားမှုများကို ပြန်ကြည့်ပါက တစ်မျိုးသားလုံးနေရာစုံ၊ အလွှာစုံတို့က တော်လှန်ခဲ့ကြသည်မှာလည်း သမိုင်းက သက်သေခံလျက်ရှိပါသည်။ ထိုသို့ နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေးကြိုးပမ်းမှုများသည် မြန်မာတို့၏ ဇာတိသွေး၊ ဇာတိမာန်များ ပိုမိုနိုးကြားတက်ကြွလာစေပြီး အမျိုးသားအောင်ပွဲနေ့အတွက် မျိုးစေ့ချပေးနိုင်ခဲ့သည်ဟု ဆိုနိုင်မည်ဖြစ်ပါသည်။ ကိုလိုနီနယ်ချဲ့တို့သည် ပညာရေးစနစ်ကို အကောင်းဆုံးလက်နက်တစ်ခုအဖြစ် အသုံးချ၍ မြန်မာတို့ကို အသိဉာဏ်ပညာနိမ့်ပါးအောင် ပြုလုပ်ခဲ့ကြပါသည်။

၁၉၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၂၄ ရက်နေ့တွင် ဗြိတိသျှအစိုးရက ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို အတည်ပြုခဲ့ပြီး ရန်ကုန်ကောလိပ်နှင့် ဂျပ်ဆင်ကောလိပ်နှစ်ခုတို့ ပါဝင်ဖွဲ့စည်းကာ ရန်ကုန်တက္ကသိုလ်အဖြစ် ၁၉၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ (၁) ရက်တွင် ပြဋ္ဌာန်းဖွဲ့စည်းခဲ့ပါသည်။ ထိုအက်ဥပဒေသည် မြန်မာလူမျိုးအများစု တက္ကသိုလ်ပညာသင်ယူခွင့်မရအောင် ကန့်သတ်ထားခြင်းဖြစ်၍ ရန်ကုန်တက္ကသိုလ်နှင့် ဂျပ်ဆင်ကောလိပ်ကျောင်းသားများက ဆန့်ကျင်ခဲ့ကြပြီး ထိုလှုပ်ရှားမှုတွင် တစ်နိုင်ငံလုံးပါဝင်ခဲ့ကြပါသည်။

၁၉၂၀ ပြည့်နှစ်၊ ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို ကျောင်းသားများ ဆန့်ကျင်ကန့်ကွက်ခဲ့သည့် မြန်မာသက္ကရာဇ် ၁၂၈၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်နေ့ကို ၁၉၂၂ ခုနှစ်၊ ဇွန်လ ၁၇ ရက်နှင့် ၁၈ ရက် တို့တွင် ရန်ကုန်မြို့ဂျူဗလီဟော၌ ကျင်းပခဲ့သော ဂျီစီဘီအေ အထူးကွန်ဖရင့်က **"အမျိုးသားနေ့"** ဟု သတ်မှတ်ခဲ့ကြပါသည်။ ယင်းနေ့သည် အင်္ဂလိပ်နယ်ချဲ့အစိုးရ၏ ဖိနှိပ်မှုအပေါ် အောင်ပွဲခံသောနေ့ဖြစ်၍ **"အမျိုးသား အောင်ပွဲနေ့"** ဟုလည်း ခေါ်ဝေါ်ခြင်းဖြစ်ပါသည်။ အမျိုးသားနေ့ကို တိုင်းရင်းသားအားလုံးတို့က အမြတ်တနိုးတန်ဖိုးထားကာ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး ရည်မှန်းလျက် အမျိုးသားအောင်ပွဲနေ့အခမ်းအနားများကို နိုင်ငံတစ်ဝန်းလုံး၌ နှစ်စဉ်ကျင်းပခဲ့ကြပါသည်။

ယနေ့အချိန်အခါတွင် နိုင်ငံတော်သည် စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေး၊ ပညာရည်မြင့်မားရေးတို့ကို ဦးတည်ကြိုးပမ်းဆောင်ရွက်လျက်ရှိနေပါသည်။ အမျိုးသားရေးစိတ်ဓာတ်အခြေခံဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ခိုင်မြဲရေး၊ တိုင်းရင်းသားတို့၏ ညီညွတ်သော စုပေါင်းစွမ်းပကားဖြင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး အောင်မြင်စွာတည်ဆောက်ရေးကို ပြည်သူတစ်ရပ်လုံးက ပူးပေါင်းပါဝင်လာအောင် စီမံဆောင်ရွက်လျက်ရှိပါသည်။ အမျိုးသားအောင်ပွဲနေ့၏ စည်းလုံးညီညွတ်မှုအနှစ်သာရကို အခြေခံလျက် ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူများအားလုံး၏ စုစည်းညီညွတ်မှုအားဖြင့် ငြိမ်းချမ်းသာယာသော ဘက်စုံဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးတည်ဆောက်ကြရမည်ဖြစ်ပါသည်။

နိုင်ငံတော်အနေဖြင့် သမိုင်းဖြစ်ရပ်များအပေါ် သင်ခန်းစာယူပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ခုနှစ်)နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) တို့အပေါ်တွင် အခြေခံ၍ ငြိမ်းချမ်းရေးလမ်းကြောင်းကို တည်ဆောက်လျက်ရှိပါသည်။ လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး စစ်မှန်သည့်ငြိမ်းချမ်းရေးရရှိစေရန် တိုင်းဒေသကြီး၊ ပြည်နယ်၊ ဒေသအသီးသီးမှ သက်ဆိုင်ရာကိုယ်စားလှယ်များအား ဖိတ်ခေါ်ဆွေးနွေးကာ ပြည်ထောင်စုအကျိုး၊ တိုင်းရင်းသားတို့၏အကျိုးကို ရှေးရှု၍ နှစ်ဖက်အမြင်များကို ရင်းနှီးပွင့်လင်းစွာအပြန်အလှန် ဆွေးနွေးညှိနှိုင်းလျက်ရှိပါသည်။ ဆွေးနွေးညှိနှိုင်းခြင်းဖြင့်သာ လက်ရှိကြုံတွေ့နေရသည့် အခက်အခဲပြဿနာများကို ဖြေရှင်းနိုင်မည်ဖြစ်ပြီး နိုင်ငံတော်ကို အေးချမ်းသာယာဖွံ့ဖြိုးတိုးတက်အောင် ပူးပေါင်းလုပ်ဆောင်နိုင်ကြလိမ့်မည်ဟု ယုံကြည်ပါသည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် ပညာရေးသည် အခြေခံအုတ်မြစ်ဖြစ်သည့်အားလျော်စွာ ကျောင်းနေအရွယ်လူငယ်အားလုံး ပညာသင်ယူခွင့်ရရှိရေးနှင့် အနည်းဆုံး KG+9 ပြီးဆုံးသည်အထိ ကျောင်းတက်ရောက်နိုင်ရေးအတွက် အခမဲ့ပညာရေးဖြင့် အကောင်အထည်ဖော်လျက်ရှိရာ မိဘပြည်သူများနှင့် ဆရာ၊ ဆရာမများအားလုံး ပူးပေါင်းပါဝင်ရေးမှာ အရေးကြီးလှပါသည်။ နိုင်ငံသားတိုင်း ပညာတတ်မြောက်ပြီး အသိပညာ၊ အတတ်ပညာတတ်မြောက်သော ပညာရည်မြင့်မားသော ပညာတတ်များ၊ စွမ်းဆောင်ရည်မြင့်မားသော နိုင်ငံသားများ ပေါ်ထွန်းလာစေရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ ပညာရေးက လေ့ကျင့်ပျိုးထောင်ပေးသည့် တိုင်းရင်းသားအားလုံး၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ရိုးရာဓလေ့၊ သမိုင်းအမွေအနှစ်များ၏ အနှစ်သာရများကို အမျိုးသားရေး တာဝန်အဖြစ် ဆက်လက်ထိန်းသိမ်းကြရမည်ဖြစ်သည်။

သို့မှသာ ဆရာဇော်ဂျီ၏ စာပေလောက ကဗျာကဲ့သို့–**"ကိုယ့်အားကို ကိုယ်ယုံကိုးကာပါ့ ကိုယ့်မျိုးဂုဏ်တစ်မာန်တက်"**နိုင်မည်ဖြစ်ပေသည်။ **"သူကတစ်ဖြာ၊ ငါကတစ်ဖုံ၊ ထုံတတ်သည်မှာ၊ ဓမ္မတာဖြစ်သော်လည်း၊ ငါစွဲမသို၊ ကိုယ်စွဲမထားဘဲ"** အမျိုးသားတိုးတက်ရေးကို ကြိုးပမ်းကြရမည်ဖြစ်ပါသည်။ မှန်ကန်သော မျိုးချစ်စိတ်ဖြင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားအောင် စွမ်းဆောင်ကြရမည်ဖြစ်ပြီး တစ်ဦးနှင့်တစ်ဦး ရင်းနှီးချစ်ခင်ပြီး စိတ်ရင်းစေတနာကောင်းများဖြင့် တိုင်းပြည်တိုးတက်အောင် စွမ်းဆောင်ကြရမည်ဖြစ်ပါသည်။

နိုင်ငံသားတိုင်းက ၂၀၂၂ ခုနှစ်၊ (၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များဖြစ်သော–

❖ **ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး တည်ဆောက်ရေး၊**
❖ **ကောင်းမြတ်မှန်ကန်သော မျိုးချစ်စိတ်၊ တိုင်းပြည်ချစ်စိတ် ထာဝရရှင်သန်ထက်မြက်ရေး၊**
❖ **အမျိုးသားပညာရည်မြင့်တင်လျက် စွမ်းဆောင်ရည်မြင့်မားသော နိုင်ငံသားများ ပေါ်ထွန်းလာစေရေး၊**
❖ **မြန်မာ့လူမှုစီးပွားရေးကို ခေတ်မီနည်းပညာစွမ်းအားဖြင့် မြင့်မားအောင်ဆောင်ရွက်ရေး၊**

တို့အတွက် ခိုင်မြဲသောစိတ်ဓာတ်၊ မလျှော့သောဇွဲလုံ့လ၊ ကြီးမားသော ဉာဏ်ပညာတို့ဖြင့် ဆက်လက်ကြိုးပမ်းအကောင်ထည်ဖော်ဆောင်ရွက်ကြရပါမည်။

ဤသို့အနှစ်သာရပြည့်ဝပြီး ထူးခြားလေးမြတ်လှသော အမျိုးသားအောင်ပွဲနေ့အခါသမယ၌ **"နိုင်ငံဘက်စုံဖွံ့ဖြိုးဖို့ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်စို့"** ဟူသော (၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်နှင့်အညီ–

- ဘိုးဘွားအမွေ အမိပြည်ထောင်စုကြီးကို အမျိုးသားရေးစိတ်ဓာတ်ဖြင့် အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်သွားကြပါရန်၊
- တိုင်းရင်းသားအားလုံး၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ရိုးရာဓလေ့နှင့် သမိုင်းအမွေအနှစ်များ၏ အနှစ်သာရများကို တန်ဖိုးထားထိန်းသိမ်းမြှင့်တင်သွားကြပါရန်၊
- အတွေးအခေါ်မှန်ကန်၍ အကျင့်စာရိတ္တကောင်းမွန်သော လူ့စွမ်းအားအရင်းအမြစ်များကို အားလုံးကကြိုးစားပြုစုပျိုးထောင်ပေးကြပါရန်၊
- ခေတ်စနစ် လိုအပ်ချက်များနှင့်အညီ နိုင်ငံဖွံ့ဖြိုးတိုးတက်စေသော ပညာရေးစနစ်ဖြစ်ပေါ်ရေးကို ဝိုင်းဝန်းစွမ်းဆောင်ပေးကြပါရန် အလေးအနက်တိုက်တွန်းအပ်ပါသည်။

**ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်**
**နိုင်ငံတော်ဝန်ကြီးချုပ်**
**ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## ကျောက်တော်၌ (၁၀၂) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် စာအုပ်ပြပွဲ၊ နံရံကပ်စာစောင်ပြပွဲနှင့် ဆေးရောင်ခြယ်ပြိုင်ပွဲကျင်းပ



**ကျောက်တော် နိုဝင်ဘာ ၁၆**

ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ (၁၀၂) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ကို ဂုဏ်ပြုသောအားဖြင့် စာအုပ်ပြပွဲ၊ နံရံကပ်စာစောင်ပြပွဲနှင့် ဆေးရောင်ခြယ်ပြိုင်ပွဲများကို ယနေ့ မွန်းလွဲ ၁ နာရီက ကျင်းပသည်။

အဆိုပါ စာအုပ်ပြပွဲ၊ နံရံကပ် စာစောင်ပြပွဲနှင့် ဆေးရောင်ခြယ်ပြိုင်ပွဲတွင် မြို့နယ် ဦးစီးမှူး ဒေါ်ဖြူဖြူဝင်းက ကျောင်းသား ကျောင်းသူများအနေဖြင့် ကျောင်းစာအပြင် ပြင်ပဗဟုသုတများရရှိစေရန်၊ အမျိုးသားရေးစိတ်ဓာတ်ရှင်သန်တက်ကြွစေရန်နှင့် မိမိနိုင်ငံ၏ နေ့ထူးနေ့မြတ်ကို အစဉ်အမြဲ အမှတ်ရရှိစေရန် ရည်ရွယ်၍ ပြသဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဆေးရောင်ခြယ်ပြိုင်ပွဲကို ဆက်လက်ကျင်းပရာ အခြေခံပညာ (မူလတန်းလွန်) ကျောင်းမှ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၃ ဦးတို့က စိတ်ကြိုက်ဆေးရောင်ခြယ်ပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ ထို့နောက် စာအုပ်ပြပွဲ၊ နံရံကပ်စာစောင်များ ပြသထားမှုကို ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။ **ခင်မောင်ထွန်း(ပြန်/ဆက်)**

○ *ရွှေဖုံးမှ*

**✻ ယနေ့ခေတ်ကာလတွင် ကမ္ဘာ့နိုင်ငံအသီးသီးရှိ ပြည်သူများအနေဖြင့် တိုင်းရင်းဆေးကုထုံးများကို လက်မလွှတ်ဘဲ အားကိုးအားထားပြု၍ သုံးစွဲကုသနေကြဆဲဖြစ်သည်ကို တွေ့မြင်နိုင်၊ ယခုအခါ ကမ္ဘာတစ်ဝန်းလုံး ရင်ဆိုင်နေရသော ကိုဗစ်-၁၉ ကပ်ရောဂါကို တိုင်းရင်းဆေးဝါးများဖြင့် ကာကွယ် ကုသနိုင်ရန် ဆောင်ရွက်နေကြသကဲ့သို့ မြန်မာနိုင်ငံ၌လည်း ကိုဗစ်-၁၉ ရောဂါအပါအဝင် ၎င်းနှင့် အလားတူ ရာသီတုပ်ကွေးရောဂါများအား ကုသနိုင်ရေး "ဝိသမ" အဖျားပျောက်ဆေးအား လူနာများတွင် အန္တရာယ်ကင်းရှင်းစွာအသုံးပြုနိုင်ရန် သုတေသန အဆင့်ဆင့်ဆောင်ရွက်လျက်ရှိရာ ယခုအခါ စမ်းသပ်မှု နောက်ဆုံးအဆင့် ပြီးစီးအောင်မြင်နေပြီဟုလည်းသိရ၊ မြန်မာ့တိုင်းရင်းဆေးသမားတော်များသည် ခေတ်အဆက်ဆက် တိုင်းရင်းဆေးဝါးများကို အသုံးပြု၍ ပြည်သူလူထု၏ ကျန်းမာရေးကို စောင့်ရှောက်ပေးခဲ့**

အစည်းအဝေးသို့ (၂၁) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲကျင်းပရေး ဦးစီးကော်မတီဝင်များ၊ လုပ်ငန်းကော်မတီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ၂၀၁၉ ခုနှစ် အကြိမ် (၂၀) မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲ ကျင်းပပြီးနောက်ပိုင်း ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ရပ်နားခဲ့ရသည့် ညီလာခံကြီးအား ယခု(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အကြိုကာလဖြစ်သည့် ဒီဇင်ဘာ ၈ ရက်နှင့် ၉ ရက်တို့တွင် ကျန်းမာရေးဝန်ကြီးဌာနမှ ဦးဆောင်လျက် နီးနွှယ်ဝန်ကြီးဌာနများဖြင့် ၂၀၀၀ ပြည့်နှစ်မှစ၍ နှစ်စဉ် အောင်မြင်စွာကျင်းပပြုလုပ်ခဲ့သည့် အစဉ်အလာများအတိုင်း ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေးအတွက် အစည်းအဝေးအား ကျင်းပရခြင်းဖြစ်ကြောင်း။

**ပူးပေါင်းကူညီဆောင်ရွက်**

မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံကျင်းပရခြင်း၏ရည်ရွယ်ချက်အနေဖြင့် မြန်မာ့တိုင်းရင်းဆေးလောက ဘက်စုံအဆင့်အတန်းမြင့်မားရေးနှင့် မြန်မာ့တိုင်းရင်းဆေးပညာ အရည်အသွေးဖွံ့ဖြိုးတိုးတက်မှု ပိုမိုရရှိစေရန်၊ မြန်မာ့တိုင်းရင်းဆေးဆရာတို့၏ အရည်အချင်းနှင့်ကျင့်ဝတ်ဂုဏ်သိက္ခာ ပိုမိုမြင့်မားလာစေရန်၊ မြန်မာ့တိုင်းရင်းဆေးပညာနှင့် တိုင်းရင်းဆေးဝါးထုတ်လုပ်မှုနည်းပညာများ ပိုမိုဖွံ့ဖြိုးတိုးတက်ရန် ပြည်တွင်းပြည်ပရှိ ဆက်စပ်နီးနွှယ်ပညာရှင်များ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်တို့ဖြစ်ပြီး အဆိုပါရည်ရွယ်ချက်များ အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရန် ဝိုင်းဝန်းပူးပေါင်း ကူညီဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

**သုတေသနလုပ်ငန်းများပိုမိုတိုးချဲ့ဆောင်ရွက်**

အလားတူ မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များမှာ မြန်မာ့တိုင်းရင်းဆေးပညာကုထုံးများဖြင့် ပြည်သူလူထု၏ကျန်းမာရေးကို ပိုမိုထိရောက်စွာ စောင့်ရှောက်မှုပေးနိုင်ရန်အတွက် အရည်အသွေးပြည့်ဝသည့် တိုင်းရင်းဆေးပညာရှင်များ ဖြစ်လာစေရေးလေ့ကျင့်ပေးရန်၊ အန္တရာယ်ကင်းရှင်း၍ အရည်အသွေးမြင့်မားသည့် အစွမ်းထက်တိုင်းရင်းဆေးဝါးများ ပေါ်ထွက်လာစေရေးအတွက် တိုင်းရင်းဆေးသုတေသနလုပ်ငန်းများ ပိုမိုတိုးချဲ့ဆောင်ရွက်ရန်၊ တိုင်းရင်းဆေးဖြင့် ပြည်သူလူထုအား ပဏာမကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် ကျန်းမာရေးအသိပညာပေးခြင်းလုပ်ငန်းများကို ကျေးလက်ဒေသအထိ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရန်အတွက် ဒေသခံတိုင်းရင်းဆေးဆရာများနှင့် ပူးပေါင်းဆောင်ရွက်ရန်တို့ဖြစ်ကြောင်း။

**အားကိုးအားထားပြု၍ သုံးစွဲကုသနေ**

ယနေ့ခေတ်ကာလတွင် ကမ္ဘာ့နိုင်ငံအသီးသီးရှိ ပြည်သူများအနေဖြင့် တိုင်းရင်းဆေး ကုထုံးများကို လက်မလွှတ်ဘဲ အားကိုးအားထားပြု၍ သုံးစွဲကုသနေကြဆဲဖြစ်သည်ကို တွေ့မြင်နိုင်ပါကြောင်း၊ ယခုအခါ ကမ္ဘာတစ်ဝန်းလုံး ရင်ဆိုင်နေရသော ကိုဗစ်-၁၉ ကပ်ရောဂါကို တိုင်းရင်းဆေးဝါးများဖြင့် ကာကွယ်ကုသနိုင်ရန် ဆောင်ရွက်နေကြသကဲ့သို့ မြန်မာနိုင်ငံ၌လည်း ကိုဗစ်-၁၉ ရောဂါအပါအဝင် ၎င်းနှင့် အလားတူ ရာသီတုပ်ကွေးရောဂါများအား ကုသနိုင်ရေး "ဝိသမ" အဖျားပျောက်ဆေးအား လူနာများတွင် အန္တရာယ်ကင်းရှင်းစွာအသုံးပြုနိုင်ရန် သုတေသန အဆင့်ဆင့် ဆောင်ရွက်လျက်ရှိရာ ယခုအခါ စမ်းသပ်မှု နောက်ဆုံးအဆင့် ပြီးစီးအောင်မြင်နေပြီဟုလည်း သိရပါကြောင်း၊ မြန်မာ့တိုင်းရင်းဆေးသမားတော်များသည် ခေတ်အဆက်ဆက် တိုင်းရင်းဆေးဝါးများကို အသုံးပြု၍ ပြည်သူလူထု၏ ကျန်းမာရေးကို စောင့်ရှောက်ပေးခဲ့ကြောင်း။

မိမိတို့နိုင်ငံ၏ ရိုးရာအမွေအနှစ်ဖြစ်သော မြန်မာ့တိုင်းရင်းဆေးပညာရပ်ကို အမျိုးသားယဉ်ကျေးမှုတစ်ရပ်အနေဖြင့် ထိန်းသိမ်းစောင့်ရှောက်သွားနိုင်ရန် ယခုကျင်းပမည့်ညီလာခံနှင့် နှီးနှောဖလှယ်ပွဲများ၌ ကြိုးပမ်းဆောင်ရွက်နိုင်ရန် စီစဉ်လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း။

မြန်မာ့တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံတော်က အထူးအားပေးဆောင်ရွက်နေသည့်အတွက် မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီအနေဖြင့် တိုင်းရင်းဆေးပညာရှင်များ၏ ဆေးပညာကျင့်ဝတ်ထိန်းသိမ်းခြင်းများကို ဤညီလာခံများမှ တစ်ဆင့် ကြိုးကြပ်ဆောင်ရွက်နိုင်စေရန် စီစဉ်ဆောင်ရွက်ပေးကြစေလိုကြောင်း။

ယခုကဲ့သို့သော မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲများကျင်းပပြီး မြန်မာ့တိုင်းရင်းဆေးပညာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို ပိုမိုတိုးတက်အောင်မြင်စေရန် ဦးတည်ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ ညီလာခံကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကျန်းမာရေးဝန်ကြီးဌာန၊ နီးနွှယ်ဆက်စပ်သော ဝန်ကြီးဌာနများမှ ပညာရှင်ကိုယ်စားလှယ်များ၊ ကဏ္ဍပေါင်းစုံမှကိုယ်စားလှယ်ကြီးများ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း။

**လိုအပ်ချက်များကို အတတ်နိုင်ဆုံးဖြည့်ဆည်း**

မြန်မာ့တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးလုပ်ငန်းများသည် နိုင်ငံတော်၏ MSME လုပ်ငန်းများတွင်လည်း တစ်စိတ်တစ်ပိုင်းပါဝင်သဖြင့် နိုင်ငံတော်၏ GDP တိုးတက်မြင့်မားစေရန် တစ်တပ်တစ်အား အထောက်အကူပြုနေကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း မြန်မာ့တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးလုပ်ငန်းများ၏ လိုအပ်ချက်များကို အတတ်နိုင်ဆုံးဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

(၂၁)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကော်မတီများအနေဖြင့် သက်ဆိုင်ရာအခန်းကဏ္ဍများမှ အင်တိုက်အားတိုက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဦးစီးကော်မတီဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း က (၂၁) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲ ကျင်းပရခြင်းနှင့် နှီးနှောဖလှယ်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေးနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းနှင့် လုပ်ငန်းကော်မတီအတွင်းရေးမှူး၊ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစုစုဒွေး တို့က နှီးနှောဖလှယ်ပွဲကြီး အောင်မြင်ခမ်းနားစွာကျင်းပနိုင်ရေးအတွက် ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီအလိုက် ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ညီလာခံများနှင့် နှီးနှောဖလှယ်ပွဲများကို နှစ်စဉ်ကျင်းပပြုလုပ်ခဲ့သည့် အခြေအနေများ၊ လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများ၊ ယခုနှစ် ညီလာခံနှင့် နှီးနှောဖလှယ်ပွဲကျင်းပပြုလုပ်သွားမည့် အသေးစိတ်အချက်အလက်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် လုပ်ငန်းကော်မတီများနှင့် ဆပ်ကော်မတီများက (၂၁)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးတင်ပြကြရာ ဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးသည်။

ယင်းနောက် ဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌက ဝန်ကြီးဌာနများအလိုက် မိမိတို့လုပ်ဆောင်ရမည့် လုပ်ငန်းများ လစ်ဟာမှုမရှိစေရေးအတွက် စနစ်တကျဆောင်ရွက်ကြရန်လိုကြောင်း၊ (၂၁) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှော ဖလှယ်ပွဲ ကျင်းပမည့်ကာလသည် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အခမ်းအနားကျင်းပရန် ပြင်ဆင်နေသည့်ကာလဖြစ်သည့်အတွက် ညီလာခံနှင့် နှီးနှောဖလှယ်ပွဲကြီးကိုလည်း ယခင်နှစ်များထက် ပိုမိုခမ်းနားစွာ ကျင်းပဆောင်ရွက်သွားနိုင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်းမှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




# ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း မိုးလေဝသ သတင်းထုတ်ပြန်နေမှုနှင့် သတင်းရိုက်ကူးရေး ဆောင်ရွက်နေမှုအခြေအနေများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၁၆**

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ဘက်စုံသဘာဝဘေးကြိုတင်သတိပေးဗဟိုဌာန(Multi Hazard Early Warning Centre) ၌ မိုးလေဝသ သတင်းထုတ်ပြန်နေမှုနှင့် သတင်းရိုက်ကူးရေးဆောင်ရွက်နေမှု အခြေအနေများကို ယနေ့ မွန်းလွဲပိုင်းတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း ကြည့်ရှုစစ်ဆေးသည်။

မိုးလေဝသဌာနခွဲ ခန့်မှန်းရေးဌာနစုနှင့် စတူဒီယိုဌာနစုတို့အား ကြည့်ရှုစစ်ဆေးစဉ် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က မိုးလေဝသသတင်းများ ထုတ်ပြန်နေမှုကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ခန့်မှန်းချက်များ တိကျမှန်ကန်စွာ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်နိုင်ရေး၊ တိုင်းထွာချက်မှတ်တမ်းများကို စနစ်တကျထားရှိရေး၊ အသုံးပြုနေသည့် စက်ကိရိယာများ၏ စွမ်းဆောင်နိုင်မှုစွမ်းအားပြည့် ရရှိရေးအတွက် သတ်မှတ်ထားသည့် လုပ်ငန်းများကို မပျက်မကွက် ပုံမှန်စစ်ဆေးဆောင်ရွက်သွားရေး၊ စက်ပစ္စည်းများ ချို့ယွင်းမှုရှိပါက အချိန်နှင့်တစ်ပြေးညီ ပြုပြင်နိုင်ရေးနှင့် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုမရှိစေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များနှင့်အညီ လိုက်နာနေထိုင်ရေးတို့ကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ၏ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်နိုင်ရေး စီးပွားရေးသံမှူးများ ပြည်ပနိုင်ငံများသို့ စေလွှတ်

**နေပြည်တော် နိုဝင်ဘာ ၁၆**

နိုင်ငံ့စီးပွား မြှင့်တင်နိုင်ရေးကို ရှေးရှု၍ နိုင်ငံအတွင်းသို့ ပြည်ပရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာရန်နှင့် ပြည်ပနိုင်ငံများနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အရှိန်မြှင့်တင်နိုင်ရန်အတွက် စီးပွားရေးသံမှူးများက အထူးကြိုးပမ်းဆောင်ရွက်ပေးကြရန်ဖြစ်ကြောင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်သည် ပြည်ပနိုင်ငံများတွင် သွားရောက်တာဝန်ထမ်းဆောင်ကြမည့် စီးပွားရေးသံမှူးများကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံအမှာစကား ပြောကြားစဉ် ထည့်သွင်းမှာကြားသည်။ (ယာပုံ)

**သေချာစွာ အသိပေးရှင်းပြ**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်နိုင်ရေးတို့ကို အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ စီးပွားရေးသံမှူးများကို ပြည်ပနိုင်ငံများသို့ စေလွှတ်တာဝန် ထမ်းဆောင်စေလျက်ရှိကြောင်း၊ စီးပွားရေးသံမှူးများသည် ကုန်သွယ်ရေးသာမက နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် သက်ဆိုင်သည့် အခြားစီးပွားရေးကဏ္ဍများအတွက်ပါ အလေးထား ဆောင်ရွက်ကြစေလိုကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့်လည်း နိုင်ငံ၏စီးပွားရေးအခြေအနေကောင်းများ ဖန်တီးနိုင်မှသာလျှင် နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဟု လမ်းညွှန်မှာကြားထားမှုရှိပါကြောင်း၊ သို့ဖြစ်ရာ နိုင်ငံကိုယ်စားပြု သွားရောက်တာဝန်ထမ်းဆောင်ကြခြင်းဖြစ်၍ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ပိုမိုအားကောင်းလာစေရေး ဆောင်ရွက်ကြရာတွင် နိုင်ငံတော်၏ ပကတိ အခြေအနေမှန်များကို သေချာစွာ အသိပေးရှင်းပြပေးကြစေလိုကြောင်း၊ ထို့ပြင် ပြည်ပတွင် သွားရောက်လုပ်ကိုင်နေကြသည့် မြန်မာအလုပ်သမားများ၏ လွှဲပို့ငွေများကို တရားဝင်ဘဏ်လမ်းကြောင်းဖြင့် လွှဲပို့နိုင်ရေးကိုလည်း ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးကြစေလိုကြောင်း၊ မိမိတို့ ရောက်ရှိတာဝန်ထမ်းဆောင်သောနိုင်ငံအပြင် အခြားကမ္ဘာ့နိုင်ငံများနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့် ဆောင်ရွက်လာစေရန် ကြိုးပမ်းကြစေလိုကြောင်း မှာကြားသည်။



**သက်ဆိုင်ရာနိုင်ငံများနှင့် ပူးပေါင်း**

ထို့နောက် ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးမောင်မောင်ဝင်းနှင့် ဒေါ်သန်းသန်းလင်းတို့က ဘဏ်လုပ်ငန်းပူးပေါင်းဆောင်ရွက်မှု၊ ကုန်သွယ်မှုတိုးမြှင့်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များတွင် သက်ဆိုင်ရာနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စရပ်များကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်နှင့် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(စစ်ကိုင်း)တို့တွင် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ပထမနှစ်သင်တန်းသား၊ သင်တန်းသူများအား အတည်ပြုရွေးချယ်

**နေပြည်တော် နိုဝင်ဘာ ၁၆**

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်နှင့် ပြည်ထောင်စုတိုင်းရင်းသား လူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (စစ်ကိုင်း) တို့တွင် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ပထမနှစ်သင်တန်းတက်ရောက်ကြမည့် သင်တန်းသား၊ သင်တန်းသူများ အတည်ပြုရွေးချယ်ခြင်းအခမ်းအနားကို နိုဝင်ဘာ ၁၄ ရက်မှ ၁၆ ရက်အထိ အဆိုပါတက္ကသိုလ်နှင့် ကောလိပ်တို့ရှိ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ သင်တန်းသား၊ သင်တန်းသူများ အတည်ပြုရွေးချယ်ခြင်းအခမ်းအနားသို့ သင်တန်းသားရွေးချယ်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ (၁) နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် ခွန်သန့်ဇော်ထူး၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်လင်းနှင့် တာဝန်ရှိသူများ တက်ရောက်ရွေးချယ်ပေးခဲ့ကြသည်။



နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် နယ်စပ်ဒေသရှိ တိုင်းရင်းသားလူငယ်များ၏ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်နှင့် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (စစ်ကိုင်း) တို့သို့ တက်ရောက်ကြမည့် သင်တန်းသား သင်တန်းသူများကို ရွေးချယ်ရာတွင် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း ၄၅ ကျောင်းမှ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး သတ်မှတ်အမှတ်ပြည့်မီသူများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများမှ ဝင်ခွင့်အရည်အချင်းသတ်မှတ်ချက်နှင့်ကိုက်ညီသော တိုင်းရင်းသား၊ တိုင်းရင်းသူများကို လူတွေ့စစ်ဆေးအတည်ပြု ရွေးချယ်ခဲ့ကြခြင်းဖြစ်သည်။

ယခုပညာသင်နှစ်တွင် သင်တန်းသားရွေးချယ်ရေးဗဟိုကော်မတီက စိစစ်ရွေးချယ်ပေးသည့် မြန်မာနိုင်ငံ တစ်ဝန်းရှိ ဝေးလံခေါင်းပါးသော နယ်စပ်ဒေသများမှ B.Ed ပညာရေးဘွဲ့ သင်တန်းအတွက် ၃၂၀နှင့် ဝိဇ္ဇာ၊ သိပ္ပံ၊ A.G.T.I ဒီပလိုမာသင်တန်းအတွက် ၃၆၂ ဦးတို့ကို စိစစ်အတည်ပြုပြီးပါက B.Ed ပညာရေးဘွဲ့ ၅ နှစ်၊ ဝိဇ္ဇာ၊ သိပ္ပံဘွဲ့ ၄ နှစ်၊ A.G.T.I ဒီပလိုမာ ၃ နှစ် သင်ကြားပေးသွားမည်ဖြစ်ပြီး ကျောင်းဆင်းပြီးချိန်တွင် ဒီပလိုမာဘွဲ့များ အပ်နှင်းပေးကာ B.Ed ဘွဲ့ရရှိသူများကို အထက်တန်းပြ ဆရာ၊ ဆရာမအဖြစ်လည်းကောင်း၊ ဝိဇ္ဇာ၊ သိပ္ပံ ၊ A.G.T.I ဒီပလိုမာရရှိသူများကို ဝန်ကြီးဌာနများတွင် အကြီးတန်းစာရေးနှင့်အဆင့်တူ ရာထူးနေရာများတွင်လည်းကောင်း နိုင်ငံ့ဝန်ထမ်းများအဖြစ် ခန့်အပ်တာဝန်ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် B.Ed သင်တန်းဆင်း ၁၄၀၅၈ ဦးနှင့် ဒီဂရီကောလိပ်ဆင်း နိုင်ငံဝန်ထမ်း ၄၆၉၈ ဦး ခန့်အပ်နိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ရွေးချယ်ပွဲအပြီးတွင် ဒုတိယဝန်ကြီးသည် ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများနှင့် သင်တန်းသား၊ သင်တန်းသူများကို ဘွဲ့နှင်းသဘင်ခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားပြီး သင်တန်းသား၊ သင်တန်းသူများထားရှိမည့် အိပ်ဆောင်များ၊ စာသင်ဆောင်များ၊ စားရိပ်သာများနှင့် သင်တန်းသား၊ သင်တန်းသူများ အာဟာရပြည့်လုံလောက်စွာ စားသုံးနိုင်ရေး မွေးမြူရေးနှင့် စိုက်ပျိုးရေးဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားခဲ့သည်။

**သတင်းစဉ်**

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

**နေပြည်တော် နိုဝင်ဘာ ၁၆**

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်ရှိနိုင်သည်။ **မိုး/ဇလ**

# ၂၀၂၂ မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ (ပြင်ဦးလွင်ပွဲစဉ်) တတိယနေ့ ဆက်လက်ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၆**

မြန်မာနိုင်ငံတွင် ထူးချွန်သော ဂေါက်သီးအားကစားသမားများ ပေါ်ထွက်လာစေရေး အတွက် မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေတို့က စီစဉ်၍ Mytel Operator၊ မြဝတီဘဏ်လီမိတက်နှင့် အင်းဝဘဏ်လီမိတက်တို့က အဓိကကူညီပံ့ပိုးသည့် ၂၀၂၂ ခုနှစ် မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ (ပြင်ဦးလွင်ပွဲစဉ်) တတိယနေ့ကို ယနေ့ နံနက်ပိုင်းက ပြင်ဦးလွင်မြို့ ချယ်ရီလွင်တပ်မတော် ဂေါက်ကွင်း၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲတတိယနေ့ အပြီးတွင် ပညာရှင်အဆင့်ပြိုင်ပွဲ၌ သိန်းနိုင်စိုး (HAN Golf Academy) က စုစုပေါင်းရိုက်ချက် ၂၀၉ ချက်ဖြင့် သတ်မှတ်ရိုက်ချက်ထက် ခုနစ်ချက်လျှော့ရိုက်ကာ ပထမ၊ မျိုးဝင်းအောင် (PRGR) နှင့် သိန်းဇော်မြင့် (Taylormade)တို့က စုစုပေါင်းရိုက်ချက် ၂၁၆ ချက်ဖြင့် ဒုတိယနေရာ၊ ဝါသနာရှင်အဆင့် (အမျိုးသား)ပြိုင်ပွဲတွင် လွင်မိုးက စုစုပေါင်းရိုက်ချက် ၂၁၄ ချက်ဖြင့် သတ်မှတ်ရိုက်ချက်ထက် နှစ်ချက်လျှော့ရိုက်ကာ ပထမ၊ ဇော်ဇော်ထွန်းက စုစုပေါင်းရိုက်ချက် ၂၁၆ ချက်ဖြင့် ဒုတိယ၊ လှိုင်မင်းထက်က စုစုပေါင်းရိုက်ချက် ၂၂၁ ချက်ဖြင့် သတ်မှတ် ရိုက်ချက်ထက် ငါးချက်ပိုရိုက်ကာ တတိယ၊ ဝါသနာရှင်အဆင့် အမျိုးသမီးပြိုင်ပွဲတွင် မိုးပြည့်စုံခင်က စုစုပေါင်းရိုက်ချက် ၁၅၁ ချက်ဖြင့် သတ်မှတ်ရိုက်ချက်ထက် ခုနစ်ချက်ပိုရိုက်ကာ ပထမ၊ တုန်ရန်ကြီးက စုစုပေါင်းရိုက်ချက် ၁၆၁ ချက်ဖြင့် ဒုတိယ၊ ဂျာလေးက စုစုပေါင်းရိုက်ချက် ၁၆၇ ချက်ဖြင့် တတိယတို့တွင်လည်းကောင်း အသီးသီး ရပ်တည်လျက်ရှိသည်။




ဝါသနာရှင်အဆင့် (အမျိုးသား)ပြိုင်ပွဲတွင် ဦးဆောင်နေသည့် လွင်မိုး။

ဓာတ်ပုံ-MGF

ပြိုင်ပွဲနောက်ဆုံးနေ့ကို နိုဝင်ဘာ ၁၇ ရက် (ယနေ့) တွင် ပြင်ဦးလွင်မြို့ ချယ်ရီလွင်တပ်မတော် ဂေါက်ကွင်း၌ ဆက်လက်ကျင်းပသွားမည် ဖြစ်သည်။ **ကိုညီလေး**

# အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ဒွါဒသမအစည်းအဝေး ပထမနေ့ ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ဒွါဒသမအစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့၊ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ၊ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ကျင်းပသည်။



အစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ သာသနာရေးဦးစီးဌာန၊ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်း/ အမှုထမ်းများ၊ တိုင်းဒေသကြီး/ ပြည်နယ် သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဘဒ္ဒန္တ ကုမာရာဘိဝံသက သဘာပတိအဖြစ် ဆောင်ရွက်တော်မူပြီး တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာဓဇက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်တော်မူသည်။

**အစည်းအဝေးအထမြောက်**

ဦးစွာ အခမ်းအနားမှူးဆရာတော်က အစည်းအဝေး စတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများ၏ အရေအတွက်ကို ဖတ်ကြားလျှောက်ထားပြီး အစည်းအဝေး အထမြောက်အောင်မြင်ကြောင်း ကြေညာသည်။

**ဩဝါဒကထာကိုမြွက်ကြား**

ဆက်လက်၍ နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသက အစည်းအဝေးဖွင့် သာရဏီယ ဩဝါဒကထာကို မြွက်ကြားတော်မူသည်။

**(သာရဏီယ ဩဝါဒကထာကို စာမျက်နှာ ၇ တွင် သီးခြားဖော်ပြထားပါသည်)**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။ **(အပေါ်ပုံ)**

ယင်းနောက် အဋ္ဌမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၊ ပထမအဖွဲ့ခွဲ၏ စတုတ္ထအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာအကျဉ်းကို တာဝန်ကျအဖွဲ့ခွဲ၏ကိုယ်စား တွဲဖက်အကျိုးတော်ဆောင်ဆရာတော်၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဣန္ဒာစရိယက တင်သွင်းလျှောက်ထားပြီး အဋ္ဌမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၊ ပထမအဖွဲ့ခွဲ၏စတုတ္ထအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာကို အဖွဲ့ဝင်ဆရာတော်များက ကဏ္ဍအလိုက် တင်သွင်းလျှောက်ထားသည်။

**ဝေဖန်ဆွေးနွေးဆုံးဖြတ်**

ဆက်လက်၍ ဝိနိစ္ဆယဆိုင်ရာကိစ္စများ၊ သာသနာရေးရာ ကိစ္စများကို တင်ပြလျှောက်ထားရာ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများက ဝေဖန်ဆွေးနွေး ဆုံးဖြတ်တော်မူကြပြီး အစည်းအဝေးကို နံနက် ၉ နာရီခွဲတွင် ရပ်နားသည်။

ထို့နောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ဒွါဒသမအစည်းအဝေး၊ ပထမနေ့၊ ဒုတိယပိုင်းကို မွန်းလွဲ ၁ နာရီတွင် ဆက်လက်ကျင်းပပြီး သာသနာရေးရာကိစ္စများကို တင်ပြလျှောက်ထားရာ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများက ဝေဖန်ဆွေးနွေး ဆုံးဖြတ်တော်မူကြပြီး အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရပ်နားသည်။

ယနေ့ အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများအား အရုဏ်ဆွမ်းအလှူရှင်အဖြစ် ဒေါ်ပြုံးဝေသီ (သဒ္ဓမ္မဇောတိကဓဇ) ၏ မွေးနေ့ကုသိုလ်အထိမ်းအမှတ်နှင့် နေ့ဆွမ်းအလှူရှင်အဖြစ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ (ငြိမ်း)၊ ဇနီး ဒေါ်ကြိုင်ကြိုင် အမှူးပြုသည့် ဓမ္မမိတ်ဆွေများက ဆက်ကပ်လှူဒါန်းခဲ့ကြသည်။ **သတင်းစဉ်**

# နေပြည်တော်ကို ပညာရေးမြို့တော်ဖြစ်အောင် ဆောင်ရွက်သွားမည်ဖြစ်ရာ ကျောင်းသားကျောင်းသူများကို နိုင်ငံတော်က အားထားရသည့် အရည်အသွေးပြည့်ဝသော ပညာတတ်များဖြစ်အောင် ပြုစုပျိုးထောင်ပေး

နေပြည်တော် နိုဝင်ဘာ ၁၆

**တက္ကသိုလ်ကျောင်းအပ်လက်ခံမှုများကို ယခင်က နိုဝင်ဘာ ၁၈ ရက် နောက်ဆုံးထားအပ်နှံရန် သတ်မှတ်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် နောက်ကျနေသည့် ကျောင်းသား ကျောင်းသူများ ကျောင်းအပ်နှံနိုင်ရေးအတွက် နိုဝင်ဘာလကုန်အထိ စနေ၊ တနင်္ဂနွေရက်များ အပါအဝင် ကျောင်းအပ်လက်ခံ ဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်း၊ နိုဝင်ဘာလ နောက်ပိုင်းတွင် ကျောင်းအပ်လက်ခံမည်မဟုတ်ပါကြောင်း ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာနရှိ ရုံးအမှတ် (၁၃) အစည်းအဝေးခန်းမ၌ ကျင်းပသည့် ပညာရေးဝန်ကြီးဌာန၏ တက္ကသိုလ်၊ ဒီဂရီကောလိပ်များရှိ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက ပြောကြားသည်။**

**ပိုမိုထူးချွန်ထက်မြက်လာအောင်ပြုစု**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် သင်ကြားသင်ယူရေးသည် အရေးကြီးပါကြောင်း၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၏ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်ကို သင်ကြားသင်ယူမှုအောင်မြင်အောင် ဆရာ ဆရာမများအနေဖြင့် စိတ်သစ်၊ ကိုယ်သစ်ဖြင့် ဝိုင်းဝန်းလက်တွဲကြိုးပမ်း ဆောင်ရွက်ကြစေလိုပါကြောင်း၊ တက္ကသိုလ်အသီးသီးရှိ ကွန်ပျူတာဌာနများက မိမိတို့ကျောင်းရှိ အရာထမ်း၊ အမှုထမ်းများ၏ ကိုယ်ရေးအချက်အလက်များကို လစဉ် update ဖြည့်သွင်းဆောင်ရွက်ထားကြရမည်ဖြစ်ပါကြောင်း၊ ဆရာ ဆရာမများအနေဖြင့် ညံ့သူကို တော်လာအောင်၊ တော်သူကို ပိုမိုထူးချွန်ထက်မြက်လာအောင် ပြုစုပျိုးထောင်သင်ကြားပေးစေလိုပါကြောင်း၊ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များအနေဖြင့် စာသင်ခန်းများတွင် သင်ကြားသင်ယူနေမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေး၍ သင်ကြားသင်ယူမှုဖွံ့ဖြိုးတိုးတက်ရေး ကြိုးကြပ်ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ တက္ကသိုလ်များအတွက် ခွဲဝေရရှိထားသည့် သင်ထောက်ကူပစ္စည်းများကို အကျိုးရှိထိရောက်အောင် သုံးစွဲဆောင်ရွက်ကြစေလိုပါကြောင်း၊ သုံးစွဲမှုမှတ်တမ်းများကိုလည်း စနစ်တကျ ထားရှိကြရမည်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ တက္ကသိုလ်ပညာသင်နှစ်အစမှစတင်၍ ကျောင်းသား ကျောင်းသူများကို စေတနာအပြည့်ဖြင့် အမှန်တကယ်တတ်အောင် သင်ကြားပေးကြစေလိုပါကြောင်း ပြောကြားသည်။

**ပါရဂူတန်းဖွင့်လှစ်ရေး**

ဆက်လက်၍ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က စိန်ရတုလွတ်လပ်ရေးနေ့ ပြခန်းများတွင် တက္ကသိုလ်များ၏ သိပ္ပံပြခန်းများ ထိရောက်စွာ ပြသရေး၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (MSME) ကို အထောက်အကူပြုမည့် အသုံးချဘာသာရပ်များ တိုးချဲ့ဖွင့်လှစ်ရေး၊ တိုင်းဒေသကြီး၊ ပြည်နယ်တစ်ခုလျှင် အနည်းဆုံးတက္ကသိုလ်တစ်ခုတွင် ပါရဂူတန်းဖွင့်လှစ်ရေး၊ အသုံးချသုတေသန ဆောင်ရွက်ရေး အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုးဝင်းနှင့် အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းထွန်းတို့က တက္ကသိုလ်ကျောင်းများ ပြန်လည်ဖွင့်လှစ်စဉ် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။



ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် Naypyitaw State Academy သို့ သွားရောက်၍ ကျောင်းသား ကျောင်းသူများ၏ လက်တွေ့ခန်းတွင် လေ့ကျင့်သင်ယူနေမှုများနှင့် ဘာသာရပ်ဌာနအသီးသီးတွင် သင်ကြား၊ သင်ယူနေမှုများကို လှည့်လည်ကြည့်ရှုကာ **(အပေါ်ပုံ)** ကျောင်းသားကျောင်းသူများကို ရင်းရင်းနှီးနှီးတွေ့ဆုံပြီး မိမိသင်ယူလေ့လာသော ပညာရပ်များကို ရှင်းလင်းစွာ နားလည်တတ်မြောက်အောင် တက်ကြွစွာ သင်ယူလေ့လာကြရန် မှာကြားကာ အားပေးစကား ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် တက္ကသိုလ်အစည်းအဝေးခန်းမတွင် ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများနှင့် တွေ့ဆုံ၍ Naypyitaw State Academy ကို ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်တို့ကဲ့သို့ ထိပ်တန်းတက္ကသိုလ်ဖြစ်အောင် ဆောင်ရွက်မည်ဖြစ်ရာ ဆရာ ဆရာမ အရည်အသွေး၊ ကျောင်းသားကျောင်းသူ အရည်အသွေးတိုးတက်ရေး ပိုမိုကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ကျောင်းသား ကျောင်းသူများ၏ သွားလာရေးမှစ၍ လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ နေပြည်တော်ကို ပညာရေးမြို့တော်ဖြစ်အောင် ဆောင်ရွက်သွားမည်ဖြစ်ရာ ဆရာ ဆရာမများအနေဖြင့် ကျောင်းသား ကျောင်းသူများကို နိုင်ငံတော်က အားထားရသည့် အရည်အသွေးပြည့်ဝသော ပညာတတ်များဖြစ်အောင် ပြုစုပျိုးထောင်သင်ကြားပေးကြစေလိုပါကြောင်းမှာကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မန္တလေးမြို့၊ ဗန်းမော်ကျောင်းတိုက်ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ မဟာထေရ်မြတ် မိန့်ကြားတော်မူအပ်သော အစည်းအဝေးဖွင့် သာရဏီယ သြဝါဒကထာ

[ ၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက် (၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်) အင်္ဂါနေ့]

အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ဒွါဒသမ အစည်းအဝေးသို့ ကြွရောက်တော်မူလာကြကုန်သော နိုင်ငံတော် သံဃမဟာနာယကဆရာတော် အရှင်မြတ်တို့ဘုရား။

ဆရာတော်အရှင်မြတ်တို့သည် ကိုယ်စိတ်နှစ်ဖြာ ကြည်သာ ရွှင်လန်း ကျန်းမာချမ်းသာစွာဖြင့် **"သာသနာတော် သန့်ရှင်း၊ တည်တံ့၊ ပြန့်ပွားရေး"** ဟူသော သာသနာတော်အရေးသုံးပါးတို့ကို ကြိုးစား အားထုတ်တော်မူနိုင်ကြပါစေဟု မေတ္တာပုဗ္ဗင်္ဂမ အာသီသပတ္ထနာ ပြုလျက် နှုတ်ခွန်းဆက်သအပ်ပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား–**

တပည့်တော်တို့ သဗ္ဗညုတဉာဏ်ရှင် ဂေါတမဘုရားရှင်သည် ဒီပင်္ကရာ မြတ်စွာဘုရားပွင့်တော်မူစဉ်က သုမေဓာရှင်ရသေ့ဘဝဖြင့် နိယတဗျာဒိတ်ပန်းကို ဆင်မြန်းတော်မူစဉ်ကပင် သာဝကပါရမီ ဉာဏ်ဖြင့် နိဗ္ဗာန်သောင်နန်း တစ်ဖက်ကမ်းသို့ ကူးယူလျှင်ရနိုင်သော်လည်း တစ်ဦးတည်းကူးမြောက်လျှင် အကျိုးမများနိုင်၊ သဗ္ဗညုတ ရွှေဉာဏ်တော်ကို ရယူနိုင်ပါမှ တရားမြတ်ဒေသနာဖောင်စကြာဖြင့် သတ္တဝါဝေနေယျတို့ကို သံသရာဝဲဂယက်မှ ထုတ်ဆောင်ပြီး အမတ ခေမာ ကျွန်းသာယာသို့ တင်ကာပို့မည် စိတ်ကရည်၍ **"တိဏ္ဏော တာရေယျံ၊ မုတ္တော မောစေယျံ၊ ဗုဒ္ဓေါ ဗောဓေယျံ"** ဟူသော သုံးခွန်းသော စကားတို့ကို ရွှေနှုတ်တော်ဖွင့် ကျူးရင့်တော်မူကာ လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလကြာအောင် လူသာမန်တို့ အလွန်တရာ ရှာမှီးနိုင်ခဲသော ပါရမီဆယ်ပါး၊ စွန့်ခြင်းကြီးငါးပါးစသော ပါရမီတော်တို့ကို ဖြည့်ကျင့်တော်မူလျက် သဘာဝတရားတို့၏ အဆုံးစွန်သော သဘောလက္ခဏာတို့ကို ဟုတ်တိုင်းမှန်စွာ သိခြင်းငှါစွမ်းနိုင်သော "သမ္မာသမ္ဗောဓိ" ဆုကြီးကို ဆွတ်ခူးအောင်မြင်တော် မူခဲ့ပါသည်ဘုရား။

သတ္တဝါဝေနေယျတို့ အကျိုးစီးပွားဖြစ်ထွန်းဖို့ရန် ထားရစ်တော်မူခဲ့သော မြတ်စွာဘုရားရှင်၏ အဆုံးအမဒေသနာတော်တို့သည် ရှေးမဟာထေရ်အစဉ်အဆက်တို့ လက်ဆင့်ကမ်း ထိန်းသိမ်းစောင့် ရှောက်ခဲ့၍သာ တပည့်တော်တို့အနေဖြင့် ယခုလို သာသနာတော်မြတ်ကြီး၏ "သန့်ရှင်း၊ တည်တံ့၊ ပြန့်ပွားရေး" ဟူသော တာဝန်ကြီး သုံးရပ်တို့ကို ဘုန်းကံတရားကြီးမားစွာဖြင့် ထမ်းဆောင်ခွင့်ရနေကြခြင်း ဖြစ်ပါသည်ဘုရား။

ယင်းသို့ထမ်းဆောင်ကြရာ၌လည်း ရှေ့တန်းမှ မားမားရပ်၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့တွင် တာဝန်ယူထမ်းဆောင်ခွင့် ရကြခြင်းသည် ဘဝသံသရာဝယ် ကြီးကျယ်မြင့်မြတ်လှသော တာဝန်ကြီးကို ထမ်းဆောင်နေကြရခြင်းဖြစ်သည်ဟု မှတ်ယူစေချင်ပါသည် ဘုရား။ ဘုရားရှင်၏ တပည့်သား သာဝက အဆက်ဆက်တို့ ခေတ်အဆက်ဆက် တာဝန်ကျေကျေ ထမ်းဆောင်ခဲ့ကြ၍သာ ယနေ့ အချိန်ထိတိုင်အောင် ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓ ဟူသော သာသနာ တော်သုံးရပ် တည်ရှိနေခြင်းဖြစ်ကြောင်း လျှောက်ထားလိုပါသည် ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား–**

ထိုသို့ သဗ္ဗညုတဘုရားရှင်၏ သာသနာတော်မြတ်ကြီး နှစ်ငါးထောင်မက တည်တံ့နေစေရန် သံဃာ့အဖွဲ့အစည်းကြီးတွင် ထိပ်ဆုံးနေရာမှ ပါဝင်ကာ တာဝန်ယူ ထမ်းဆောင်နေကြသော ဘုရား တပည့်တော်တို့ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်များ အနေဖြင့်လည်း ကိုယ်တိုင်လည်း စွမ်းအားရှိသမျှ လုံ့လကြိုးကုတ် အားထုတ်ကြသလို တပည့်တော်တို့၏ မျိုးဆက်သစ် ရှင်ငယ်၊ ရဟန်း ငယ်တို့အား လိုက်နာကျင့်သုံးစေရာ၌ဖြစ်စေ၊ တပည့်ဒါယကာ၊ ဒါယိကာမတို့အား ကမ္မဋ္ဌာန်းပေးရာ၌ဖြစ်စေ အမှားအယွင်း အတိမ်း အစောင်း ကင်းစေရန်နှင့် ရှင်ငယ်၊ ရဟန်းငယ်တို့အား ထိန်းကျောင်း ရာ၌ လွယ်ကူချောမွေ့စေရန် **"ပဋိပတ် မကင်းသော ပရိယတ်ဖြစ်ရန် လိုအပ်သလို ပရိယတ်မကင်းသော ပဋိပတ်ဖြစ်ရန်လည်း အထူး လိုအပ်လျက်ရှိသည်"** ဆိုသည့်အချက်ကို သတိချပ်ရမည်ဖြစ်ပါသည် ဘုရား။

ထို့အတူ တပည့်တော်တို့ နိုင်ငံတော်သံဃမဟာနာယက အရှင် မြတ်တို့အနေဖြင့် ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်ရာတွင် မှန်ကန်တည့်မတ်စေဖို့အတွက် အပ္ပမာဒတရား လက်ကိုင်ထားကာ သတိသမ္ပဇဉ် ဉာဏ်ယှဉ်၍ ဆောင်ရွက်ရမည်ဖြစ် သည်ကိုလည်း အထူးအလေးထား လျှောက်ထားလိုပါသည်ဘုရား။



ဗန်းမော်ကျောင်းတိုက်ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ

**ဆရာတော်အရှင်မြတ်တို့ဘုရား–**

တပည့်တော်တို့ နိုင်ငံတော်သံဃမဟာနာယကဆရာတော် အရှင် မြတ်တို့သည်–

**ပိယော ဂရု ဘာဝနီယော၊ ဝတ္တာ စ ဝစနက္ခမော။**

**ဂမ္ဘီရဉ္စ ကထံ ကတ္တာ၊ နော စဋ္ဌာနေ နိယောဇကော** – ဟူသော အင်္ဂုတ္တရ ပါဠိတော်၊ သတ္တကနိပါတ်၊ ဒေဝတာဝဂ်၊ ဒုတိယမိတ္တာသုတ်၌ လာသော ပိယ၊ ဂရု၊ ဘာဝနီယ စသော ဂုဏ်အင်္ဂါအရည်အချင်း (၇) ရပ်တို့နှင့် ပြည့်စုံအောင် ကျင့်ကြံကြိုးကုတ် အားထုတ်ဆောင်ရွက် သင့်ပါကြောင်း လျှောက်ထားလိုပါသည်ဘုရား။ ယင်းဂုဏ်အင်္ဂါ (၇) ရပ်တို့တွင်–

(၁) **ပိယဂုဏ်ဆိုသည်မှာ** သီတင်းသုံးဖော်တို့က ချစ်ခင်နှစ်လို ကြည်ညိုအပ်သော ဂုဏ်ဖြစ်ပါသည်။ ဘုရားတပည့်တော်တို့ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်များသည် သံဃာ့ အဖွဲ့အစည်းအဆင့်ဆင့်၏ ချစ်ခင်နှစ်လိုကြည်ညိုမှု၊ ရဟန်း ရှင်လူ ပြည်သူပြည်သားများ၏ ချစ်ခင်နှစ်လို ကြည်ညိုမှုကို ခံထိုက်သောပုဂ္ဂိုလ်များ ဖြစ်စေကြရပါမည်ဘုရား။

(၂) **ဂရုဂုဏ်ဆိုသည်မှာ** သီတင်းသုံးဖော်တို့က ရိုသေလေးစား အပ်သော ဂုဏ်ဖြစ်ပါသည်ဘုရား။ ဘုရားတပည့်တော်တို့ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်များသည် သံဃာ့ အဖွဲ့အစည်း အဆင့်ဆင့်၏ ရိုသေလေးစားမှု၊ ရဟန်းရှင်လူ ပြည်သူပြည်သား အများစု၏ ရိုသေလေးစားမှုကို ခံထိုက် သော ဂရုဂုဏ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်များ ဖြစ်စေကြရပါမည် ဘုရား။

(၃) **ဘာဝနီယဂုဏ်ဆိုသည်မှာ "ဘာဝနီယောတိ အဒ္ဓါ အယမာ ယသ္မာ ဇာနံ ဇာနာတိ၊ ပဿံ ပဿတီတိ သမ္ဘာဝနီယော"** ဟူသော အဋ္ဌကထာအဖွင့်အရ "ဤအရှင်သည် မချွတ်ကေန် သိသင့်သည်ကို သိတတ်၊ မြင်သင့်သည်ကို မြင်တတ်ပါပေ သည်" ဟု ချီးမွမ်းထိုက်သော ဂုဏ်ဖြစ်ပါသည်ဘုရား။ တပည့်တော်တို့ နိုင်ငံတော်သံဃမဟာနာယက ဆရာတော် များသည် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်နှင့် ရဟန်းရှင်လူ ပြည်သူပြည်သားအများစုက "ဤဆရာတော်များသည် ဓမ္မဝိနယနှင့် ညီ/မညီစသည့် သိမြင်သင့် သိမြင်ထိုက်သည် များကို သိမြင်တော်မူကြသည့် ဆရာတော်များ ဖြစ်ကြ ပါပေသည်။ သိမြင်တော်မူကြသည့်အတိုင်း ဓမ္မဝိနယနှင့် အညီ ဆောင်ရွက်တော်မူကြသော ဆရာတော်များဖြစ်ကြပါ ပေသည်" ဟု ချီးမွမ်းထိုက်သည့် ဘာဝနီယဂုဏ်နှင့် ပြည့်စုံ စေကြရပါမည်ဘုရား။

(၄) **ဝတ္တာဂုဏ်ဆိုသည်မှာ "ဝတ္တာတိ ဝစနကုသလော"** ဟူသော အဋ္ဌကထာ အဖွင့်အရ စကားအရာ၌ လိမ္မာပါးနပ်စွာ ပြောဆို တတ်သော ဂုဏ်ဖြစ်ပါသည်။ တပည့်တော်တို့ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်များသည် သံဃာ့အဖွဲ့ အစည်း အဆင့်ဆင့်၊ ရဟန်းရှင်လူ၊ ပြည်သူအများနှင့် ဆက်ဆံပြောဆိုနေကြရသော ပုဂ္ဂိုလ်များဖြစ်သည့် အားလျော်စွာ စကားပြောဆိုရာတွင် လိမ္မာပါးနပ်စွာ ပြောဆို ဆက်ဆံနိုင်သော ဂုဏ်နှင့် ပြည့်စုံစေကြရပါမည်ဘုရား။

(၅) **ဝစနက္ခမဂုဏ်ဆိုသည်မှာ "ဝစနက္ခမောတိ ဝစနံ ခမတိ၊ ဒိန္နံ သြဝါဒံ ကရောတိ"** ဟူသော အဋ္ဌကထာအဖွင့်အရ ပညာရှိသူများ၏ ပြောဆိုဆုံးမမှုကို နာခံနိုင်သည့်ဂုဏ်၊ ပြောဆိုဆုံးမ သြဝါဒကို လိုက်နာပြုကျင့်နိုင်သည့်ဂုဏ် ဖြစ်ပါသည်ဘုရား။ တပည့်တော်တို့ နိုင်ငံတော်သံဃမဟာ နာယကဆရာတော်များသည် နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်ကြီးများ၊ အခြားသြဇာတိက္ကမရှိသော ပညာရှိ ဆရာတော်ကြီးများ၏ ပြောဆိုဆုံးမမှုကို ခံယူနိုင်သည့်ဂုဏ်၊ ပြောဆိုဆုံးမသြဝါဒကို လိုက်နာကျင့်ဆောင် နိုင်သည့်ဂုဏ် နှင့် ပြည့်စုံစေကြရပါမည်ဘုရား။ ထို့အပြင် ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်းကြီးနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အဖွဲ့တို့က ပြဋ္ဌာန်းထားသော စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဆက်ဆက်က ထုတ်ပြန်ထားသော ညွှန်ကြားချက်၊ ညွှန်ကြားလွှာများကိုလည်း မိမိတို့ကိုယ်တိုင်က လေးလေး စားစား တိတိကျကျ လိုက်နာဆောင်ရွက်ကြရမည် ဖြစ်ပါ သည်ဘုရား။

(၆) **ဂမ္ဘီရကထာကတ္တာဂုဏ်ဆိုသည်မှာ "ဂမ္ဘီရဉ္စ ဂုယှံ ရဟဿံ ဈာန နိဿိတံ ဝိပဿနာမဂ္ဂဖလနိဗ္ဗာနနိဿိတံ "** ဟူသော အဋ္ဌကထာ အဖွင့်အရ သိမ်မွေ့နက်နဲသော ဈာန်၊ ဝိပဿနာ၊ မဂ်၊ ဖိုလ်၊ နိဗ္ဗာန်နှင့် စပ်သောစကားကို ပြောဆိုသမှုပြုလုပ် တတ်သော ဂုဏ်ဖြစ်ပါသည်။ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် ရှိသံဃနာယကအဖွဲ့များ၏ လုပ်ငန်းအရ စဉ်းစားတွေးခေါ်မှု၊ မိန့်ကြားပြောဆိုမှု၊ ပြုမူဆောင်ရွက်မှုတို့ကိုလည်း အလျော် အားဖြင့် သွင်းယူသင့်ပါသည်ဘုရား။ သို့ဖြစ်၍ တပည့်တော် တို့ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်များ၏ စဉ်းစားတွေးခေါ်မှု၊ မိန့်ကြားပြောဆိုမှု၊ ပြုမူ ဆောင်ရွက်မှု ဟူသမျှတို့သည် မဟာနာယကအဖွဲ့၏ ဂုဏ်ရည်နှင့် ညီမျှ အောင် လေးနက်မှု၊ လျော်ကန်သင့်မြတ်မှုရှိစေရန် သတိ ထားပြုသင့်ပါကြောင်း လျှောက်ထားလိုပါသည်ဘုရား။

(၇) **အဋ္ဌာန အနိယောဇနဂုဏ်** ဆိုသည်မှာ စေခိုင်းတိုက်တွန်းသင့် သော အရာဋ္ဌာနမဟုတ်သည့် အကျိုးမဲ့လုပ်ရပ်များ၌ "မစေ ခိုင်း၊ မတိုက်တွန်းသည့် ဂုဏ်" ဖြစ်ပါသည်။ တပည့်တော်တို့ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်များသည် သံဃာ့ အဖွဲ့အစည်း၊ ရဟန်းရှင်လူတို့ကို သင့်လျော်ရာဋ္ဌာနမဟုတ် သည့် အကျိုးမဲ့ကိစ္စများ၌ မစေခိုင်း မတိုက်တွန်းမိစေရန် လျှောက်ထားလိုပါသည်ဘုရား။

**နိုင်ငံတော်သံဃမဟာနာယက ဆရာတော်အရှင်မြတ်တို့ဘုရား–**

ဤဂုဏ်အင်္ဂါအရည်အချင်း (၇) ရပ်တို့သည် တပည့်တော်တို့ နိုင်ငံတော် သံဃမဟာနာယကဆရာတော်များ အမြဲလက်ကိုင်ပြုကာ လိုက်နာကျင့်သုံးရမည့် မြတ်စွာဘုရားရှင်၏ နည်းပေးလမ်းညွှန်ချက် များ ဖြစ်ပါကြောင်း လျှောက်ထားလိုပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား–**

နိဂုံးချုပ်အနေဖြင့် လျှောက်ထားလိုသည်မှာ ဘုရားရှင်နှင့် ရှေးရှေး ကျေးဇူးတော်ရှင် ဆရာထေရ်ရှင်တို့၏ ကျေးဇူးဂုဏ်များကို တတ်နိုင် သမျှ ကျေပွန်အောင် ဆပ်နိုင်ဖို့ဆိုလျှင် သဒ္ဓမ္မသုံးဖြာသာသနာတော် မြတ်ကြီး အစွန့်ရှည်အောင် ထမ်းဆောင်နေကြရန်သာ ဖြစ်ပါသည် ဘုရား။ သို့ဖြစ်ရာ ဘုရားတပည့်တော် လျှောက်ထားခဲ့သော ပိယ၊ ဂရု၊ ဘာဝနီယ စသော ဂုဏ်အင်္ဂါ အရည်အချင်း (၇) ရပ်တို့နှင့် ပြည့်စုံ အောင် ကိုယ်တိုင်လည်းကြိုးစားအားထုတ်၍ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်နှင့် ရဟန်းရှင်လူ ပြည်သူပြည်သားအများကိုလည်း ပြည့်စုံ စေရေး တိုက်တွန်းဆုံးမနိုင်ကြရန် လိုအပ်ပါကြောင်း လျှောက်ထားရင်း ဘုရားတပည့်တော်၏ အစည်းအဝေးဖွင့် သာရဏီယ သြဝါဒကထာ ကို နိဂုံးကမ္ပတ် အဆုံးသတ်အပ်ပါသည် ဆရာတော် သံဃာတော် အရှင်မြတ်တို့ဘုရား။

ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ
ဥက္ကဋ္ဌဆရာတော်
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့

# ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်နှင့် ဒေါက်တာမျိုးသိန်းကျော်တို့ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ မော်စကိုမြို့ရှိ Obninsk တက္ကသိုလ်၊ Rosatom Technical Academy နှင့် Obninsk Nuclear Power Plant သို့ သွားရောက်လေ့လာ



နေပြည်တော် နိုဝင်ဘာ ၁၆

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ရောက်ရှိနေသည့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်နှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်တို့ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးလွင်ဦး၊ တာဝန်ရှိသူများနှင့်အတူ နိုဝင်ဘာ ၁၅ ရက်က မော်စကိုမြို့ရှိ Obninsk တက္ကသိုလ်၊ Rosatom Technical Academy နှင့် ကမ္ဘာ့ပထမဆုံး နျူကလီးယား ဓာတ်အားပေးစက်ရုံ Obninsk Nuclear Power Plant တို့သို့ သွားရောက်လေ့လာကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးများ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် Obninsk တက္ကသိုလ်သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ် Alexey Panov Tatiana Osipova နှင့် တာဝန်ရှိသူတို့က နိုင်ငံပေါင်း ၆၈ နိုင်ငံမှ ပညာတော်သင် ကျောင်းသား ကျောင်းသူများကို စာတွေ့ လက်တွေ့ လေ့ကျင့်သင်ကြားပေးနေမှု၊ တက္ကသိုလ်တွင် ဖွဲ့စည်းထားရှိသော ဌာနတစ်ခုချင်းစီ၏ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများက နှုတ်ခွန်းဆက်စကားများ ပြောကြားပြီး တက္ကသိုလ်နှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းကြသည်။

ယင်းနောက် မြန်မာကိုယ်စားလှယ်အဖွဲ့သည် Obninsk တက္ကသိုလ်အတွင်း Engineering၊ Obninsk Institute For Nuclear Power၊ Rosatom Resource Center တို့ကိုလည်းကောင်း၊ Innovation and Technology Center ရှိ Design Laboratories and student office တို့ကိုလည်းကောင်း၊ Nuclear Power Plant Sinmulator များ၊ Pharmaceutical Center for Practical Competencies and Training and Simulation Center တို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှုလေ့လာကြပြီး တာဝန်ရှိသူများ၏ လိုက်လံရှင်းလင်းပြသမှုများအပေါ် သိရှိလိုသည်များကို ပြန်လည်မေးမြန်း ဆွေးနွေးကြကာ အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ကြ၍ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ Rosaton Technical Academy သို့ သွားရောက်လေ့လာကြရာ တက္ကသိုလ်ရှင်းလင်းဆောင်၌ ပါမောက္ခချုပ် Yuri Seleznev က တက္ကသိုလ်ဆိုင်ရာ အချက်အလက်များ၊ ဘာသာရပ်ဆိုင်ရာများအလိုက် လေ့ကျင့်သင်ကြားပေးမှုများ၊ သင်တန်းသားများကို စာတွေ့လက်တွေ့ သင်ကြားပေးနေမှုများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှုအခြေအနေများကို ပါဝါပွိုင့်များဖြင့် ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးကြပြီး လက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်သည်။

ထို့နောက် အဆိုပါတက္ကသိုလ်အတွင်း စာပေဌာနတစ်ခုချင်းစီအလိုက် စာတွေ့လက်တွေ့ လေ့ကျင့်သရုပ်ပြသမှုများ၊ ဓာတ်ခွဲစမ်းသပ်ခန်းများ၊ ဆေးပညာရပ်ဆိုင်ရာ လေ့ကျင့် သင်ကြားပေးနေမှုများ၊ နျူကလီးယား စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံတည်ဆောက်ပုံ အဆင့်ဆင့်ကို 3D နည်းပညာဖြင့် ရှင်းလင်းပြသမှုများကို လိုက်လံကြည့်ရှုလေ့လာကြရာ သက်ဆိုင်ရာ တာဝန်ရှိသူများက အသေးစိတ် ရှင်းလင်းပြသကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကာလုကာခရိုင်ရှိ ကမ္ဘာ့ပထမဆုံး နျူကလီးယား ဓာတ်အားပေးစက်ရုံ Obninsk Nuclear Power Plant အား သွားရောက်ကြည့်ရှု လေ့လာခဲ့ကြသည်။

အဆိုပါ Obninsk Nuclear Power Plant သည် ၁၉၅၁ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၁၉၅၄ ခုနှစ်တွင် စက်ရုံစတင်လည်ပတ်ခဲ့သည်။ 6 MW တပ်ဆင်အင်အားရှိသည့်စက်ရုံမှ ၁၉၅၄ ခုနှစ်တွင် မဟာဓာတ်အားလိုင်းနှင့် ချိတ်ဆက်ပြီး စတင်ဓာတ်အားဖြန့်ဖြူးခဲ့သည်။ ၂၀၀၂ ခုနှစ်တွင် ဓာတ်အားပေးစက်ရုံ ဓာတ်အားထုတ်လုပ်ခြင်းအား ရပ်ဆိုင်းထားပြီး ပြန်လည်မွမ်းမံခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ နှစ်ပေါင်း ၄၈ နှစ်ကြာသည့်တိုင်အောင် လည်ပတ်မောင်းနှင်ခဲ့ရာတွင် မည်သည့်ထိခိုက်မှု တစ်စုံတစ်ရာမျှမရှိဘဲ နိုင်ငံတကာမှ အလေးထား လာရောက်လေ့လာနေရသည့် စက်ရုံတစ်ခုလည်းဖြစ်သည်။ ယခုအခါတွင် စက်ရုံအား ပြတိုက်အဖြစ် ဆောင်ရွက်ထားရှိပြီး Hight Power Channel Type Reactor သုံး ဓာတ်အားပေးစက်ရုံ အမျိုးအစားဖြစ်ကြောင်း သိရှိရသည်။

သတင်းစဉ်

# ပန်းခင်းစီမံချက်သည် နောင်ကျင်းပမည့် ရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့်ရှိသူ နိုင်ငံသားတိုင်း နိုင်ငံသားဖြစ်မှုဆိုင်ရာ ကိုင်ဆောင်ကတ်ပြားတစ်မျိုးမျိုး ကိုင်ဆောင်မဲပေးနိုင်ရေးအတွက် ဆောင်ရွက်ပေးခြင်းဖြစ်

နေပြည်တော် နိုဝင်ဘာ ၁၆

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် သည် တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းက ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရှမ်းပြည်နယ် ဒုတိယပြည်နယ်ဦးစီးမှူးရုံးသို့ သွားရောက်၍ ဝန်ထမ်းများအား တွေ့ဆုံသည်။**



တွေ့ဆုံစဉ် ဒုတိယပြည်နယ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးစိုးလင်းအောင်က ရှမ်းပြည်နယ် (မြောက်ပိုင်း) အတွင်း ပန်းခင်းစီမံချက် ဆောင်ရွက်ပြီးစီးမှုနှင့် “ဝ” အထူးဒေသအတွင်း ကွင်းဆင်းဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များ၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) အတွင်းရှိ မြို့နယ်ဦးစီးမှူးရုံးများ၏ နိုင်-၄ နှင့် အိမ်ထောင်စုလူဦးရေ စာရင်းပါ အချက်အလက်များအား ကွန်ပျူတာဖြင့် ဖြည့်သွင်း၍ ရုံးချုပ် Server သို့ ပေးပို့ဆောင်ရွက်ပြီးစီးမှု၊ ခရိုင်/မြို့နယ်အလိုက် မြေပြင်လူဦးရေစာရင်းအား ဆက်စပ်ဌာနများနှင့် တိုက်ဆိုင်စစ်ဆေးပေါင်းစပ်ဆောင်ရွက်နေမှုနှင့် ဖြည့်ဆည်းပေးရန် လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး မိမိတို့ဝန်ကြီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ပန်းခင်းစီမံချက်သည် ပြီးခဲ့သည့် နိုဝင်ဘာ ၃ ရက်တွင် သတ်မှတ်ကာလပြည့်ပြီဖြစ်သော်လည်း အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံသားကတ်ထုတ်ပေးရန် ကျန်ရှိနေသူများအတွက် ပန်းခင်းစီမံချက် အဆင့် (၂) ဖြင့် ဆက်လက်ဆောင်ရွက်ကြရန် ဖြစ်ပါကြောင်း၊ ထို့အတူ ရှမ်းပြည်နယ် (မြောက်ပိုင်း) “ဝ” အထူးဒေသအတွင်း ဆောင်ရွက်ရန်ကျန်သည့် နိုင်ငံသားစိစစ်ရေး လုပ်ငန်းစဉ်အား ပန်းခင်းစီမံချက် အဆင့် (၂) ဖြင့် ဆက်လက်ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ပန်းခင်းစီမံချက်သည် နောင်ကျင်းပမည့် ရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့်ရှိသူ နိုင်ငံသားတိုင်း နိုင်ငံသားဖြစ်မှုဆိုင်ရာ ကိုင်ဆောင်ကတ်ပြားတစ်မျိုးမျိုး ကိုင်ဆောင်မဲပေးနိုင်ရေးအတွက် ဆောင်ရွက်ပေးခြင်းဖြစ်ပါကြောင်း၊ ထို့ပြင် မဲပေးပိုင်ခွင့်ရှိသူ နိုင်ငံသားတိုင်း မဲပေးနိုင်ရေးအတွက် မဲစာရင်းမှန်ကန်ရေးသည်လည်း မဖြစ်မနေဆောင်ရွက်ရမည့် လုပ်ငန်းစဉ်တစ်ခုဖြစ်ပါကြောင်း။

ထို့ကြောင့် တိကျမှန်ကန်သော မဲစာရင်းဖြစ်စေရေးအတွက် မိမိတို့ဌာနအပါအဝင် သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့နှင့် ညှိနှိုင်းပေါင်းစပ်ကာ မြေပြင်လူဦးရေစာရင်းများ တိုက်ဆိုင်စစ်ဆေးအတည်ပြု ဆောင်ရွက်ကြရန်လိုအပ်ပါကြောင်း၊ ယင်းလုပ်ငန်းစဉ်အား သက်ဆိုင်ရာနယ်မြေဒေသအလိုက်ဌာနဆိုင်ရာများ ပေါင်းစပ်စုဖွဲ့ကာ မြေပြင်ကွင်းဆင်း ကောက်ယူနိုင်ရေး ဆက်လက် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ လက်ရှိဖြည့်သွင်းပြီးဖြစ်သည့် နိုင်-၄ နှင့် အထစပါ အချက်အလက်များနှင့် ပတ်သက်၍လိုအပ်သည့် အချက်အလက်များကို ယခင်ကျင်းပခဲ့သည့် ရွေးကောက်ပွဲများမှ မှတ်တမ်းများဖြင့်သော် လည်းကောင်း၊ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံသည့် မှတ်တမ်းများဖြင့်သော်လည်းကောင်း စနစ်တကျ တိုက်ဆိုင်စစ်ဆေး ဖြည့်သွင်းဆောင်ရွက်ရန်လိုကြောင်း၊ ယင်းလုပ်ငန်းစဉ်များသည် နိုင်ငံတော်အတွက် မဖြစ်မနေဆောင်ရွက်ရမည့် လုပ်ငန်းများဖြစ်ပြီး လုပ်ငန်းများဆောင်ရွက်ရာတွင် လုံခြုံရေးသတိအမြဲရှိရန်နှင့် အချင်းချင်း ရင်းနှီးချစ်ကြည်စွာ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ပေးအပ်သည့် တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ကြရန်လိုကြောင်းဖြင့် ရှင်းလင်းမှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် လားရှိုးခရိုင်ဦးစီးမှူးရုံးသို့သွားရောက်၍ ရုံးအဆောက်အဦ အခြေအနေနှင့် လုပ်ငန်းဆောင်ရွက်မှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လားရှိုးမြို့နယ်ဦးစီးမှူးရုံးသို့ ရောက်ရှိရာ မြို့နယ်ဦးစီးမှူး ဦးဝင်းဆွေဦးက မြို့နယ်အတွင်း ပန်းခင်းစီမံချက်နှင့် မဲစာရင်းမှန်ကန်ရေး ဆောင်ရွက်နေမှု၊ နိုင်-၄ နှင့် အထစကို ကွန်ပျူတာအတွင်း ဖြည့်သွင်းဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများကိုရှင်းလင်းတင်ပြသည်။

ထို့နောက် တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေး၍ မြို့နယ် ရုံးဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်ပြီး ဝန်ထမ်းများက ကွန်ပျူတာများဖြင့် နိုင်-၄ နှင့် အထစများ ဖြည့်သွင်း စိစစ်ဆောင်ရွက်နေမှု၊ မှတ်တမ်းခန်းအတွင်း လူတစ်ဦးချင်းစီ၏ ကိုယ်ရေးမှတ်တမ်းများ သိမ်းဆည်းထားရှိမှု **(အပေါ်ပုံ)** နှင့် ရုံးဝင်း အတွင်းရှိရုံးအဆောက်အဦ အခြေအနေများကို လှည့်လည် ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ လိုက်လံရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဝန်ထမ်းများ ပျော်ရွှင်အပန်းပြေစေရန် လှည့်လည်ဖျော်ဖြေတင်ဆက်

**နေပြည်တော် နိုဝင်ဘာ ၁၆**

နိုင်ငံတော်အစိုးရ၏ ယန္တရားကောင်းမွန်စွာ လည်ပတ်နိုင်ရေးအတွက် ကျရာကဏ္ဍမှ တာဝန်သိစိတ်ဖြင့် ဆောင်ရွက်နေကြသည့် ဝန်ထမ်းများကို စိတ်လက်ပေါ့ပါးစွာ အပန်းဖြေပျော်ရွှင်မှု ရရှိစေရန် ရည်ရွယ်ချက်ဖြင့် စိတ်ဓာတ်ပိုင်းဆိုင်ရာ အားပေးမြှင့်တင်မှုတစ်ခုအဖြစ် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ခေတ်ပေါ်တေးဂီတအဖွဲ့နှင့် တေးသံရှင်များက နိုင်ငံကျော်တေးသံရှင်များနှင့်အတူ နေပြည်တော်ရှိ ဝန်ကြီးဌာနများသို့ လှည့်လည်ဖျော်ဖြေလျက်ရှိရာ နိုဝင်ဘာ ၁၆ ရက် ညနေ ၅ နာရီခွဲတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ(၂)၌ ဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့် မြန်မာ့ဆန်စပါးညီလာခံ ၂၀၂၂ တွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ဝန်ထမ်းများအတွက် ကျင်းပသည့် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ သွားရောက်ဖျော်ဖြေ တင်ဆက်ကြသည်။



အခမ်းအနားတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက နှုတ်ခွန်းဆက် အမှာစကားပြောကြားသည်။ ထို့နောက် ညစာစားပွဲနှင့် ဖျော်ဖြေပွဲကို ဆက်လက်ကျင်းပရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ခေတ်ပေါ်တေးဂီတအဖွဲ့နှင့် တေးသံရှင်များက မြန်မာသံစဉ်တေးသီချင်းများ၊ ခေတ်ပေါ်တေးသီချင်းများဖြင့် လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးကိုယ်တိုင် ပါဝင်သီဆိုတီးခတ်မှုဖြင့်လည်းကောင်း၊ တစ်ခန်းရပ် တေးသရုပ်ဖော်ဖြင့်လည်းကောင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ အဥ္ဇလီအငြိမ့်အဖွဲ့မှ ခေါင်းဆောင်မင်းသမီး မြတ်ဆုချယ်၊ ရှေ့ထွက်မင်းသမီး မြတ်သဇင်သင်း၊ လူရွှင်တော် စောမင်းနောင်၊ ဇင်ဝိုင်း၊ မျိုးကျော်သူ၊ စိုင်းစည်သူနှင့် ကျော်မင်းစိုးတို့က အငြိမ့်ကပြမှုဖြင့်လည်းကောင်း၊ နိုင်ငံကျော်အနုပညာရှင်များဖြစ်ကြသည့် မိုးယံဇွန်နှင့် ဝေလျှံတို့က တေးသီချင်းများဖြင့်လည်းကောင်း၊ တယောပညာရှင် ဂျူးဂျူးကေ၏ ဖျော်ဖြေမှုဖြင့်လည်းကောင်း တင်ဆက်ကြရာ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး၊ ဒုတိယဝန်ကြီး ဦးညွန့်အောင်၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဇနီးများ၊ အရာထမ်း၊ အမှုထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များက ပျော်ရွှင်စွာ ကြည့်ရှုအားပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာ အကြီးအကဲများက ဝန်ထမ်းများနှင့်အတူ ညစာသုံးဆောင်ကြပြီး ပြည်ထောင်စုဝန်ကြီးက မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ခေတ်ပေါ်တေးဂီတအဖွဲ့နှင့် တေးသံရှင်များ၊ နိုင်ငံကျော် အနုပညာရှင်များအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

အဆိုပါ ဖျော်ဖြေရေးအစီအစဉ်ကို ကျန်ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းအသီးသီးသို့လည်း ဆက်လက်သွားရောက်ပြီး ဖျော်ဖြေတင်ဆက်မည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဘုရားသုံးဆူနယ်မြေအတွင်းရှိ သဖြူမိုင်းတွင်းဖြစ်စဉ်နှင့်ပတ်သက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်း၏ ပြောကြားချက်

နေပြည်တော် နိုဝင်ဘာ ၁၆

**ဘုရားသုံးဆူနယ်မြေအတွင်းရှိ သဖြူမိုင်းတွင်းဖြစ်စဉ်နှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်းအား မေးမြန်းထားသည်များ ဖြေကြားမှုကို ဖော်ပြလိုက်ပါသည်။**

မေး ။ ။ ဗိုလ်ချုပ်ရှင့် –

ဘုရားသုံးဆူနယ်မြေအတွင်းမှာရှိတဲ့ သဖြူမိုင်းတွင်းကို တပ်ဘက်ကနေ တိုက်လေယာဉ်တွေနဲ့ ဗုံးကြဲတိုက်ခိုက်ခဲ့တယ်ဆိုပြီး သတင်းတွေမှာ တွေ့နေရပါတယ်။ ဒီမိုင်းတွင်းဟာ အစိုးရရဲ့ ခွင့်ပြုချက်နဲ့ ဆောင်ရွက်နေတဲ့ မိုင်းတွင်းတွေဆိုပြီး တချို့မီဒီယာတွေက စွပ်စွဲနေပါတယ်။ ဒီဖြစ်စဉ်မှာ သေဆုံးသူတွေထဲမှာမှ နိုင်ငံခြားသားတွေပါ ပါဝင်နေတယ်လို့ မီဒီယာတချို့ကလည်း သတင်းရေးသားဖော်ပြနေတာတွေ တွေ့ရပါတယ်ရှင်။ ဒါနဲ့ပတ်သက်ပြီး ဖြစ်စဉ်အမှန်ကို သိလိုပါတယ် ဗိုလ်ချုပ်ရှင်။

ဖြေ ။ ။ “ပထမဦးဆုံးပြောချင်တာကတော့ ဒီဒေသမှာ ဘုရားသုံးဆူ သဖြူမိုင်းတွင်းဒေသမှာ အစိုးရက တရားဝင်ခွင့်ပြုထားတဲ့ သတ္တုတူးဖော်ရေးလုပ်ငန်း၊ သတ္တုရှာဖွေရေးလုပ်ငန်းမရှိဘူးလို့ ကျွန်တော်ပြောချင်ပါတယ်။ ယခင်ကတော့ ရှိခဲ့ဖူးပါတယ်။ ယခင်ကတော့ အဲဒီမှာ ၂၀၁၆ ခုနှစ် မတိုင်ခင်တုန်းက ရှိခဲ့ဖူးပါတယ်။ တချို့မိုင်းတွင်းတွေရှိပါတယ်။ သဖြူသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်ကလုပ်တဲ့ မိုင်းတွင်းတချို့ ရှိခဲ့ဖူးတယ်။ အခြားကုမ္ပဏီဘက်ကလုပ်တဲ့ မိုင်းတွင်းတချို့ရှိခဲ့ဖူးတယ်။ သူတို့သည် ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၁၁ ရက် စာချုပ်သက်တမ်းကုန်ဆုံးခဲ့တာဖြစ်တယ်။

စာချုပ်သက်တမ်းကုန်ဆုံးတဲ့အတွက် သူတို့အနေနဲ့ ဆက်လက်ပြီး လုပ်ကိုင်ရန် အစိုးရကို လျှောက်ထားတယ်။ အစိုးရအနေနဲ့ကလည်း မိုင်းတွင်းတွေနဲ့ ပတ်သက်ပြီး စာချုပ်သက်တမ်းကုန်ဆုံးတဲ့အတွက်ကြောင့် ပယ်ဖျက်ခဲ့ပြီးဖြစ်တယ်။ ပယ်ဖျက်ခဲ့ပြီးဖြစ်တဲ့အတွက်ကြောင့် အကြောင်းကြားစာအနေနဲ့ မိုင်းတွင်းတွေကို အကြောင်းကြားပြီးဖြစ်တယ်။ မိုင်းတူးဖော်ရေး၊ သတ္တုတူးဖော်ရေးကုမ္ပဏီကို အကြောင်းကြားခဲ့ပြီးဖြစ်တယ်။ သဖြူသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်ကို အကြိမ်ကြိမ်အကြောင်းကြားခဲ့တယ်။ အထောက်အထားအရ ၂၀၁၉ ခုနှစ် စက်တင်ဘာလ ၁၈ ရက်နေ့မှာ အကြောင်းကြားခဲ့တာဖြစ်ပါတယ်။ ၂၀၂၀ ဩဂုတ်လ ၁၁ ရက်နေ့မှာ လုပ်ငန်းဖျက်သိမ်းတဲ့အကြောင်းကို အကြောင်းကြားခဲ့တာရှိတယ်။ အဲဒီနောက်ပိုင်းမှာ KNU တပ်မဟာ(၆)နဲ့ ဆက်စပ်ပြီး အဲဒီလုပ်ငန်းတွေကို လုပ်ကိုင်နေတာဖြစ်တယ်။ တချို့မီဒီယာတွေမှာလည်း ကျွန်တော်တွေ့ပါတယ်။ တရားဝင်ခွင့်ပြုထားတဲ့ မိုင်းတွင်းဆိုပြီး စွပ်စွဲဖော်ပြနေတာရှိပါတယ်။ အဲဒီမှာ လုပ်နေတဲ့သူတွေက ပိုပြီးအသိဆုံးဖြစ်ပါလိမ့်မယ်။ အဲဒီနောက်ပိုင်းမှာတော့ KNU တပ်မဟာ(၆)နဲ့ ညှိနှိုင်းပြီးတော့ တရားမဝင်သတ္တုခိုးတူးမှုလုပ်ငန်းတွေကို ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ အဲဒီဒေသက KNU တပ်မဟာ(၆)ရဲ့ လှုပ်ရှားမှုနယ်မြေဖြစ်တယ်။ အဲဒီနယ်မြေမှာ ဘာတွေဖြစ်ခဲ့တယ်ဆိုတာကို ကျွန်တော်တို့ သိခဲ့ပြီးဖြစ်တယ်။

အဲဒီအထက်မှာရှိတဲ့ ကနဲလေး – မော်ခီးလမ်းမှာဆိုရင် လမ်းဆောက်လုပ်ရေး အလုပ်လုပ်နေတဲ့ အရပ်သား (ကျား၊ မ၊ ကလေး ၁၀ ယောက်အပါအဝင်) ၄၇ ယောက်ကို KNDO အဖွဲ့က ဖမ်းဆီးသွားတာရှိတယ်။ လက်ပြန်ကြိုးတုပ်ပြီး သတ်ဖြတ်ထားတဲ့ အလောင်း ၂၅ လောင်းကို တွေ့ရတယ်။ စက်တင်ဘာလ ၂၀ ရက်နေ့မှာ ကြိတ်ရွာမှာရှိတဲ့ ကင်းစခန်း/လုံခြုံရေးစခန်းကို KNU တပ်မဟာ(၆) နဲ့ PDF အကြမ်းဖက်တွေက တိုက်ခိုက်ခဲ့တာရှိတယ်။ အဲဒီဒေသမှာ ဥကရစ်ထစခန်းလို ဖြစ်စဉ်မျိုးတွေ အပေါ်ဘက်မှာ ဖြစ်ခဲ့တာတွေ ရှိတယ်။ ဘုရားသုံးဆူဒေသတစ်ဝိုက်မှာ နှောင့်ယှက်ပစ်ခတ်မှုတွေ၊ ဘုရားသုံးဆူလမ်းကြောင်းတစ်လျှောက်မှာလည်း တိုက်ခိုက်မှုတွေ ရှိခဲ့တယ်။ ဒီဒေသမှာ တရားမဝင် သတ္တုတူးဖော်ရေးလုပ်ငန်းကိုလည်း KNU တပ်မဟာ(၆) ကပဲ ဦးစီးဆောင်ရွက်နေတာဖြစ်ပါတယ်။




တချို့မီဒီယာကတက်လာတဲ့ ဓာတ်ပုံတွေမှာလည်း ပြောက်ကျားဝတ်စုံတွေ ထင်ထင်ရှားရှားနဲ့ တွေ့ရပြီး KNU တပ်မဟာ(၆)ကလို့ ယူဆရတဲ့သူတွေပါတယ်။ သူတို့စွပ်စွဲချက်ပေါ့။ ကျွန်တော်တို့အနေနဲ့ကတော့ လုံခြုံရေးအရ တရားမဝင်လုပ်ကိုင်ပြီး အဖျက်အမှောင့်လုပ်ငန်းတွေ လုပ်ကိုင်နေတဲ့အတွက် လုံခြုံရေးအရ ဆောင်ရွက်နေတာဖြစ်ပါတယ်။ ခုနကပြောတဲ့ နိုင်ငံခြားသားတွေ သေနေတယ်ဆိုတဲ့ သတင်းမျိုးတွေလည်း တွေ့ရပါတယ်။ ကျွန်တော်တို့ အတည်ပြုနိုင်ခြင်းတော့ မရှိသေးပါဘူး။ ရှိခဲ့ရင်လည်း ဒါတွေသည် တရားမဝင်လုပ်ငန်းကို လာရောက်လုပ်ကိုင်နေထိုင်သူတွေပဲဖြစ်ပါတယ်။ အဲဒီလူတွေ ဘယ်လိုရောက်လဲ၊ ဘယ်သူတွေက ခေါ်လာလဲဆိုတာ အဲဒီနယ်မြေမှာ လှုပ်ရှားနေတဲ့ KNU တပ်မဟာ(၆)မသိဘဲနဲ့ ရောက်လာစရာအကြောင်းမရှိဘူးလို့ ကျွန်တော်ပြောချင်ပါတယ်”ဟု ဖြေကြားခဲ့သည်။

# အောင်လံမြို့၌ ဝါသီးနှံမျိုးကောင်းမျိုးသန့် မျိုးစေ့စိုက်ပျိုးထုတ်လုပ်နည်း ပညာပေးလက်တွေ့သင်တန်းဖွင့်

**အောင်လံ နိုဝင်ဘာ ၁၆**

မကွေးတိုင်းဒေသကြီး အောင်လံမြို့တွင် ဝါသီးနှံမျိုးကောင်းမျိုးသန့် မျိုးစေ့ စိုက်ပျိုးထုတ်လုပ် နည်းပညာပေး လက်တွေ့သင်တန်း ဖွင့်ပွဲကို ယမန်နေ့နံနက် ၉ နာရီခွဲက ဝါသီးနှံမျိုးသန့်ခြံရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းလှအောင်က အမှာစကားပြောကြားပြီး ဝါသီးနှံမျိုးသန့်ခြံ တာဝန်ခံ ဒေါ်မြင့်မြင့်အေးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၁၄ ဦး တက်ရောက်သင်ကြားပြီး သင်တန်းကာလ နှစ်ရက်ကြာ ဖွင့်လှစ်သင်ကြားကြောင်း သိရသည်။

**မျိုးသိန်း**
**(ပြန်/ဆက်)**

# ဂွမြို့နယ်၌ ဆီထွက်သီးနှံနှင့် ပဲမျိုးစုံစိုက် တောင်သူများအား ယူရီးယားဓာတ်မြေဩဇာများ ဈေးနှုန်းချိုသာစွာ ရောင်းချပေး

**ဂွ နိုဝင်ဘာ ၁၆**

ရခိုင်ပြည်နယ် ဂွမြို့နယ်၌ ၂၀၂၂ ခုနှစ် ဆီထွက်သီးနှံနှင့် ပဲမျိုးစုံစိုက်တောင်သူများအား ယူရီးယားဓာတ်မြေဩဇာ ၅၀ ကီလိုတစ်အိတ်လျှင် ငွေကျပ် ၃၈၀၀၀ နှုန်းဖြင့် ရောင်းချပေးမှုကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇာနည်ကျော်က အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ထွန်းလင်းက မြေဩဇာများ ရောင်းချပေးရခြင်း၏ ရည်ရွယ်ချက်ကို ပြောကြားသည်။

အဆိုပါ ရောင်းချပေးသည့် ဓာတ်မြေဩဇာများသည် နေကြာစိုက်တောင်သူများအား အဓိကထား ရောင်းချပေးခြင်းဖြစ်ပြီး ဂွမြို့နယ်၌ စာရင်းအရ နေကြာစိုက်ဧက ၁၇၆ ဧကရှိပြီး တစ်ဧကလျှင် တစ်အိတ်နှုန်းဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။

**ရွှေရည်ဝင်းကျော်(ပြန်/ဆက်)**

# အမျိုးသားအောင်ပွဲနေ့နှင့် လူငယ်တို့၏ အမျိုးသားရေးတာဝန်

ဒေါက်တာမောင်ကျော်၊ ပါမောက္ခချုပ် (ငြိမ်း)

*ယမန်နေ့မှအဆက်*

**အကြောင်းအရာ (၅)**

သမိုင်းကြောင်း ပြန်ကြည့်မယ်ဆိုရင် ၂၀ ရာစု စတင်တာထွက်ကတည်းက ရဲဘော်သုံးကျိပ်ဟာ ခရီးကြမ်းကို လျှောက်ခဲ့ကြရတယ်။ ထိုခေတ် ထိုအချိန်က ထိုသို့ ဤသို့ နိုင်ငံရေး လှုပ်ရှားမှုတွေဟာ တစ်နိုင်ငံလုံး တိုင်းရင်းသားအပေါင်း လွတ်လပ်ရေး အတွက် ကျောပိုးအိတ်ကို လွယ်၊ နိုင်ငံနဲ့လူမျိုး လွတ်လပ်ဖို့ ကိုယ့်နိုင်ငံကို ကိုယ်တိုင်ကာကွယ်ဖို့ အသက်သွေးချွေးနဲ့ အချိန်တွေပေးခဲ့ကြရတယ်။ တစ်မျိုးသားလုံးကောင်းစားရေးကို ရှေးရှုခဲ့ကြောင်း ၂၁ ရာစု လူငယ်တွေဟာ နမူနာယူကြရလိမ့်မယ်။

လွတ်လပ်ရေးရပြီးလို့ ခြောက်နှစ်အကြာ ၁၉၅၄ ခုနှစ်မှာ ဖွံ့ဖြိုးမှုအလားအလာ အကောင်းဆုံးနိုင်ငံဟာ မြန်မာနိုင်ငံလို့ ကမ္ဘာ့ဘဏ်က ခန့်မှန်းခဲ့ပါတယ်။ လွတ်လပ်ရေး ရပြီးတော့လည်း မြန်မာတို့ဟာ စည်းလုံးညီညွတ်ဖို့ အမြဲလိုလိုကြိုးပမ်းနေရပါတယ်။ ကိုယ်အားသန်တဲ့ နိုင်ငံရေးအယူဝါဒတွေ စွဲကိုင်၊ ဘေးပယောဂတွေပူး၊ အထင်အမြင်တွေ တိမ်းစောင်း၊ လက်နက်စွဲကိုင်တော်လှန်၊ စင်ပြိုင်ယှဉ်ပြိုင်လှုပ်ရှားကြတာကြောင့် တည်ငြိမ်အေးချမ်းမှုတွေ မေးမှိန်ခဲ့ကြရတာ ၂၀ ရာစု နှောင်းပိုင်းအထိလောက်ပါပဲ။ တိုင်းပြည်ဟာ အထနှေးခဲ့ပါတယ်။ ပြည်ထောင်စုကြီး ညီညီညွတ်ညွတ်နဲ့ ဖွံ့ဖြိုးတိုးတက်ရေး အားမထည့်နိုင်ဘဲ ယမ်းငွေ့တွေဝေ၊ တောင်ပြာတန်းကို သက်သေပြုရင်းပြုရင်း သယံဇာတတွေကုန်၊ အခြေခံအဆောက်အအုံတွေ ပျက်သုဉ်းဆုံးရှုံးခဲ့ကြရတာ အဖတ်တင်ပါတယ်။ မြန်မာ့ရေမြေ၊ တောတောင်သယံဇာတမျိုးစုံကြွယ်ဝလို့သာ ခံနိုင်ရည်ရှိသလိုဖြစ်ပေမယ့် ကမ္ဘာ့သမိုင်းဆရာတွေ၊ လက်နက်ထုတ်တဲ့ နိုင်ငံတွေကတော့ အလွယ်တကူကောက်ချက်ချ တိတ်တိတ်ပုန်းပြုံးနေကြဟန်ရှိပါလိမ့်မယ်။

**မြန်မာတို့ ဘာတွေပြင်ဆင်ကြရပါမလဲ**

ပြည်သူလူထုတစ်ရပ်လုံးဟာ တစ်ဦးချင်း တစ်ယောက်ချင်းမှသည် အဖွဲ့အစည်းတိုင်းဟာ ကျွန်တော်တို့ရဲ့အချိန်တွေ၊ စွမ်းအားတွေနဲ့ နိုင်ငံရဲ့ သယံဇာတကြွယ်ဝမှုတို့ကို မိတ်ဆွေဖြစ်ဖို့ တာစူကြရလိမ့်မယ်။ လက်နက်ခဲယမ်းတွေအစား တူ၊ တံစဉ်များများကိုင်၊ လယ်ထွန်စက်ကို မောင်း၊ တောင်လိုပုံနေတဲ့ စပါးတွေကို ခေတ်မီဆန်ကြိတ်စက်ကိုပို့၊ ဆီစက်တွေကို လျှပ်စစ်တွေနဲ့ မောင်းနိုင်ခဲ့ရင် ဆီနဲ့ ရေချိုးနိုင်ပါမယ်။ တိုင်းရင်းသား လယ်သမားကြီးတွေဟာ အိမ်နီးချင်းနိုင်ငံတွေကြား မော်ကြွားစရာ ဖြစ်ပါလိမ့်မယ်။ ထိုထိုသော နိုင်ငံတွေကို ယနေ့မြန်မာ့လူငယ်တွေ သွားရောက်အလုပ်လုပ်ကိုင်စရာမလို မိဘတို့ကို နီးနီးကပ်ကပ်



အမျိုးသားနေ့အကြောင်းကို လူငယ်များ ပိုမိုသိရှိစေရန် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပြုလုပ်သည့် နံရံကပ်စာစောင်ပြပွဲတစ်ခု။

ပြုစုနိုင်ပါလိမ့်မယ်။

**အကြောင်းအရာ (၆)**

ပြန်လည်သုံးသပ်ကြည့်ရင် – မြန်မာနိုင်ငံဟာ တိုင်းတစ်ပါးလက်အောက် နှစ်ပေါင်း ၁၀၀ ကျော်ကြာ ကျရောက်ခဲ့တာမို့ နိုင်ငံရေးအရလည်း လှုပ်ရှားမှုကြီးတွေနဲ့ ပြည်သူလူထုဟာ ကြီးပြင်းခဲ့ရပါတယ်။ ကွဲပြားတဲ့ နိုင်ငံရေးအတွေးအခေါ်၊ အယူအဆတွေဟာ ပြည်သူလူထုအပေါ် အရိပ်ပမာလိုက်ပါနေတယ်လို့ ယူဆပါတယ်။ သူသူကိုယ်ကိုယ် လူမှုစီးပွားဘဝ၊ မိသားစုအရေး၊ ပညာရေး၊ စီးပွားရေး မတွေးနိုင်လောက်အောင်ဖြစ်ခဲ့တာကြောင့်လည်း ခေတ်အဆက်ဆက်မှာ အထွေထွေဖွံ့ဖြိုးတိုးတက်မှုဟာ နှောင့်နှေးခဲ့ရတယ်လို့ သုံးသပ်လို့ရပါတယ်။ ဖွံ့ဖြိုးတိုးတက်ဖို့ လမ်းကြောင်းပေါ်သို့မရောက်၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ စီးပွားရေး၊ စီမံအုပ်ချုပ်ရေးချည့်နဲ့ခဲ့ရပါတယ်။ မြန်မာတိုင်းရင်းသားတွေဟာ နိုင်ငံအတွက်ပဲ အချိန်တွေပေးခဲ့ရတာသာ ဖြစ်ခဲ့ပါတယ်။ ကိုယ်ကျိုးအတွက် မငဲ့ကွက်ခဲ့ကြဘဲ ဘဝကို မြှုပ်နှံခဲ့ကြတဲ့သဘော ဖြစ်ခဲ့ပါတယ်။

ဒီပြဿနာတွေကို ဖြေရှင်းရာမှာ တင်းမာမှုနဲ့ ထိပ်တိုက်ရင်ဆိုင် တိုက်ပွဲဝင်မှုတွေဟာ ပိုပြီးဆိုးဖွယ်ရာပဲဖြစ်လိမ့်မယ်။ တိုင်းရင်းသား ညီအစ်ကိုတွေနဲ့ စည်းလုံး ညီညွတ်ရေး၊ ပညာရည်မြင့်မားရေးတို့ဟာ တကယ့်ကို ဦးတည်ရမယ့် အမျိုးသားရေးကိစ္စ၊ လွတ်လပ်ရေးရဲ့ အနှစ်သာရမို့ သဟဇာတဖြစ်တဲ့ စီမံအုပ်ချုပ်မှုကို ရှေးရှုခဲ့တာ တွေ့ရပါတယ်။ ကျွန်တော်တို့တစ်တွေဟာ သံသရာတစ်ကွေ့မှာ အခုလိုဆုံတွေ့ရတဲ့ ဘဝကို ချစ်မြတ်နိုးကြရပါမယ်။ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပက္ခာတွေ ထားခြင်းဖြင့် မိမိတစ်ဦးတည်းလည်း ငြိမ်းချမ်း၊ တစ်တိုင်းပြည်လုံးလည်း အေးချမ်းဖွံ့ဖြိုးတိုးတက်မှုတွေ အသီးသီးရကြမှာ ဖြစ်ပါတယ်။

၂၀၀၀ ပြည့်နှစ်တွေမှာ ပညာတတ်သည်ထက် တတ်အောင်၊ အမျိုးသားရေး စရိုက်လက္ခဏာတွေ တည့်မတ်လာတာ တွေ့ရပါတယ်။ ပညာရေး လက်လှမ်းမီအောင် လူရှိတဲ့နေရာမှာ ကျောင်းဆောက်၊ အရည်အချင်းမြင့်သည်ထက် မြင့်အောင်၊ ကျွမ်းကျင်မှုအရည်အသွေး မြင့်သည်ထက်မြင့်အောင်၊ တက္ကသိုလ်ကောလိပ်တွေ တည်ထောင်ခဲ့တာ အမျိုးသားရေး လူ့စွမ်းအားအရင်းအမြစ် မွေးထုတ်ဆောင်ကြဉ်းပေးခြင်းပဲဖြစ်တယ်။

ယှဉ်ပြိုင်မှုကြီးမားတဲ့ ၂၁ ရာစုခေတ်မှာ ကျွမ်းကျင်လူစွမ်းအားအရင်းအမြစ် ရှားပါးခြင်း၊ စီမံခန့်ခွဲကြီးကြပ်မှုစွမ်းရည်မှာ အကန့်အသတ်ရှိနေခြင်း၊ ရုံးအဖွဲ့အစည်းတွေမှာပင် စီမံခန့်ခွဲနိုင်စွမ်း အားနည်းနေခြင်းကိုတွေ့ရပေလိမ့်မယ်။ နိုင်ငံဟာ ကြီးသည်၊ ငယ်သည်မဟုတ် တစ်ဦးတည်း၊ တစ်နိုင်ငံတည်း ရပ်တည်ရန် မည်သို့မျှမဖြစ်နိုင်၊ သက်ရှိတို့ ပေါ်ပေါက်ကြီးပြင်းမှုသီအိုရီ (Theory of Evolution) အရ အတူတကွ သဟဇာတဖြစ်စေရန် မြော်မြင်တွေးခေါ်မှုနဲ့နေကြမှ ဘဝဟာ ရှင်သန်ပါလိမ့်မယ်။ ကျွန်တော်တို့ဟာ လူဦးရေထူပြောတဲ့ တရုတ်၊ အိန္ဒိယနဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံကြားမှာရှိတယ်။

အရှေ့တောင်အာရှက ကျွန်တော်တို့နိုင်ငံဟာ မြေမျက်နှာသွင်ပြင် အမျိုးမျိုးရှိတဲ့အပြင် နေရောင်ခြည်ကိုလည်းမြင်၊ ပင်လယ်ကမ်းခြေနဲ့ ရေခဲတောင်လည်းရှိ၊ မြေဩဇာကောင်းတဲ့ စိုက်ပျိုးမြေတွေကလည်း ကျယ်ပြော၊ နုန်းတင်မြေနုသစ်တောတွေနဲ့ လမုတောကလည်းရှိ၊ သစ်ခွမျိုးစုံက အစ ပန်းရနံ့တွေကလည်း မွှေးကြိုင်လှပသာယာလျက် ရှိတဲ့နိုင်ငံပါ။

နိုင်ငံသားတွေဟာ အလွန်ရိုးသားဖြူစင်တဲ့ လယ်သမားတွေဖြစ်တယ်။ မြေဩဇာကောင်းတဲ့ လယ်မြေတွေ၊ နုန်းတင်မြေနု မြစ်ချောင်း၊ အင်းအိုင်တွေကို မတိမ်ကောအောင် ကာကွယ်ရင်း ကြိုးကြိုးပမ်းပမ်းနဲ့ အသက်မွေးဝမ်းကျောင်းပြုနေသူတွေ များပါတယ်။ ကမ္ဘာကို စားသောက်ဖွယ်ရာ ဆန်စပါးနဲ့ သစ်တောသားငါး သီးနှံတွေပို့တဲ့ နိုင်ငံဖြစ်ပါတယ်။ စစ်လက်နက်ထုတ်တဲ့ နိုင်ငံကြီးဖြစ်ဖို့ ဝေးစွ၊ ကျောင်းကန်၊ ဘုရားစေတီ ပုထိုးဆီသို့သွား၊ သီတင်းသီလဆောက်တည်၊ သီလ၊ သမာဓိ၊ ပညာရအောင် ပုတီးစိပ်၊ သူတော်စင်တွေနေတဲ့နိုင်ငံအဖြစ် ရပ်တည်နေတဲ့နိုင်ငံဖြစ်တယ်။

**အကြောင်းအရာ (၇)**

အတိတ်သမိုင်းသင်ခန်းစာ ယူကြရမယ့်သူတွေဟာ ဦးရေအားဖြင့် များတဲ့ ယနေ့ မျိုးဆက်သစ်လူငယ်တွေပဲ။ အိမ်နီးနားချင်းနိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနဲ့ သိပ္ပံနဲ့ နည်းပညာဟာ မြန်မာလူငယ်တို့အပေါ် ရိုက်ခတ်နေလိမ့်မယ်။ အနာဂတ်ကိစ္စတွေဟာ လူငယ်တွေနဲ့ ပြည်သူတွေ ပိုင်ဆိုင်ကြပါတယ်။ လူငယ်တွေတာဝန်ယူကြရလိမ့်မယ်။ ဘာကြောင့်လဲ။ တိုင်းပြည်ရဲ့ အနာဂတ်ဘဝထဲမှာ သူတို့ နေကြလိမ့်မယ်။ ကောင်းမွေဆိုးမွေတွေဟာ သူတို့လက်ဝယ်မှာ ရှိနေလိမ့်မယ်။ ကောင်းမွေဆိုးမွေတွေထဲက ဘယ်လိုကောင်းမွေတွေကို ခွဲခြားယူကြမလဲဆိုတာ သူတို့ဆုံးဖြတ်ကြရလိမ့်မယ်။ ကောင်းမွေတွေကို ယူတတ်ဖို့နဲ့ မကောင်းတာတွေ ပယ်တတ်တဲ့ အရည်အချင်းနဲ့ ဉာဏ်အမြော်အမြင်တွေ ရှိဖို့ ပြင်ဆင်ကြရပါလိမ့်မယ်။

၂၁ ရာစုဟာ အသိပညာ၊ အတတ်ပညာနဲ့ နည်းပညာတွေ အရှိန်အဟုန်နဲ့ ဖွံ့ဖြိုးတိုးတက်နေမယ့် ခေတ်ကြီးဖြစ်လေတော့ ကမ္ဘာ့အရပ်ဒေသအသီးသီးမှာ ထွန်းကားလျက်ရှိတဲ့ ခေတ်မီနည်းပညာတွေနဲ့ ဆက်သွယ်ရယူပြီး မိမိတို့နိုင်ငံကောင်းစားရေးကို ဆောင်ရွက်ကြရမှာဖြစ်တယ်။ ခေတ်လူငယ် လူရွယ်နဲ့ လူကြီးတွေပါမကျန် အသိပညာ၊ အတတ်ပညာနဲ့ နည်းပညာတွေ ဖွံ့ဖြိုးတိုးတက်အောင် အားထုတ်ကြရာမှာ တစ်သက်တာ သင်ယူမှု (Lifelong Learning) ဖြင့် အားထုတ်ကြရပါလိမ့်မယ်။

လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးရေး၊ ပညာရည်မြင့်မားရေး၊ တိုင်းရင်းသားညီအစ်ကိုတွေနဲ့ စည်းလုံးညီညွတ်ရေးတို့ဟာ တကယ့်ကို ဦးတည်ရမယ့် အမျိုးသားရေးကိစ္စ၊ အမျိုးသားအကျိုးစီးပွားဖြစ်ပါတယ်။ ပြည်သူတွေကို ဘဝသစ်ဖန်တီးနိုင်ရေး၊ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုကြီးတည်ဆောက်ရေးပဲ ဖြစ်ပါတယ်။ ဘဝသစ်မှာ ကိုယ်စိတ်နှစ်ဖြာအေးချမ်းဖို့၊ အကြမ်းမဖက်တဲ့ လူ့အသိုင်းအဝိုင်း တည်ထောင်နိုင်ဖို့ပဲ ဖြစ်ပါတယ်။ ဉာဏ်အမြော်အမြင်နဲ့ မေတ္တာဟာ တိုင်းပြည်ရဲ့ ကံကြမ္မာကို ဖော်ဆောင်ပါလိမ့်မယ်။

ကောင်းပါပြီ၊ ဒီဆောင်းပါးကို ဒီလို နိဂုံးချုပ်ချင်ပါတယ်။

မြန်မာနိုင်ငံရဲ့ အတိတ်ပစ္စုပ္ပန် သမိုင်းကြောင်းကို အကျဉ်းချုပ်နဲ့ အနှစ်ချုပ်ကို သိရှိရတဲ့အခါမှာ ကျွန်တော်တို့ လူငယ်၊ လူကြီးတွေရဲ့ အမျိုးသားရေးတာဝန်တွေ၊ လုပ်ငန်းစဉ်တွေဟာ မည်မျှများပြားကျယ်ဝန်းနက်ရှိုင်းကြောင်း သိမြင်နိုင်ပါလိမ့်မယ်။ နိုင်ငံနဲ့ လူမျိုးတိုးတက်မြင့်မားရေး အမျိုးသားအကျိုးစီးပွားအတွက် အခက်အခဲဟူသမျှ လက်တွဲကူညီကြပြီး ကျော်လွှားကြရပေဦးမယ်။

ဒီဆောင်းပါးမှာ လူငယ်တို့ရဲ့ အမျိုးသားရေးတာဝန်လို့ ခေါင်းစဉ်ပေးလိုက်သော်လည်း လူငယ်တွေကိုရိုးမယ်ဖွဲ့ပြောနေခြင်းမဟုတ်။ လူလတ်၊ လူကြီးတွေနဲ့လည်း အကျုံးဝင်မယ်လို့ ယူဆပါတယ်။ ၂၁ ရာစုမှာပင် ပြုပြင်စရာ၊ ပြောင်းလဲကျင့်သုံးစရာရှိလို့ ပြုပြင်ပြောင်းလဲမယ်ဆိုရင်လည်း မည်သည့်ကိစ္စမဆို နောက်ကျသည်မရှိ (It is never too late) ဆိုတာမှန်ကန်ကြောင်း တွေ့ရပါလိမ့်မယ်။ အမျိုးသားရေးဝိသေသတွေဖြစ်တဲ့ နိုင်ငံလွတ်လပ်ရေးကို ထိန်းသိမ်းစောင့်ရှောက်ကြရလိမ့်မယ်။ ပြည်ထောင်စုမပြိုကွဲရေး ၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ ခိုင်မြဲရေး အရေးသုံးပါးဟာ နိုင်ငံသားတိုင်းရဲ့ တာဝန်ဖြစ်ပါတယ်။

**“ လွတ်လပ်ရေး ရပြီးတော့လည်း မြန်မာတို့ဟာ စည်းလုံးညီညွတ်ဖို့ အမြဲလိုလိုကြိုးပမ်းနေရပါတယ်။ ကိုယ်အားသန်တဲ့နိုင်ငံရေးအယူဝါဒတွေ စွဲကိုင်၊ ဘေးပယောဂတွေပူး၊ အထင်အမြင်တွေတိမ်းစောင်း၊ လက်နက်စွဲကိုင်တော်လှန်၊ စင်ပြိုင်ယှဉ်ပြိုင်လှုပ်ရှားကြတာကြောင့် တည်ငြိမ်အေးချမ်းမှုတွေ မှေးမှိန်ခဲ့ကြရတာ ၂၀ ရာစု နှောင်းပိုင်းအထိလောက်ပါပဲ။ တိုင်းပြည်ဟာ အထနှေးခဲ့ပါတယ်။ ပြည်ထောင်စုကြီးညီညီညွတ်ညွတ်နဲ့ ဖွံ့ဖြိုးတိုးတက်ရေး အားမထည့်နိုင်ဘဲ ယမ်းငွေ့တွေဝေ၊ တောင်ပြာတန်းကို သက်သေပြုရင်းပြုရင်း သယံဇာတတွေကုန်၊ အခြေခံအဆောက်အအုံတွေ ပျက်သုဉ်းဆုံးရှုံးခဲ့ကြရတာ အဖတ်တင်ပါတယ် ”**

*စာမျက်နှာ ၁၁ သို့*

# တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများ ဒုတိယနေ့ ဆက်လက်ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၆**

၂၀၂၂ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများ ဒုတိယနေ့အဖြစ် ယနေ့နံနက်ပိုင်းတွင် သက်ဆိုင်ရာ အားကစားနည်းများအလိုက် သက်မှတ်ထားသော အားကစားကွင်း/ရုံများတွင် ဆက်လက်ကျင်းပသည်။



**အားကစားနည်းအလိုက် ယှဉ်ပြိုင်**

တပ်မတော်(ကြည်း၊ရေ၊လေ) အားကစားပြိုင်ပွဲများဖြစ်သည့် လက်ဝှေ့ပြိုင်ပွဲကို နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှိ တပ်နယ်အားကစားခန်းမ၌ ကီလိုတန်းအလိုက် ရှုံးထွက်ပွဲစဉ်ပြိုင်ပွဲများကို လည်းကောင်း၊ ဇေယျာသီရိတပ်မတော်အားကစားကွင်း၌ ပြေး၊ ခုန်၊ ပစ်ပြိုင်ပွဲမှ အမျိုးသား/အမျိုးသမီး မီတာ ၃၀၀၀ တားဆီးကျော်ပြေးပြိုင်ပွဲ၊ အမျိုးသားတုတ်ထောက်ခုန်ပြိုင်ပွဲ၊ အမျိုးသား ကြိုးတပ်သံလုံးပစ်ပြိုင်ပွဲ၊ အမျိုးသား/အမျိုးသမီးမီတာ ၄၀၀ လက်ဆင့်ကမ်း အပြေးပြိုင်ပွဲ၊ အမျိုးသမီး ၇ မျိုးစုံအလျားခုန်ပြိုင်ပွဲ၊ အမျိုးသမီး ကြိုးတပ်သံလုံးပစ်ပြိုင်ပွဲ၊ အမျိုးသမီး ၇ မျိုးစုံ လုံတံပစ်ပြိုင်ပွဲ၊ အမျိုးသား/အမျိုးသမီး မီတာ ၈၀၀ အပြေးပြိုင်ပွဲ၊ အမျိုးသမီး ၇ မျိုးစုံ မီတာ ၈၀၀ အပြေးပြိုင်ပွဲ လူရွေးပွဲနှင့်ဗိုလ်လုပွဲစဉ်များကို လည်းကောင်း၊ ဂျူဒိုပြိုင်ပွဲကို ဇေယျာသီရိအားကစားရုံ (A) ၌ အမျိုးသား/အမျိုးသမီး ကီလိုတန်းအလိုက် ရှုံးထွက်ပွဲစဉ်များကိုလည်းကောင်း၊ ဘော်လီဘောပြိုင်ပွဲကို ဇေယျာသီရိအားကစားရုံ(B)၌ အမျိုးသား/အမျိုးသမီး အုပ်စုပတ်လည်ပြိုင်ပွဲများကို လည်းကောင်း၊ မြန်မာ့သိုင်းပြိုင်ပွဲကို ဇေယျာသီရိအားကစားရုံ(C)၌ အတိုက်တစ်ဦးနှင့် အခံနှစ်ဦး ပညာစဉ်စွမ်းရည်ပြပြိုင်ပွဲနှင့် လက်ထောက်နည်းပြအဆင့် တုတ်ရှည်ပညာစဉ် စွမ်းရည်ပြပြိုင်ပွဲ၊ အတိုက်ပွဲစဉ်တွင် အမျိုးသားကီလိုတန်းအလိုက် ဗန်တိုအတိုက်ပြိုင်ပွဲ၊ ပန်ကြပ်ဆီလပ်ပြိုင်ပွဲ၊ ဓားတစ်လက် အတိုက်ပြိုင်ပွဲ၊ ဓားနှစ်လက်အတိုက်ပြိုင်ပွဲများကို လည်းကောင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်းတွင် ပိုက်ကျော်ခြင်းပြိုင်ပွဲမှ အလွတ်တန်း နှစ်ယောက်တွဲအသင်းလိုက် အုပ်စုပတ်လည် ပွဲစဉ်များနှင့် အလွတ်တန်း လေးယောက်တွဲအသင်းလိုက် အကြိုဗိုလ်လုပွဲစဉ်ပြိုင်ပွဲများနှင့် ကရာတေးဒိုပြိုင်ပွဲ (ဝဲပုံ) တွင် လူသစ်တန်းကီလိုတန်းအလိုက် ကုမိတဲ့ပြိုင်ပွဲများကို လည်းကောင်း ယှဉ်ပြိုင်ကစားကြသည်။

အလားတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား(ခ)အဆင့်ဘောလုံးပြိုင်ပွဲဒုတိယအကြိုဗိုလ်လုပွဲကို အရှေ့တောင်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု(ခ) ဘောလုံးအသင်းနှင့် အနောက်တောင်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု(ခ) အသင်းတို့သည် ယနေ့ ညနေပိုင်းတွင် ဇေယျာသီရိတပ်မတော်အားကစားကွင်း၌ ဆက်လက်ယှဉ်ပြိုင်ကစားကြရာ အရှေ့တောင်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု(ခ)အသင်းက အနောက်တောင်တိုင်း စစ်ဌာနချုပ်ကိုယ်စားပြု(ခ)အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

**ကြည့်ရှုအားပေး**

အဆိုပါ အားကစားပြိုင်ပွဲများသို့ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

○ *ကျောဖုံးမှ*

ပြိုင်ပွဲမပြီးဆုံးမီ နှစ်ပွဲအလိုကတည်းက ဗိုလ်စွဲခဲ့သည့် ရှမ်းယူနိုက်တက်အသင်းသည် ယခုနောက်ဆုံးပွဲတွင်လည်း အား/ကာ သိပ္ပံအသင်းကို အနိုင်ယူကာ ရှုံးပွဲမရှိစံချိန်နှင့်အတူ ချန်ပီယံဆု ရယူနိုင်ခဲ့သည်။

ရှမ်းယူနိုက်တက်အသင်းသည် ရှုံးပွဲမရှိစံချိန်အတွက် အတောင့်တင်းဆုံးလူစာရင်းဖြင့် ပွဲထွက်ခဲ့ပြီး အား/ကာသိပ္ပံအသင်းမှာလည်း အမာခံကစားသမားအများစုဖြင့် ပွဲထွက်ခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် ပွဲစကတည်းက တိုက်စစ်အားပြုကစားခဲ့သော်လည်း အဆုံးသတ်ပိုင်းတွင် အမှားများနေသဖြင့် ထိရောက်သည့် ဂိုးသွင်းခွင့်မရဖြစ်နေသည်။ ပထမပိုင်းပြီးခါနီးတွင် စည်သူအောင်၏ ကန်ချက်မှာလည်း တိုင်ထိထွက်ခဲ့သဖြင့် နစ်နာခဲ့ရသည်။ ဒုတိယပိုင်းတွင် ရှမ်းယူနိုက်တက်အသင်းက ဂိုးရရန် တိုက်စစ်ပိုမြင့်လာပြီး ၅၁ မိနစ်တွင် နန္ဒကျော်က အနိုင်ဂိုးသွင်းယူခဲ့သည်။ အား/ကာသိပ္ပံအသင်းသည် ချန်ပီယံရှမ်းယူနိုက်တက်ကို အကောင်းဆုံး တုံ့ပြန်ခဲ့သော်လည်း ဒုတိယပိုင်းတွင် ပေးလိုက်ရသည့် ဂိုးဖြင့် အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။

၂၀၂၂ ရာသီ MNL ပြိုင်ပွဲကို ဇွန် ၂၅ ရက်မှ နိုဝင်ဘာ ၁၆ ရက်အထိ ကျင်းပခဲ့ပြီး ပြိုင်ပွဲအပြီးတွင် ရှမ်းယူနိုက်တက်အသင်းက ၁၈ ပွဲကစား ၁၅ ပွဲနိုင်၊ သုံးပွဲသရေ၊ ရှုံးပွဲမရှိ၊ ရမှတ် ၄၈ မှတ်ဖြင့် ချန်ပီယံဆုရရှိခဲ့ကာ ရန်ကုန်အသင်းက ၃၉ မှတ်ဖြင့် ဒုတိယ၊ ဟံသာဝတီအသင်းက ၃၂ မှတ်ဖြင့် တတိယဆုရရှိခဲ့သည်။ ယင်းအသင်းများနောက်တွင် မြဝတီအသင်းက ၃၁ မှတ်၊ ရှေ့ဝတီအသင်းနှင့် ရတနာပုံအသင်းက ၂၈ မှတ်စီ၊ အား/ကာသိပ္ပံအသင်းက ၂၅မှတ်၊ မဟာယူနိုက်တက်အသင်းက ၁၁ မှတ်ရရှိပြီး ၁၀ မှတ်ရရှိသည့် GFA အသင်းနှင့် ငါးမှတ်ရရှိသည့် ရခိုင်ယူနိုက်တက်အသင်းမှာမူ တန်းဆင်းခဲ့ရသည်။ MNL ပြိုင်ပွဲကို (၁၃) ကြိမ် ကျင်းပပြီးစီးထားပြီး ရန်ကုန်အသင်းက ငါးကြိမ်ဖြင့် အအောင်မြင်ဆုံးဖြစ်နေကာ ရတနာပုံအသင်းနှင့် ရှမ်းယူနိုက်တက်အသင်းက လေးကြိမ်စီ ဗိုလ်စွဲထားသည်။ ရှမ်းယူနိုက်တက်အသင်းသည် ပြိုင်ပွဲသမိုင်းတစ်လျှောက် လေးကြိမ်မြောက် ဗိုလ်စွဲခြင်းဖြစ်ပြီး နောက်ဆုံးသုံးရာသီဆက်တိုက် ချန်ပီယံဆုရရှိခဲ့ခြင်းလည်း ဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်း ဒုဥက္ကဋ္ဌ ဦးထိပ်ခွန်နောင်မြင့်ဝေက "အမှတ်ပေးချန်ပီယံဆုကို ရှုံးပွဲမရှိစံချိန်နဲ့ ရယူနိုင်ခဲ့တဲ့အတွက် အလွန်ဝမ်းသာပါတယ်။ တစ်ရာသီလုံးမှာ ရှုံးပွဲမရှိစံချိန်ရရှိဖို့ဆိုတာ အလွန်ခက်ခဲပါတယ်။ ဒါကို ကျွန်တော်တို့က နှစ်ကြိမ်ရရှိခဲ့တဲ့အတွက် ပိုပြီးဂုဏ်ယူရပါတယ်။ အခုလိုအောင်မြင်တာဟာ အားလုံးရဲ့ ကြိုးစားမှုကြောင့်ပါ။ နည်းပြအဖွဲ့ဝင်၊ ကစားသမားတွေကအစ ဝန်ထမ်းအားလုံး ကျေးဇူးတင်ပါတယ်။ ရှမ်းပြည်နယ်က ပရိသတ်တွေအတွက် ဆုဖလားအပ်နှံပွဲကို လည်း ကစားသမားစုံလင်တဲ့အချိန် မကြာခင်တောင်ကြီးမြို့မှာ ပြုလုပ်သွားဖို့ရှိပါတယ်။ လာမယ့်ရာသီမှာ ပြည်တွင်းပြိုင်ပွဲတွေရော နိုင်ငံတကာပြိုင်ပွဲတွေပါ ယှဉ်ပြိုင်ရမှာဖြစ်တာကြောင့် ရလဒ်ကောင်းရရှိအောင် လိုအပ်တဲ့နေရာတွေ အင်အားဖြည့်တင်းပြီး အကောင်းဆုံး ဖြည့်တင်းသွားမှာပါ" ဟု ပြောကြားခဲ့သည်။

ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ ဆက်လက်ကျင်းပရာ သွင်းဂိုးအများဆုံးဆုကို ရှေ့ဝတီတိုက်စစ်မှူး ရန်ကျော်ထွေးက သွင်းဂိုး ၁၄ ဂိုးဖြင့် ရရှိပြီး ဆုတံဆိပ်နှင့် ငွေကျပ်ဆယ်သိန်း၊ ပဉ္စမဆုရ ရှေ့ဝတီအသင်းကို ဆုကြေးငွေကျပ်သိန်း ၁၀၀၊ စတုတ္ထဆုရ မြဝတီအသင်းကို ဆုကြေးငွေကျပ်သိန်း ၂၀၀၊ တတိယဆုရ ဟံသာဝတီအသင်းကို တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးငွေကျပ်သိန်း ၃၀၀၊ ဒုတိယဆုရ ရန်ကုန်အသင်းကို တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးငွေကျပ်သိန်း ၄၀၀၊ ပထမဆုရ ရှမ်းယူနိုက်တက်အသင်းကို တစ်ဦးချင်းဆုတံဆိပ်၊ ဆုကြေးငွေကျပ်သိန်း ၆၀၀၊ ဆုဖလားနှင့် ရှုံးပွဲမရှိစံချိန်ဖြင့် ရရှိသည့်အတွက် ရွှေဆုဖလားတို့ကို ချီးမြှင့်ခဲ့သည်။ ယင်းဆုများကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် အစိုးရအဖွဲ့ ဝန်ကြီးများ၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်နှင့် မြန်မာ နေရှင်နယ်လိဂ်ကော်မတီတို့မှ တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ-သော်လေး**

## နဖားကြူး(ခ)အမြီးဝိုင်း ငှက်ပုံ (၂၀၀ ကျပ်တန်) စာပို့တံဆိပ်ခေါင်းသစ် ရောင်းချပေးသွားမည်

**နေပြည်တော် နိုဝင်ဘာ ၁၆**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့စာတိုက်လုပ်ငန်းမှ **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက မြန်မာနိုင်ငံ၌သာကျက်စားသည့် ဒေသရင်းငှက်မျိုးစိတ်အဖြစ်မှတ်တမ်းတင် သဘောထားမှတ်ချက်ပြုထားသည့်** မြန်မာ့ဒေသရင်း **"နဖားကြူး(ခ)အမြီးဝိုင်း"** ငှက်ပုံ (၂၀၀ ကျပ်တန်) စာပို့တံဆိပ်ခေါင်းသစ် (၁)မျိုးအား **၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ (၂၃) ရက်၊ (ဗုဒ္ဓဟူးနေ့) နံနက် (၀၉:၃၀) နာရီ**အချိန်မှစတင်၍ နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးတို့နှင့် တိုင်းဒေသကြီး/ပြည်နယ်များရှိ စာတိုက်ကြီးများတွင် တစ်ပြိုင်တည်း ရောင်းချပေးသွားမည်ဖြစ်ပါသည်။

အထူးအစီအစဉ် တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့တွင် **နိုဝင်ဘာ ၂၃ ရက်**တွင်ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်တွင် နေ့စွဲအမှတ်အသား တံဆိပ်ရိုက်နှိပ်ပေးမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




*စာမျက်နှာ ၁၀ မှ*

နှစ်ပေါင်းထောင်သောင်းမက အေးအတူပူအမျှ အတူတကွနေထိုင်ခဲ့ကြတဲ့ တိုင်းရင်းသားညီအစ်ကိုတစ်တွေနဲ့ လက်တွဲကာ ရှေ့ခရီးကို ပျော်ပျော်ပါးပါးနဲ့ လျှောက်လှမ်းကြရလိမ့်မယ်။ ထိုသို့ ကြိုးပမ်းအားထုတ်ကြရင်း မြန်မာတို့ နှစ်ပေါင်းများစွာတည်ရှိခိုင်မြဲခဲ့တဲ့ အမျိုးသားယဉ်ကျေးမှုအမွေအနှစ်တွေ၊ ဓလေ့ထုံးတမ်းတွေ၊ ကိုယ်ကျင့်တရားတွေ၊ အမျိုးအနွယ်ကိုစောင့်ရှောက်ထိန်းသိမ်းတဲ့ အမျိုးစောင့်ဝံသာနုရက္ခိတစိတ်ဓာတ်များကိုလည်း ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ကြရပါလိမ့်မယ်။

စုပေါင်းအားနဲ့ အေးအေးဆေးဆေး ဖြည်းဖြည်းနဲ့ မှန်မှန် တည်ထောင်ကြရပေဦးမယ်။ မြန်မာတို့တစ်တွေဟာ မိုးကုတ်စက်ဝိုင်းတစ်ဆုံးထိ လေ့လာစရာတွေဟာ ကိုယ့်ရှေ့မှာရှိနေတာမို့ သင်ယူဖို့ခရီးဆက်ကြရဦးမယ်လို့ ယုံကြည်ပါကြောင်း ။ ။

**ကျမ်းကိုး -**

◆ ဦးသန့်၏ဘဝအတွေ့အကြုံများ မောင်ရွှေခေတ်။ ရန်ကုန် ပန်းဝေဝေစာပေ၊ ၂၀၁၃ ခုနှစ်
◆ ဗမာ့တော်လှန်ရေးသမိုင်း၊ ဗိုလ်မှူးဘသောင်း (မောင်သုတ) မတ်လ ၁၉၉၁ ခုနှစ်၊ ပြန်ကြားရေးဝန်ကြီးဌာန
◆ မကြန် သမိုင်းရှာပုံတော်ခရီးနှင့် အခြားစာတမ်းများ မြရတနာစာပေ၊ စာစဉ် (၁) ၂၀၀၂ ခုနှစ်
◆ Myanmar: Facts and Figures; Ministry of Information, Myanmar, March, 2000
◆ "၂၀ ရာစု မြန်မာနိုင်ငံ" အမျိုးသား လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန၊ ပညာရေးဝန်ကြီးဌာန၊၂၀၀၂ ခုနှစ် တက္ကသိုလ်များ ပုံနှိပ်တိုက်
◆ ကြေးမုံသတင်းစာ၊ စာ ၁-၈၊ အောက်တိုဘာ ၁၆၊ ၂၀၁၈
◆ Asia Pacific: Its Role in the New World Order, (Myanmar, Burma) by M S Dobbs – Higginson, New Light of Myanmar (1998)

# တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို ရဲဗလတံဆိပ်နှင့် ဂုဏ်ပြုလွှာချီးမြှင့်အပ်နှင်းပွဲ၊ အဆို၊ အက၊ အရေး၊ အတီး (နိုင်ငံတော်အဆင့်) ပြိုင်ပွဲတွင်ဆုရရှိခဲ့သည့် ပြိုင်ပွဲဝင်များ ဂုဏ်ပြုပွဲသို့ တက်ရောက်



**နေပြည်တော် နိုဝင်ဘာ ၁၆**

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုသည် တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက မြိတ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ကျွန်းရတနာခန်းမတွင် မြိတ်ခရိုင်အတွင်း နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် ထူးချွန်ပြောင်မြောက်စွာ စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သူများကို ရဲဗလတံဆိပ်နှင့် ဂုဏ်ပြုလွှာ ချီးမြှင့်အပ်နှင်းပွဲသို့ တက်ရောက်၍ ဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်အပ်နှင်းကြသည်။

ဂုဏ်ပြုပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး မြိတ်ခရိုင်မှ ရဲဗလတံဆိပ်ရရှိသူ လေးဦးကို ရဲဗလတံဆိပ်နှင့် ဂုဏ်ပြုလွှာများ ချီးမြှင့်အပ်နှင်းသည်။ **(ယာပုံ)**

ယင်းနောက် ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင် က ရဲဗလတံဆိပ်ရရှိသူ သုံးဦးကို ရဲဗလတံဆိပ်နှင့် ဂုဏ်ပြုလွှာများ ချီးမြှင့်အပ်နှင်းပြီး ရဲဗလတံဆိပ်ရရှိသူများကိုယ်စား ရဲဗလတံဆိပ်ရရှိသူတစ်ဦးက ကျေးဇူးတင်စကားပြောကြား၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က မိသားစုဝင်များကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်အားပေးစကား ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြိတ် တက္ကသိုလ်တွင် ကျင်းပသည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (နိုင်ငံတော်အဆင့်) ပြိုင်ပွဲတွင် မြိတ်ခရိုင်မှ ဆုရရှိခဲ့သည့် ပြိုင်ပွဲဝင်များအား ဂုဏ်ပြုပွဲသို့ တက်ရောက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က ကျေးဇူးတင် ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ထို့နောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (နိုင်ငံတော်အဆင့်) ပြိုင်ပွဲတွင် ဆုရရှိခဲ့သည့် ပြိုင်ပွဲဝင်များကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ထပ်ဆင့်ဂုဏ်ပြုဆုငွေများကို တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများက ဂုဏ်ပြုချီးမြှင့်ကြပြီး ပြိုင်ပွဲဝင်များကိုယ်စား ပြိုင်ပွဲဝင်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (နိုင်ငံတော်အဆင့်) ပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးအနေဖြင့် ဆုတံဆိပ် ၂၃ ခုရရှိခဲ့ပြီး ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် အဆင့်(၉) ရရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ဝေးလံခေါင်းပါးသောဒေသများရှိ တိုက်နယ်ဆေးရုံများတွင် သွားရောက်တာဝန်ထမ်းဆောင်ရန်အတွက် တပ်မတော်မှ ပါရဂူများနှင့်ဆေးမှူးများ နေပြည်တော်မှထွက်ခွာ

**နေပြည်တော် နိုဝင်ဘာ ၁၆**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ လမ်းညွှန်ချက်ဖြင့် စစ်ကိုင်းတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့ရှိဝေးလံခေါင်းပါး၍လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့်ဒေသများ၌ ဒေသခံပြည်သူများ၏ ကျန်းမာရေးမြှင့်တင်ရန်အတွက် ဆရာဝန်လိုအပ်ချက်ရှိသည့် ဆေးရုံများတွင် မိမိတို့၏ သဘောဆန္ဒအလျောက် သွားရောက်တာဝန်ထမ်းဆောင်ရန် ဆန္ဒပြုထားသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများပါဝင်သည့် တပ်မတော်သားဆရာဝန် ၁၈ ဦးသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်လေဆိပ်မှ တပ်မတော်လေယာဉ်ဖြင့် ထွက်ခွာရာ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ် လှမြင့်စိုး၊ ဆေးဝန်ထမ်း ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ် ကိုကိုလွင်နှင့် တာဝန်ရှိသူများက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါ တပ်မတော်သားဆရာဝန်များအဖွဲ့တွင် မေ့ဆေးပါရဂူတစ်ဦး၊ ရောဂါဗေဒပါရဂူတစ်ဦး၊ ဇီဝဓာတုဗေဒပါရဂူတစ်ဦးနှင့် ဆေးမှူး ၁၅ ဦး စုစုပေါင်း ၁၈ ဦးတို့ ပါဝင်ပြီး ချင်းပြည်နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ မြို့နယ်/ တိုက်နယ်ဆေးရုံ ကိုးခုတွင် ဒေသခံပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ထမ်းဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

ဝေးလံခေါင်းပါး၍ သွားလာရန်ခက်ခဲသည့် ဒေသများသို့ သွားရောက် တာဝန်ထမ်းဆောင်မည့် တပ်မတော်သားဆရာဝန်များသည် မွန်းလွဲပိုင်းတွင် မုံရွာလေဆိပ်သို့ ရောက်ရှိကြရာ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် သန်းထိုက်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး လေဆိပ်ခန်းမ၌တွေ့ဆုံ၍ နယ်မြေဒေသအခြေအနေ၊ အုပ်ချုပ်ထောက်ပံ့မှုဆိုင်ရာကိစ္စရပ်များနှင့် အခြားလိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။ ယင်းနောက် ညနေပိုင်းတွင် ၎င်းတို့တာဝန်ထမ်းဆောင်မည့်ဒေသများသို့ ဆက်လက်ထွက်ခွာရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

တပ်မတော်အနေဖြင့် ဝေးလံခေါင်းပါး၍သွားလာရန်အခက်အခဲရှိပြီး ဆရာဝန်လိုအပ်ချက်ရှိနေသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများရှိ ကျန်းမာရေးလိုအပ်ချက်ရှိသည့် ဒေသခံပြည်သူများ၏ ကျန်းမာရေး မြှင့်တင်နိုင်ရန်အတွက် ၂၀၁၆ ခုနှစ်တွင် တပ်မတော်သားဆရာဝန် ၄၄ ဦးကို ပထမအကြိမ်အဖြစ် လည်းကောင်း၊ ဒုတိယအကြိမ်အဖြစ် ၂၀၁၈ ခုနှစ်တွင် တပ်မတော်သားဆရာဝန် ၄၄ ဦးဖြင့် လည်းကောင်း၊ တတိယအကြိမ်အဖြစ် ၂၀၂၀ ပြည့်နှစ်တွင် တပ်မတော်သား ဆရာဝန် ၄၆ ဦးဖြင့် လည်းကောင်း၊ ယခုစတုတ္ထအကြိမ်အဖြစ် တပ်မတော်သား ဆရာဝန် ၁၈ ဦးတို့ဖြင့် လည်းကောင်း ၎င်းတို့ဆန္ဒသဘောထားအရ လျှောက်ထားလာသူများအား အလှည့်ကျတာဝန်ထမ်းဆောင်စေခဲ့ရာ ၂၀၁၆ ခုနှစ်မှစ၍ လက်ရှိအချိန်အထိ တပ်မတော်သားဆရာဝန် ၁၅၂ ဦးဖြင့် အဆိုပါဒေသများရှိ ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# (၃၃)နှစ်မြောက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း အထိမ်းအမှတ် ကမ္ဘာ့ကလေးများနေ့အကြိုလှုပ်ရှားမှု အခမ်းအနားကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၆**

ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းအား အပြည်ပြည် ဆိုင်ရာစာချုပ်အဖြစ် ပြဋ္ဌာန်းခဲ့သည့်ရက်ကို ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း နှစ်ပတ်လည်နေ့ (ကမ္ဘာ့ကလေးများနေ့) အဖြစ် သတ်မှတ်ကာ အခမ်းအနားများ ကျင်းပဆောင်ရွက်လျက်ရှိရာ (၃၃)နှစ်မြောက် ကလေးသူငယ် အခွင့်အရေးများ ဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း အထိမ်းအမှတ် ကမ္ဘာ့ကလေးများနေ့ အကြိုလှုပ်ရှားမှု အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ တော်ဝင်ရတနာ မူလတန်းကြိုကျောင်း၌ ကျင်းပသည်။



အဆိုပါ အခမ်းအနားကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ နေပြည်တော် လူမှုဝန်ထမ်းဦးစီးဌာနက ကြီးမှူး၍ ကျင်းပခြင်းဖြစ်ပြီး အခမ်းအနားတွင် နေပြည်တော် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီဥက္ကဋ္ဌနေပြည်တော်ကောင်စီ အဖွဲ့ဝင် ဦးမြင့်စိုးက အမှာစကားပြောကြားသည်။

ထို့နောက် နေပြည်တော်အတွင်းရှိ မူလတန်းကြိုကျောင်း ရှစ်ကျောင်းနှင့် ကလေးပြုစုရေးဌာနတို့မှကလေးငယ်များက အကပဒေသာဖြင့် ဖျော်ဖြေတင်ဆက်ကြရာ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး ကလေးငယ်များကို အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ကြောင်း သိရသည်။ **သတင်းစဉ်**

# မိုး/မိုးနှောင်းချည်မျှင်ရှည်ဝါ တစ်ဧကေ ပိဿာ ၁၀၀၀ ထွက်ရှိရေး စံပြကွက် ၅၀ ဒသမ ၀၀ ဧက အောင်မြင်ဖြစ်ထွန်းနေမှု ကွင်းသရုပ်ပြပွဲကျင်းပ

**တပ်ကုန်း နိုဝင်ဘာ ၁၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော်ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် ညောင်တုန်းအိုင်ကျေးရွာ အုပ်စုတွင် ၂၀၂၂-၂၀၂၃ ခုနှစ် မိုး/မိုးနှောင်းချည်မျှင်ရှည်ဝါ တစ်ဧကေ ပိဿာ ၁၀၀၀ ထွက်ရှိရေးစံပြကွက် ၅၀ ဒသမ ၀၀ ဧက အောင်မြင်ဖြစ်ထွန်းနေမှု ကွင်းသရုပ်ပြပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၅ ရက်က ကွင်းအမှတ် ၂၀၃၃/ ၂၀၃၆ ကွင်း၊ ညောင်တုန်းအိုင် ကျေးရွာ တောင်သူ ဦးကိုကို၏ ရွှေတောင် (၁၀) ဝါ စိုက်ခင်းတွင် ကျင်းပသည်။

အဆိုပါ ကွင်းသရုပ်ပြပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန (ရုံးချုပ်) ဝါနှင့် လျှော်မျှင်ထွက်သီးနှံဌာနခွဲ ညွှန်ကြားရေးမှူး ဒေါ်အေးမီမီစိုး က အမှာစကား ပြောကြားပြီး နေပြည်တော် စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယတိုင်းဦးစီးမှူး ဦးစိုးနိုင်က ချည်မျှင်ရှည်ဝါစိုက်ပျိုးရခြင်းရည်ရွယ်ချက်များ၊တပ်ကုန်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးညီညီထွေးက တောင်သူများအား စိုက်ပျိုးရေးနှင့်ပတ်သက်သည့် လုပ်ငန်းကိစ္စရပ်များ ပြောကြားခဲ့သည်။ ထို့နောက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးထွန်းညွှန့်က မိုး/မိုးနှောင်းချည်မျှင်ရှည်ဝါ တစ်ဧကေ ပိဿာ ၁၀၀၀ ထွက်ရှိရေး စံပြကွက် စိုက်ပျိုးထားရှိမှုအခြေအနေများ၊ Morning Star ကုမ္ပဏီလီမိတက်မှ တာဝန်ခံ ဦးဇော်ဇော်ဝင်းက အာဟာရပြည့် ရွက်ဖျန်းအားဆေး ပက်ဖျန်းခြင်းဖြင့် ရရှိသော အကျိုးကျေးဇူးများ ရှင်းလင်းတင်ပြခဲ့ပြီးနောက် တာဝန်ရှိသူများက ဝါစိုက်တောင်သူများအား မောနင်းစတား ရွက်ဖျန်းအားဆေးရည်ပုလင်းများ ထောက်ပံ့ပေးအပ်ခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

# ၂၀၂၄ ခုနှစ် အမေရိကန်သမ္မတရွေးကောက်ပွဲတွင် ဒေါ်နယ်ထရမ့် ပါဝင်ယှဉ်ပြိုင်မည်ဟု ကြေညာ

ဝါရှင်တန် နိုဝင်ဘာ ၁၆

**အမေရိကန် သမ္မတဟောင်း ဒေါ်နယ်ထရမ့်သည် ၂၀၂၄ ခုနှစ် သမ္မတရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည်ဟု တရားဝင်ကြေညာခဲ့သည်။ ဖလော်ရီဒါရှိ ၎င်းပိုင်ဆိုင်သည့်အပန်းဖြေစခန်း၌ နိုဝင်ဘာ ၁၅ ရက်က မိန့်ခွန်း ပြောကြားခဲ့ခြင်း ဖြစ်သည်။**



အမေရိကန် သမ္မတ ဟောင်း ဒေါ်နယ်ထရမ့်။

အမေရိကန်နိုင်ငံကို နောက်တစ်ကြိမ် ခမ်းနားကြီးကျယ်သည့်နိုင်ငံအဖြစ် ပြုလုပ်ရန် အမေရိကန် သမ္မတရွေးကောက်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည်ဟု ဒေါ်နယ်ထရမ့်က ကြေညာခဲ့သည်။ ကြားဖြတ်ရွေးကောက်ပွဲ နောက်ဆုံးရလဒ်များ ထွက်ပေါ်လာချိန်နှင့်တိုက်ဆိုင်စွာ ဒေါ်နယ်ထရမ့် က ယခုလို ကြေညာခဲ့ခြင်းဖြစ်သည်ဟု နိုင်ငံရေးစောင့်ကြည့်သူများက ပြောသည်။ အက်ဖ်ဘီအိုင်မှ ထရမ့်ကို စုံစမ်းစစ်ဆေးမှုများပြုလုပ်နေရာ ယင်းအပေါ် အာရုံစိုက်မှုများရှောင်ရှားရန် ကြိုးပမ်းနေခြင်းဖြစ်သည်ဟုလည်း အချို့ကသုံးသပ်ကြသည်။

အက်ဖ်ဘီအိုင်အေးဂျင့်များသည် ထရမ့်၏ နေအိမ်တွင် အထောက်အထားအချက်အလက်များကို ရှာဖွေကြသည်။ ကြားဖြတ်ရွေးကောက်ပွဲတွင် မျှော်မှန်းထားသလောက် အောင်မြင်မှုမရရှိသည့်အပေါ် တာဝန်ယူရန် ထရမ့်ကို ရီပတ်ဘလီကင်အချို့က တောင်းဆိုထားကြသည်။

**အင်န်အိတ်ချ်ကေ**

## နားမကြားသူများအတွက် ယာဉ်မောင်းလိုင်စင်ရွှေ့ပြေးစီမံချက် သီရိလင်္ကာအစိုးရ စတင်

**ကိုလံဘို နိုဝင်ဘာ ၁၆**

နားမကြားသူများအတွက် အငေ့ါစား ယာဉ်မောင်းလိုင်စင်ရွှေ့ပြေးလုပ်ငန်းစီမံချက်ကို သီရိလင်္ကာအစိုးရက နိုဝင်ဘာ ၁၆ ရက်တွင် စတင်ခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။





အဆိုပါ ရွှေ့ပြေးလုပ်ငန်းစီမံချက်ကို သီရိလင်္ကာနိုင်ငံ၏ ဒုတိယလူဦးရေ အထူထပ်ဆုံးခရိုင်ဖြစ်သည့် ဂမ်ပါဟာခရိုင်၌ စတင်ခဲ့ခြင်းဖြစ်ကြောင်းနှင့် သီရိလင်္ကာနိုင်ငံ နားမကြားသူများဖဟိုအဖွဲ့ချုပ်၏ တောင်းဆိုမှုကို သီရိလင်္ကာအစိုးရအဖွဲ့ဝင်များက မကြာသေးမီအချိန်တွင် အတည်ပြုပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ရွှေ့ပြေးလုပ်ငန်း စီမံချက် အောင်မြင်မှုအပေါ် မူတည်ပြီး သီရိလင်္ကာနိုင်ငံ နားမကြားသူများဖဟိုအဖွဲ့ချုပ်မှ အဖွဲ့ဝင် ၃၀၀၀၀၀ ခန့်အား အငေ့ါစားယာဉ်များအတွက် ယာဉ်မောင်းလိုင်စင်များကို ထုတ်ပေးသွားမည်ဟု သိရသည်။ **ဆင်ဟွာ**





## ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ သွေးလွန်တုပ်ကွေးရောဂါကြောင့် ယခုနှစ်တွင် သေဆုံးသူ ၂၁၃ ဦးအထိ ရှိလာ

**ဒါကာ နိုဝင်ဘာ ၁၆**

သွေးလွန်တုပ်ကွေးရောဂါကြောင့် ထပ်မံသေဆုံးသူ ရှစ်ဦးရှိသည့်အတွက် ယခုနှစ်တွင် နိုင်ငံတစ်ဝန်း အဆိုပါရောဂါကြောင့် သေဆုံးသူ ၂၁၃ ဦး အထိ ရှိလာပြီဖြစ်ကြောင်း ဘင်္ဂလားဒေ့ရှ်အစိုးရ၏ နိုဝင်ဘာ ၁၅ ရက် ထုတ်ပြန်ချက်အရ သိရသည်။

ကျန်းမာရေးဝန်ဆောင်မှုများဦးစီးဌာန (ဒီဂျီအိတ်ချ်အက်စ်) ၏ ထုတ်ပြန်ချက်အရ သွေးလွန်တုပ်ကွေးရောဂါကြောင့် သေဆုံးမှုသည် နိုဝင်ဘာလတွင် ၇၂ ဦး၊ အောက်တိုဘာလတွင် ၈၆ ဦး၊ စက်တင်ဘာလတွင် ၃၄ ဦး၊ ဩဂုတ်လတွင် ၁၁ ဦး၊ ဇူလိုင်လတွင် ကိုးဦးနှင့် ဇွန်လတွင် တစ်ဦးရှိကြောင်း သိရသည်။ ထို့ပြင် ဘင်္ဂလားဒေ့ရှ်၌ နိုဝင်ဘာ ပထမလဝက်အတွင်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၁၁၉၆၈ ဦး ရှိပြီး အောက်တိုဘာလတွင် ၂၁၈၃၂ ဦးနှင့် စက်တင်ဘာလတွင် ၉၉၁၁ ဦးဖြင့် အများဆုံးကူးစက်မှုဖြစ်ပွားကြောင်း အဆိုပါဌာနက ပြောသည်။

ယခုနှစ်တွင် သွေးလွန်တုပ်ကွေးရောဂါအဖြစ်များဆုံးမှာ မြို့တော် ဒါကာဖြစ်ပြီး နိုဝင်ဘာ ၁၅ ရက် ဒေသစံတော်ချိန် နံနက် ၈ နာရီအထိ ၂၄ နာရီအတွင်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၃၇၂ ဦးအပါအဝင် စုစုပေါင်း အဆိုပါရောဂါဖြစ်ပွားသူ ၆၉၂ ဦး ရှိသည်ဟု ဆိုသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၄၉၉၉၂ ဦးရှိပြီး ၄၆၉၂၈ ဦးမှာ ကျန်းမာရေး ပြန်လည်ကောင်းမွန်လာပြီဟု သိရသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ယမန်နှစ်က သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားသူ ၂၈၄၉၂ ဦးရှိပြီး ၁၀၅ ဦး သေဆုံးကြောင်း သိရသည်။

**ဆင်ဟွာ**

## စီးပွားဖြစ် CERES-1 Y4 ဒုံးပျံဖြင့် ဂြိုဟ်တုငါးစင်းကို အာကာသထဲသို့ တရုတ်လွှတ်တင်

**ကျိုချွမ် နိုဝင်ဘာ ၁၆**

တရုတ်နိုင်ငံသည် စီးပွားဖြစ် CERES–1 Y4 ဒုံးပျံဖြင့် ဂြိုဟ်တု ငါးစင်းကို အာကာသထဲသို့ နိုဝင်ဘာ ၁၆ ရက်က လွှတ်တင်လိုက်ကြောင်း ဆင်ဟွာသတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။

စီစဉ်သတ်မှတ်ထားသော ပတ်လမ်းထဲသို့ 1 Gaofen 03D ဂြိုဟ်တု ငါးစင်းကို တရုတ်နိုင်ငံအနောက်မြောက်ပိုင်း ကျိုချွမ်ဂြိုဟ်တု လွှတ်တင်ရေးစင်တာမှ ပေကျင်းစံတော်ချိန် မွန်းလွဲ ၂ နာရီ မိနစ် ၂၀ တွင် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ အဆိုပါ ဂြိုဟ်တုများကို စီးပွားရေးအဝေးထိန်းအာရုံခံစနစ်များ ထောက်ပံ့ရာတွင် အသုံးပြုသွားမည်ဟု ဆိုသည်။

ပေကျင်းအခြေစိုက် ဒုံးပျံထုတ်လုပ်သည့် Galactic Energy ကုမ္ပဏီမှ ထုတ်လုပ်ထားသည့် CERES–1 သည် ဂြိုဟ်တုငယ်များကို အနိမ့်ပိုင်းကမ္ဘာ့ပတ်လမ်းကြောင်းသို့ ပို့ဆောင်ပေးနိုင်စွမ်းရှိကြောင်းနှင့် ယခုအကြိမ် ဒုံးပျံလွှတ်တင်မှုသည် သယ်ဆောင်ရေးဒုံးပျံ CERES–1 ၏ လေးကြိမ်မြောက်ဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**



## ဂျပန်နိုင်ငံ၌ ကိုဗစ်-၁၉ နေ့စဉ်တွေ့ရှိမှု တစ်သိန်းကျော် ရှိလာ

**တိုကျို နိုဝင်ဘာ ၁၆** – ဂျပန်နိုင်ငံတစ်ဝန်း နောက်ထပ်တွေ့ရှိရသည့် နေ့စဉ် ကိုဗစ်–၁၉ ကူးစက်မှုအသစ်မှာ ၁၀၀၀၀၀ ကျော်အထိ ရှိလာသည်ဟု နိုဝင်ဘာ ၁၅ ရက်တွင် ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။ အဋ္ဌမမြောက်ကူးစက်မှုလှိုင်းဖြစ်လာနိုင်သည်ကို ရင်ဆိုင်သွားရန် ကျန်းမာရေးဝန်ကြီးဌာနမှ ပြင်ဆင်နေသည်။ နိုဝင်ဘာ ၁၅ ရက်တွင် အသွားအလာစောင့်ကြည့်ကန့်သတ်ထားသည့်စင်တာများမှ ကူးစက်မှုများအပါအဝင် တစ်နိုင်ငံလုံးအနှံ့ ကိုဗစ်–၁၉ ကူးစက်ခံရသူပေါင်းမှာ ၁၀၂၈၂၉ ဦးအထိရှိလာသည်ဟု သိရသည်။

စက်တင်ဘာ ၁၄ ရက်နောက်ပိုင်းတွင် ပထမဆုံးအကြိမ်အဖြစ် ကူးစက်ခံရသူပေါင်း ၁၀၀၀၀၀ အထက် ကျော်လွန်လာခြင်းလည်းဖြစ်သည်။ ကျန်းမာရေးစောင့်ရှောက်မှုစနစ်ပြိုလဲသွားခြင်းမှ အကာအကွယ်ပေးရန်အတွက် ကိုဗစ်–၁၉ မူဝါဒအသစ်ကို ပြုလုပ်ရန် အစိုးရက နိုဝင်ဘာ ၁၁ ရက်တွင် ဆုံးဖြတ်ခဲ့သည်။ အဆိုပါမူဝါဒအသစ်အောက်တွင် ခရိုင်အစိုးရအသီးသီးသည် ကန့်သတ်မှုအချို့ကို ကြေညာနိုင်သည်။ ထို့ပြင် ကိုဗစ် –၁၉ ရောဂါလက္ခဏာတွေ့ရှိသူသည် ၎င်း၏သဘောဆန္ဒအတိုင်း မလိုအပ်ဘဲ အပြင်ထွက်မှုကို ရှောင်ရှားနိုင်သည်။ **အင်န်အိတ်ချ်ကေ**

# ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ဆန်ကွဲ၊ နံ့စားပြောင်းနှင့် ပြောင်းတို့ကို အဓိကထားတင်ပို့



ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ တစ်ဖက်နိုင်ငံသို့ ဆန်ကွဲ၊ Rubber MSR 20၊ RUBBER R.S.S (1)၊ RUBBER R.S.S (2)၊ RUBBER R.S.S(3)၊ နံ့စားပြောင်းနှင့် ပြောင်းတို့ကို အဓိကထား တင်ပို့လျက်ရှိပြီး ဝဥ အစို၊ ဝဥ အခြောက်၊ Concentrate Latex 60% DRC (ရော်ဘာကြမ်း)၊Rubber M.S.R-20၊ပန်းသီး၊လိမ္မော်သီး၊ သစ်တော်သီး၊ ပန်းသစ်တော်သီး၊ စပျစ်သီး၊ တည်သီးအစို၊ တည်သီးအခြောက်တို့ကိုလည်းတင်ပို့လျက်ရှိသည်။

ယခုရက်ပိုင်းအတွင်း ပြောင်းရာသီ ရောက်ရှိလာပြီဖြစ်သည့်အတွက် ပြောင်းတင်ပို့မှုများ ပြားလာလျက်ရှိသည်။ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်း၏ တစ်ပတ်အတွင်း ပို့ကုန်တင်ပို့မှုမှာ ၆ ဒသမ ၂၇၂ ဒေါ်လာသန်းဖြစ်ပြီး ယခင်သီတင်းပတ်၏ တင်ပို့မှုမှာ ၆ ဒသမ ၄၂၆ ဒေါ်လာသန်း ဖြစ်သည့်အတွက် ယခင်သီတင်းပတ်နှင့် နှိုင်းယှဉ်ပါက ပို့ကုန်ပိုင်းတွင် လျော့နည်းခဲ့သည်။ ရှေ့လာမည့် ကာလများတွင် ကြံရာသီ ရောက်ရှိလာတော့မည်ဖြစ်သည့်အတွက် ကုန်သွယ်မှုပမာဏ တိုးတက်လာမည်ဖြစ်သည်။

ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ တင်သွင်းမှုအနေဖြင့် စားသောက်ကုန်၊ ဆေးနှင့်ဆေးဝါးပစ္စည်းများ၊ လယ်ယာသုံးပစ္စည်းတို့ကို အဓိကတင်သွင်းလျက်ရှိသည်။ ယခုသီတင်းပတ်အတွင်း အိမ်ရိုက်သံ၊ သံပိုက်၊နန်းခွေ၊ အပင်ပိုးသတ်ဆေးများ၊ မြေဆီ၊ စောင်၊ ကြွေပြား၊ စက်ဘီးအပိုပစ္စည်းများ၊ စက်အပိုပစ္စည်းများ၊ ကြက်အူချောင်း၊ စတီးချိုင့်၊ စတီးလင်ပန်း၊ စတီးဇွန်း/ခက်ရင်း၊ စတီးဇလုံ၊ စတီးခွက်၊ ကော်စေ့ စသည့်လူသုံးကုန်ပစ္စည်းများ၊ ဆေးနှင့်ဆေးဝါးပစ္စည်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ စက်နှင့်စက်အပိုပစ္စည်းများ၊ စက်ဘီးအပိုပစ္စည်းများကို အများဆုံးတင်သွင်းနိုင်ခဲ့သည်။ ပြည်သူလူထုအတွက် အဓိကလိုအပ်သော ပစ္စည်းများအား တင်သွင်းရာတွင် အဆင်ပြေချောမွေ့စေရေးအတွက် အခြားနယ်စပ်စခန်းများနည်းတူ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှလည်း ဆောင်ရွက်ပေးလျက်ရှိသည်။

ယခု သီတင်းပတ်အတွင်း ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ၂ ဒသမ ၆၄၀ ဒေါ်လာသန်း တန်ဖိုးရှိသော သွင်းကုန်များ တင်သွင်းခဲ့ပြီး ယခင်သီတင်းပတ်၏ သွင်းကုန်လုပ်ငန်းဆောင်ရွက်မှုမှာ ၂ ဒသမ ၅၈၁ ဒေါ်လာသန်း ဖြစ်သည့်အတွက် ယခုသီတင်းပတ်နှင့် ယခင်သီတင်းပတ် နှိုင်းယှဉ်ပါက ပိုမိုတင်သွင်းနိုင်ခဲ့သည်။ လက်ရှိကာလတွင် ချင်းရွှေဟော်မြို့၏ ဒေသပေါက်ဈေးအရ ယွမ်ငွေ ၁ ယွမ်လျှင် ၄၁၇ ကျပ်၊ ၄၂၇ ကျပ်ဝန်းကျင် ဖြစ်ပေါ်လျက်ရှိပြီး ငွေလဲနှုန်းပြောင်းလဲမှုအရ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်း ဈေးနှုန်းအနည်းငယ် ပြောင်းလဲမှုရှိကြောင်း သတင်းရရှိသည်။

# မြဝတီကုန်သွယ်ရေးဇုန်မှ CMP အထည်များ၊ လယ်ယာနှင့်ရေထွက်ကုန်များ ထိုင်းသို့တင်ပို့

မြဝတီကုန်သွယ်ရေးဇုန်မှ ထိုင်းနိုင်ငံသို့ CMP၊ လယ်ယာထွက်ကုန်ပစ္စည်းများနှင့် ရေထွက်ပစ္စည်းများတင်ပို့မှုရှိပြီး လယ်ယာထွက်ကုန်များအနေနှင့် ငရုတ်၊ ကြက်သွန်နီ၊ ဆန်မှုန့်၊ ဂေါ်ဖီထုပ်၊ ဝဥစို၊ ရော်ဘာတို့ကို အများဆုံး တင်ပို့လျက်ရှိသည်။ CMP တင်ပို့မှုတွင် အမျိုးသားဝတ် ဘောင်းဘီတို/ရှည်များ၊ ကုတ်အင်္ကျီ၊ ဂျာကင်အင်္ကျီများဖြစ်ပြီး ငါးပါးနီ၊ ငါးမွေထိုး၊ ငါးသလောက်၊ ငါးခွေးလျှာ၊ ငါးခားလွယ်၊ ငါးမုတ်၊ ကဏန်း၊ ပုစွန်၊ ငါးပိ စသည့် ရေထွက်ကုန်များ အဓိကတင်ပို့လျက်ရှိသည်။

ရေထွက်ပစ္စည်းများကို မဲဆောက်မှ တစ်ဆင့် ထိုင်းနိုင်ငံ ဘန်ကောက်မြို့အထိ တင်ပို့လျက်ရှိပြီး ကုန်သွယ်မှုလမ်းကြောင်း တစ်လျှောက် ကုန်သွယ်ရေးဇုန်၊ BCF တံတား-၂ တို့မှတစ်ဆင့် ထိုင်းနိုင်ငံသို့ အမြန်ရောက်ရှိရေးအတွက် ဦးစားပေးဆောင်ရွက်ပေးလျက်ရှိသည်။ အလားတူ ကုန်စိမ်းပို့ကုန်များဖြစ်ကြသည့် ကြက်သွန်နီ၊ ငရုတ်၊ ဂေါ်ဖီထုပ်တို့ကို အမြန်တင်ပို့နိုင်ရေးအတွက် ကုန်သွယ်ရေးဇုန်မှ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိသည်။

၂၀၂၂ ခုနှစ် နိုဝင်ဘာလ ပထမလဝက်အတွင်း ပို့ကုန်တန်ဖိုး ၁၈ ဒသမ ၅၀၉ ဒေါ်လာသန်း တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။ ယခုလအတွင်း ထိုင်းဘတ်ငွေ တစ်ဘတ်လျှင် မြန်မာငွေ ၆၇ ကျပ်မှ ၈၀ ကျပ်အတွင်း အတက်အကျ ဈေးမတည်ငြိမ်ကြောင်း သတင်းရရှိသည်။

# ကန်ပိုက်တီကုန်သွယ်ရေးစခန်းမှ ပန်းသီး၊ လိမ္မော်သီး တင်သွင်းနိုင်ခဲ့

ကန်ပိုက်တီကုန်သွယ်ရေးစခန်းမှ သစ်သီးသွင်းကုန်လိုင်စင် လျှောက်ထားမှုများအား ခွင့်ပြုပေးလျက်ရှိရာ ၁-၁၁-၂၀၂၂ ရက်မှ ၁၅-၁၁-၂၀၂၂ ရက်အထိ ပန်းသီး ၂၁ ဒသမ ၃ တန်၊ လိမ္မော်သီး ၄၁ ဒသမ ၀၀ တန် တင်သွင်းနိုင်ခဲ့ကြောင်း သိရသည်။ ကန်ပိုက်တီကုန်သွယ်ရေးစခန်းမှ သစ်သီးတင်သွင်းရာတွင် စိုက်ပျိုးရေးဦးစီးဌာန၏ Import Certificate (IC) ထောက်ခံချက်ရယူပြီး တင်သွင်းခြင်းဖြစ်သည်။ အဆိုပါကာလအတွင်း တရုတ်ငွေ ၁ ယွမ်လျှင် မြန်မာကျပ်ငွေအနိမ့်ဆုံး ၄၂၇ ကျပ်မှ အမြင့်ဆုံး ၄၃၅ ကျပ်ထိဖြစ်ပေါ်ခဲ့ပြီး ငွေလဲနှုန်းသိသာစွာ ပြောင်းလဲမှု မရှိခဲ့ကြောင်း သတင်းရရှိသည်။

## ၁၆.၁၁.၂၀၂၂ ရက်နေ့ တိုင်းဒေသကြီးနှင့် ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါး၊ ရွှေ ဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်)ဆီ(တစ်ပိဿာ) | | | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | | ၁၆' ပဲရည်ရွှေ(တစ်ကျပ်သား) |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ (ရှမ်းစ) | ကြက်သွန်ဖြူ (ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၂၀၀၀ | | ၁၄၀၀၀ | ၇၅၀၀ | ၂၀၀၀၀ | ၄၀၀၀ | ၄၅၀၀ | ၄၅၀၀ | ၃၀၀၀ | ၂၀၀၀ | ၁၀၀၀ | ၇၅၀၀ | ၄၅၀၀ | ၅၅၀၀ | ၂၃၀၀ | ၃၀၀၀ | ၁၃၀၀၀ | ၁၃၀၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၁၂၀၀၀ | ၂၆၅၀၀၀၀ |
| ၂ | လားရှိုး | ၁၈၅၀ | ၁၇၀၀ | ၁၅၀၀၀ | ၉၀၀၀ | ၂၃၀၀၀ | ၅၀၀၀ | ၄၅၀၀ | ၅၀၀၀ | ၃၀၀၀ | ၂၈၀၀ | ၅၀၀ | ၇၅၀၀ | ၄၈၀၀ | ၅၅၀၀ | ၂၅၀၀ | ၂၅၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၈၅၀၀ | ၂၈၀၀၀ | ၈၀၀၀ | ၂၅၈၅၀၀၀ |
| ၃ | ကျိုင်းတုံ | ၂၃၀၀ | | ၁၄၀၀၀ | ၇၅၀၀ | ၂၀၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၆၀၀၀ | | ၂၅၀၀ | ၁၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၂၈၀၀ | ၃၀၀၀ | ၉၅၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | | ၈၀၀၀ | ၂၆၅၀၀၀၀ |
| ၄ | တောင်ကြီး | ၂၁၅၀ | ၁၉၅၀ | ၁၃၀၀၀ | ၆၅၀၀ | ၂၀၀၀၀ | ၄၈၀၀ | ၄၀၀၀ | ၅၅၀၀ | ၃၅၀၀ | ၁၀၀၀ | ၆၀၀ | ၆၅၀၀ | ၄၈၀၀ | ၃၀၀၀ | ၂၅၀၀ | ၂၈၀၀ | ၁၃၀၀၀ | ၁၄၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၈၅၀၀ | ၂၅၇၀၀၀၀ |
| ၅ | လှိုင်ကော် | ၂၆၀၀ | ၁၉၅၀ | ၁၃၀၀၀ | ၇၆၀၀ | ၁၄၀၀၀ | ၄၂၀၀ | ၄၂၀၀ | ၅၂၀၀ | ၄၃၀၀ | ၁၃၀၀ | ၄၀၀ | ၆၅၀၀ | ၄၀၀၀ | ၃၅၀၀ | ၂၃၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၅၀၀၀ | ၂၄၀၀၀ | ၈၀၀၀ | ၂၆၇၃၀၀၀ |
| ၆ | ဘားအံ | ၁၈၀၀ | | ၁၂၀၀၀ | ၈၅၀၀ | ၁၈၀၀၀ | ၄၇၀၀ | ၄၅၀၀ | ၅၀၀၀ | ၅၀၀၀ | ၂၅၀၀ | ၆၀၀ | ၆၈၀၀ | ၄၈၀၀ | ၄၅၀၀ | ၂၆၀၀ | ၂၈၀၀ | ၁၀၀၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၂၃၀၀၀ | ၆၀၀၀ | ၂၆၇၉၀၀၀ |
| ၇ | မော်လမြိုင် | ၁၉၀၀ | | ၁၃၅၀၀ | ၆၅၀၀ | ၂၂၀၀၀ | ၄၅၀၀ | ၅၀၀၀ | ၅၀၀၀ | ၃၅၀၀ | ၂၅၀၀ | ၆၀၀ | ၉၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၃၀၀၀ | ၂၈၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၆၅၀၀ | ၂၆၇၀၀၀၀ |
| ၈ | ထားဝယ် | ၂၃၀၀ | | ၁၅၀၀၀ | ၇၅၀၀ | ၁၇၀၀၀ | ၄၅၀၀ | ၄၅၀၀ | ၄၅၀၀ | ၄၅၀၀ | ၂၀၀၀ | ၆၀၀ | ၆၅၀၀ | ၅၂၀၀ | ၄၀၀၀ | ၂၈၀၀ | ၂၇၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | | ၂၆၇၀၀၀၀ |
| ၉ | မြိတ် | ၂၁၀၀ | | ၁၅၀၀၀ | ၇၀၀၀ | ၂၃၀၀၀ | ၄၆၀၀ | ၅၀၀၀ | ၄၆၀၀ | ၄၅၀၀ | ၂၂၀၀ | ၈၀၀ | ၆၇၀၀ | ၃၉၀၀ | ၄၆၀၀ | ၃၄၀၀ | ၃၁၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၄၀၀၀ | | ၂၆၈၀၀၀၀ |
| ၁၀ | ရန်ကုန် | ၁၉၀၀ | ၁၇၀၀ | ၁၂၀၀၀ | ၄၈၀၀ | ၂၂၀၀၀ | ၄၅၀၀ | ၆၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၃၀၀၀ | ၆၀၀ | ၆၅၀၀ | ၅၀၀၀ | ၆၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၉၀၀၀ | ၁၅၀၀၀ | ၁၆၀၀၀ | ၂၇၀၀၀ | ၁၀၀၀၀ | ၂၅၃၀၀၀၀ |
| ၁၁ | ပုသိမ် | ၂၀၀၀ | | ၁၃၀၀၀ | ၆၂၀၀ | ၂၀၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၅၀၀၀ | ၂၅၀၀ | ၄၀၀ | ၇၅၀၀ | ၄၅၀၀ | ၅၀၀၀ | ၂၈၀၀ | ၂၅၀၀ | ၁၀၀၀၀ | ၁၄၀၀၀ | ၁၇၀၀၀ | ၂၅၀၀၀ | ၉၀၀၀ | ၂၆၆၀၀၀၀ |
| ၁၂ | စစ်တွေ | ၁၈၅၀ | ၁၇၅၀ | ၁၃၀၀၀ | ၇၅၀၀ | ၂၃၀၀၀ | ၅၂၀၀ | ၅၀၀၀ | ၆၀၀၀ | ၄၀၀၀ | ၂၀၀၀ | ၅၀၀ | ၈၀၀၀ | ၅၀၀၀ | ၄၅၀၀ | ၄၅၀၀ | ၃၂၀၀ | ၁၁၀၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | | ၂၇၀၀၀၀၀ |
| ၁၃ | ဟားခါး | ၃၂၀၀ | | ၁၈၀၀၀ | | ၁၈၀၀၀ | ၅၀၀၀ | ၅၀၀၀ | | | ၁၅၀၀ | ၁၀၀၀ | | ၅၀၀၀ | | ၃၀၀၀ | ၄၀၀၀ | ၁၂၅၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | | ၉၀၀၀ | ၂၇၄၀၀၀၀ |
| ၁၄ | မုံရွာ | ၂၇၀၀ | | ၉၅၀၀ | ၆၃၀၀ | ၂၀၀၀၀ | ၄၃၀၀ | ၃၅၀၀ | ၆၀၀၀ | ၅၂၀၀ | ၁၆၀၀ | ၈၀၀ | ၅၂၀၀ | ၅၅၀၀ | ၄၃၀၀ | ၂၆၀၀ | ၃၂၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၇၀၀၀ | ၂၆၀၀၀ | ၈၀၀၀ | ၂၅၉၀၀၀၀ |
| ၁၅ | မန္တလေး | ၂၀၅၀ | ၁၅၀၀ | ၁၂၀၀၀ | ၆၅၀၀ | ၂၀၀၀၀ | ၄၁၀၀ | ၄၀၀၀ | ၆၀၀၀ | ၄၅၀၀ | ၁၅၀၀ | ၆၀၀ | ၆၀၀၀ | ၅၀၀၀ | ၄၄၀၀ | ၂၅၀၀ | ၂၈၀၀ | ၁၀၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၈၀၀၀ | ၂၆၇၈၀၀၀ |
| ၁၆ | ပခုက္ကူ | ၂၂၀၀ | | ၁၀၀၀၀ | ၆၂၀၀ | ၁၉၀၀၀ | 3300(သစ်) | ၅၂၀၀ | ၄၅၀၀ | ၆၀၀၀ | ၂၀၀၀ | ၅၅၀ | ၅၈၀၀ | ၅၄၀၀ | ၄၅၀၀ | ၂၄၀၀ | ၂၆၀၀ | ၁၄၀၀၀ | ၁၅၀၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၆၀၀၀ | ၂၇၃၀၀၀၀ |
| ၁၇ | မကွေး | ၂၃၀၀ | | ၁၀၀၀၀ | ၆၃၅၀ | ၁၈၀၀၀ | ၄၇၀၀ | ၄၂၀၀ | ၄၇၀၀ | ၅၃၀၀ | ၂၂၀၀ | ၁၀၀၀ | ၆၃၀၀ | ၅၂၀၀ | ၄၃၀၀ | ၂၈၀၀ | ၂၈၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၂၀၀၀ | ၇၀၀၀ | ၂၆၉၅၀၀၀ |
| ၁၈ | ပြည် | 1800(သစ်) | | ၁၂၅၀၀ | ၆၄၀၀ | ၂၅၀၀၀ | ၄၄၀၀ | ၆၀၀၀ | ၄၀၀၀ | ၄၅၀၀ | ၁၇၀၀ | ၄၀၀ | ၆၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၂၈၀၀ | ၂၃၀၀ | ၁၄၀၀၀ | ၁၃၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၉၀၀၀ | ၂၇၈၅၀၀၀ |
| ၁၉ | ပဲခူး | 1800(သစ်) | | ၁၃၅၀၀ | ၆၄၀၀ | ၁၇၀၀၀ | ၄၂၀၀ | ၄၅၀၀ | ၄၅၀၀ | | ၂၀၀၀ | ၆၀၀ | ၆၁၀၀ | ၄၉၀၀ | ၅၂၀၀ | ၂၇၀၀ | ၂၇၀၀ | ၈၀၀၀ | ၁၂၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၆၀၀၀ | ၂၆၇၀၀၀၀ |
| ၂၀ | ပျဉ်းမနား | ၂၁၀၀ | | ၁၂၅၀၀ | ၆၄၀၀ | ၁၅၀၀၀ | ၃၆၀၀ | ၄၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၁၄၀၀ | ၅၀၀ | ၆၂၀၀ | ၄၆၀၀ | ၄၀၀၀ | ၂၂၀၀ | ၂၆၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၈၀၀၀ | ၂၆၈၅၀၀၀ |
| ၂၁ | နေပြည်တော် | ၂၁၀၀ | | ၁၃၀၀၀ | ၆၅၀၀ | ၁၆၀၀၀ | ၃၈၀၀ | ၄၂၀၀ | ၅၅၀၀ | ၄၂၀၀ | ၁၅၀၀ | ၅၀၀ | ၆၅၀၀ | ၄၆၀၀ | ၄၂၀၀ | ၂၄၀၀ | ၂၆၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၈၅၀၀ | ၂၆၈၅၀၀၀ |
| ၂၂ | ကလေး | ၂၀၀၀ | ၁၈၀၀ | ၁၂၀၀၀ | ၇၄၀၀ | | ၄၂၀၀ | ၄၀၀၀ | ၆၀၀၀ | | ၁၈၀၀ | ၇၀၀ | ၇၅၀၀ | ၄၅၀၀ | ၆၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၁၁၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၆၀၀၀ | ၂၇၀၀၀၀၀ |

**မှတ်ချက်။**

(၁) ဧည့်မထဆန် တစ်ပြည်လျှင် စစ်တွေတွင် ငွေကျပ် ၅၀၊ မုံရွာတွင် ငွေကျပ် ၁၅၀၊ စားအုန်းဆီ တစ်ပိဿာလျှင် စစ်တွေတွင် ငွေကျပ် ၂၀၀၊ ငရုတ်ခြောက်တစ်ပိဿာလျှင် မြိတ်တွင် ငွေကျပ် ၁၀၀၀၊ စစ်တွေတွင် ငွေကျပ် ၃၀၀၀၊ ကြက်သွန်နီတစ်ပိဿာလျှင် ဘားအံတွင် ငွေကျပ် ၂၀၀၊ မြိတ်တွင် ငွေကျပ် ၁၀၀၊ စစ်တွေတွင် ငွေကျပ် ၇၀၀ ၊ ကြက်သွန်ဖြူ(ကြူကုတ်)၊ ချင်း၊ မြေပဲဆန်နှင့် အာလူး တစ်ပိဿာလျှင် စစ်တွေတွင် ငွေကျပ် ၅၀၀ ၊ ကုလားပဲဝါတစ်ပိဿာလျှင် မုံရွာတွင် ငွေကျပ် ၃၀၀ ၊ ပခုက္ကူတွင် ငွေကျပ် ၁၀၀၊ ကြက်သားတစ်ပိဿာလျှင် မြစ်ကြီးနားတွင် ငွေကျပ် ၁၀၀၀၊ တောင်ကြီးနှင့် ဟားခါးတွင် ငွေကျပ် ၅၀၀၊ စစ်တွေတွင် ငွေကျပ် ၂၀၀၀ ဈေးတက်ခဲ့ပါသည်။

(၂) ပဲဆီတစ်ပိဿာလျှင် ဘားအံနှင့် မကွေးတွင် ငွေကျပ် ၅၀၀၊ ပခုက္ကူတွင် ငွေကျပ် ၁၀၀၀ ၊ စားအုန်းဆီတစ်ပိဿာလျှင် မန္တလေးတွင် ငွေကျပ် ၁၀၀၊ မကွေးတွင် ငွေကျပ် ၂၅၀၊ ကြက်သွန်နီ တစ်ပိဿာလျှင် ထားဝယ်တွင် ငွေကျပ် ၃၀၀၊ ကြက်သွန်ဖြူ(ကြူကုတ်) တစ်ပိဿာလျှင် ထားဝယ်တွင် ငွေကျပ် ၅၀၀၊ နနွင်းတက်တစ်ပိဿာလျှင် လားရှိုးတွင် ငွေကျပ် ၅၀၀၊ မြေပဲဆန်တစ်ပိဿာလျှင် ပခုက္ကူတွင် ငွေကျပ် ၅၀၀၊ သကြားတစ်ပိဿာလျှင် စစ်တွေတွင် ငွေကျပ် ၄၀၀ ဈေးကျခဲ့ပါသည်။

သတင်းအရင်းအမြစ် - စီးပွား/ကူးသန်း

# ကိုဗစ် – ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၆၀ တွေ့ရှိ

## ရောဂါပိုးတွေ့ရှိမှုအနေဖြင့် ၂၅ ရက်ဆက်တိုက် ၂ ရာခိုင်နှုန်းအောက်သို့ ကျဆင်း

**(၁၆-၁၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၅-၁၁-၂၀၂၂) ရက်နေ့၊ ည(၈:၀၀)နာရီမှ (၁၆-၁၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၇၃၂) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၆၀) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၆၉) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၅၅၇,၇၅၄) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၂,၈၆၅) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၆၄) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၀၇,၂၀၆) ဦးရှိပြီ ဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၈၆) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၁၅-၁၁-၂၀၂၂) ရက်နေ့အထိ အသက်(၁၈) နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၃၀,၇၄၆,၂၄၆) ဦးနှင့် အသက် (၁၈) နှစ်အောက် လူဦးရေစုစုပေါင်း (၆,၇၂၀,၅၃၄) ဦးတို့အား ထိုးနှံထားရှိပြီး ဖြစ်ပါသည်။

**ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးစီးမှု**
**(၁၅-၁၁-၂၀၂၂ ရက်နေ့အထိ)**

| | |
|---|---|
| အသက် (၁၈) နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၃၀,၇၄၆,၂၄၆ |
| အသက် (၁၈) နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၆,၇၂၀,၅၃၄ |

ယခုအခါ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါသည် ကမ္ဘာတစ်ဝန်းလုံးတွင် ဖြစ်ပွား၊ သေဆုံးမှုအနေဖြင့် လျော့နည်းကျဆင်းလာလျက်ရှိပြီး မြန်မာနိုင်ငံတွင်လည်း ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ်မှ နေ့စဉ်ဓာတ်ခွဲစစ်ဆေးမှုများ၌ ရောဂါပိုးတွေ့ရှိမှုအနေဖြင့် (၂၅) ရက်ဆက်တိုက် (၂) ရာခိုင်နှုန်းအောက်သို့ ကျဆင်းလျက်ရှိကြောင်း တွေ့ရှိရပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့်–

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေး ထိုးနှံပြီး (၆) လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက် ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်း စသည့် တစ်ကိုယ်ရည်ကာကွယ်ရေးနည်းလမ်းများကို ဆက်လက် လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

**ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာ ခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**



## တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) ရောဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၁၆**

တပ်မတော်ပင်လယ်သွားဆေးရုံ ရေယာဉ်(သံလွင်) သည် ယနေ့တွင် ငပုတောမြို့နယ် ချောင်းဝကျေးရွာရှိ ဆိုင်ကလုန်းရှပ်တာ (Sinekalone Shutter) တွင် အခြေပြု၍ ဒေသခံပြည်သူ ၁၀၄၃ ဦးကို ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာ ရောဂါ ၃၆၂ ဦး၊ ခွဲစိတ်ရောဂါ ၇၇ ဦး၊ သားဖွား/ မီးယပ်ရောဂါ ၄၇ ဦး၊ ကလေးရောဂါ ၅၈ ဦး၊ အရိုးရောဂါ ၁၉၅ ဦး၊ နား/ နှာခေါင်း/ လည်ချောင်းရောဂါ ၄၂ ဦး၊ မျက်စိရောဂါ ၁၇၇ ဦးနှင့် သွားနှင့် ခံတွင်းရောဂါ ၈၅ ဦး စုစုပေါင်း ၁၀၄၃ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့အပြင် ခွဲစိတ်ကုသရန်လိုအပ်သူ အထွေထွေခွဲစိတ်လူနာ ငါးဦးတို့ကို ခွဲစိတ်ကုသမှုများ ဆောင်ရွက်ပေးပြီး ဓာတ်မှန်ရိုက်လူနာ သုံးဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေး လူနာ ၂၇ ဦး၊ ECG ဖြင့် နှလုံးစမ်းသပ်လူနာ ၃၂ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၃၁ ဦးတို့ကို ရောဂါရှာဖွေ စမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာများကို နီးစပ်ရာတပ်မတော်ဆေးရုံနှင့် ပြည်သူ့ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် နိုဝင်ဘာ ၁၆**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရောဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၄၆၁၅ ဦး၊ ရခိုင်ပြည်နယ် တောင်ကုတ်မြို့နှင့် ချင်းပြည်နယ် ပလက်ဝမြို့တို့၌ ဒေသခံပြည်သူ ၅၁၆ ဦး၊ မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ခရိုင်ခုနစ်ခုတို့မှ ဒေသခံပြည်သူ ၇၃၃၂ ဦးနှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၌ ဒေသခံပြည်သူ ၁၅၉ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ရောဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၃၃၃၅ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခရိုင်တို့၌ ကျောင်းသား ကျောင်းသူ ၉၁ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ် ကာကွယ်ရာတွင် အထောက်အကူ ဖြစ်စေရန်အတွက် နှာခေါင်းစည်းများကို ပြည်သူများ လက်ဝယ်အရောက် တိုင်းစစ်ဌာနချုပ် အသီးသီးမှ တာဝန်ရှိသူများက အခမဲ့ပေးဝေလှူဒါန်းလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၄ မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်နှင့် ကျောက်ပန်းတောင်းမြို့တို့ရှိ စာသင်ကျောင်းများ၊ ဈေးများ၊ လမ်းများ၊ မြို့အဝင်ဂိတ်များနှင့် လူစည်ကားရာ နေရာများတွင် နယ်မြေခံတပ်မတော်သားများက ခရိုင်/ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ပရဟိတအဖွဲ့ များနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် အသိပညာပေးဆောင်ရွက်ခြင်း၊ နှာခေါင်းစည်းများတပ်ဆင်ပြီး သွားလာကြရန် လှုံ့ဆော်ခြင်းနှင့် နှာခေါင်းစည်းများအား ဒေသခံပြည်သူများ လက်ဝယ်အရောက် အခမဲ့ပေးဝေ လှူဒါန်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# မတ်ပဲနှင့် ဂတ်ဘဲ

မောင်အောင်

"ဟာ ဦးကျော်မြိုင်တို့ ရောက်နေကြပြီလား။ ဘယ်အချိန်ကတည်းက ရောက်နေကြတာလဲ။"

ဇေယျာသီရိမြို့နယ် ပင်လောင်းလမ်းမကြီး အရှေ့ဘက်တောင်သူများ စုဝေးရောက်ရှိနေသည့် မဏ္ဍပ်ရောက်သည့်အခါ ကြိုဆိုနေသည့် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနဝန်ထမ်းများနှင့်အတူ သစ်တပ်ကျေးရွာမှ တောင်သူကြီး ဦးကျော်မြိုင်ကိုမြင်၍ ဦးအောင်က နှုတ်ဆက်လိုက်ခြင်းဖြစ်သည်။ ဦးကျော်မြိုင်နှင့်အတူ တောင်သူဦးကြီးများ ၅၀ ခန့် ရောက်ရှိနေကြသည်။

"အဘနဲ့ ရှေ့ဆင့်နောက်ဆင့်ပါ။ ကျွန်တော်တို့က အဘလာမယ်ကြားလို့ ပြေးလာခဲ့ကြတာ။ အဘကို ပြောစရာရှိလို့လေ။ ရွာကလူတွေလည်း ရောက်လာကြလိမ့်မယ်။"

"ကဲ – ပြောစရာရှိတာ ပြောပါဗျာ။ ကျွန်တော်ကလည်း ကျွန်တော်တို့ တောင်သူတွေပြောတာတွေကို ကြားချင်လွန်းလို့ စနေ၊ တနင်္ဂနွေဆိုရင် မနားဘဲနဲ့ တစ်ရွာပြီးတစ်ရွာ သွားနေတာပါ။ ကဲ – ပြောတာလည်းပြောတာပေ့ါ။ အားလုံးလည်း ထိုင်ကြပါဦး။"

ဦးအောင်က ပြောရင်းဆိုရင်း မဏ္ဍပ်တွင်းရှိ ရှေ့ဆုံးကုလားထိုင်တွင် ဝင်ထိုင်လိုက်သည်။ ၁၂ ပေ ပတ်လည်ခန့်အကျယ်ရှိ မဏ္ဍပ်ကလေးသုံးခု ဆက်ထားသဖြင့် မဏ္ဍပ်က မကျဉ်းမကျယ်ပါ။ နောက်မှီပါ ပလတ်စတစ်ကုလားထိုင်များ ခင်းထား၍လည်း တောင်သူဦးကြီးများ ထိုင်ရသည်မှာ သက်သောင့်သက်သာ ရှိပါသည်။ အခမ်းအနားစတင်ခွင့်ပြုရန် စိုက်ပျိုးရေးဦးစီးဌာနမှ သမီးပျိုများက ဦးအောင်ကို ခွင့်တောင်းလာသည်။

"ကဲ – အခမ်းအနားပုံစံတွေ ဘာတွေလုပ်မနေနဲ့။ ကဲ ဦးကျော်မြိုင် ခင်ဗျားပြောစရာရှိတယ်ဆိုတာ ဘာလဲ။ ပြောလေ။"

ဦးအောင်က ဦးကျော်မြိုင်ပြောချင်တာ ပြော၍ရအောင် ဖွင့်ပေးလိုက်သည်။

" လှမြင့်၊ ရွာတုန်းက မင်းပဲ အဘနဲ့တွေ့ရင် ပြောမယ်ဆိုတာ ပြောလေကွာ။"

ကိုကျော်မြိုင်က တစ်ရွာတည်းသား ကိုလှမြင့်၏ ဆန္ဒကို ဆွပေးလိုက်သည်။

"အဘ၊ အဘအခုလို ကျွန်တော်တို့ လယ်ကွင်းတွေကိုလာ၊ ကျွန်တော်တို့ တောင်သူတွေနဲ့ တွေ့ဆုံပြီး ကျွန်တော်တို့ စိုက်တဲ့သီးနှံတွေ အထွက်တိုးဖို့၊ ဝင်ငွေတိုးဖို့ကို လက်တွေ့လုပ်ပေးနေတာတွေကို တွေ့ရတော့ အဘတို့ဝန်ကြီးဌာနရဲ့ စေတနာကို အများကြီးလေးစားပါတယ်။ ကျေးဇူးလည်းတင်ပါတယ်။ ပြီးခဲ့တဲ့အပတ်ထဲက တပ်ကုန်း ဂွေးပင်ရွာက ကျွန်တော့်ယောက်ဖဆီသွားတော့ သူတို့လယ်တွေကို စနစ်ကျလယ်ယာမြေဖော်ထုတ်ပေးနေတယ်လို့ ပြောတယ်။ စနစ်ကျလယ်ယာမြေဖော်ထုတ်လိုက်ရင် ရေသွင်းမြောင်း၊ ရေထုတ်မြောင်းနဲ့ ကုန်ထုတ်လမ်းတွေပါ ပါတာကြောင့် စိုက်ပျိုးရေကို မျှမျှတတရရှိတဲ့အပြင် ကုန်ထုတ်လမ်းကြီးကလည်း ဖြူးနေတာကြောင့် ကိုယ့်သီးနှံ ရင့်မှည့်လာရင် ကိုယ်ကြိုက်တဲ့အချိန် ရိတ်လို့ရတယ်။ ထုတ်လို့ရတယ်။"



ထယ်ရေးမလို မျိုးစေ့ချစက်(Zero Tillage Bean Seeder)ဖြင့် မတ်ပဲစိုက်ပျိုးနေမှု။

"ဟေ့ကောင် လှမြင့်၊ တိုတိုနဲ့ လိုရင်းပြောကွာ။ ငါတို့လည်း ပြောစရာရှိသေးတယ်။"

နောက်ဘက်မှ တောင်သူတစ်ယောက်က ကိုလှမြင့်ကိုလှမ်း၍ ပြောလိုက်သည်။

"အေးပါ ပြောပါပြီကွ။" ကိုလှမြင့်က နောက်ကို လှမ်း၍ ပြောလိုက်ရင်း " အဲဒီတော့ ကျွန်တော်ပြောချင်တာက အဲဒီလို စနစ်ကျလယ်ယာမျိုး ကျွန်တော်တို့လည်း ဖော်ချင်တယ်။ ကျွန်တော်တို့ လယ်မှာလည်း ဖော်ထုတ်ပေးပါ။"

ကိုလှမြင့်က သူ့စကားကို အဆုံးသတ်ရင်း ဦးအောင်ကို လှမ်း၍ ကြည့်လိုက်သည်။

"ကိုလှမြင့်၊ အဲဒီစနစ်ကျလယ်ယာမြေဖော်ထုတ်ရင် တစ်ဧကဘယ်လောက်ကုန်ကျမယ်ထင်သလဲ။"

"မသိဘူးလေ အဘရဲ့ ကျွန်တော့်လယ်မှ မဖော်ထုတ်ဖူးပဲ။"

"အဲဒီစနစ်ကျ လယ်ယာမြေဖော်ထုတ်ရင် လယ်တစ်ဧကကို ၁၃ သိန်းကနေ ၁၆ သိန်းလောက်အထိကုန်တယ်။ ဘာကြောင့်လဲဆိုတော့ လုပ်ရတဲ့အဆင့်တွေအများကြီးရှိတယ်။ ဒါ့ကြောင့် ကုန်ကျစရိတ်မျှတအောင် အနည်းဆုံးဧက ၁၀၀ မှာ စနစ်ကျလယ်ယာမြေ ဖော်ထုတ်ကြတာ။ ပထမဆုံးမြေညှိရတယ်။ တချို့လယ်တွေ အရှေ့ထိပ်နဲ့အနောက်ထိပ်၊ တောင်ထိပ်နဲ့မြောက်ထိပ်၊ မြေအနိမ့်အမြင့်သိပ်ပြီးကွာခြားရင် မြေလယ်ဗယ်ညှိရတာကြောင့် ပိုက်ဆံအများကြီးကုန်တယ်။ ပြီးတော့ မြေတိုင်းအဖွဲ့က မြေပုံဆွဲ၊ ပန္နက်ရိုက်ရတယ်။ ဘာကြောင့်လဲဆိုတော့ ကုန်ထုတ်လမ်းတွေ၊ ရေပေးမြောင်းတွေ ထည့်သွင်းတည်ဆောက်ရတာကြောင့် မြေက ၀ ဒသမ ၅ ရာခိုင်နှုန်းကနေ တစ်ရာခိုင်နှုန်းအထိ လျော့သွားတတ်တယ်။ လျော့တဲ့မြေကို မြေကေအလိုက် အချိုးကျကျခံဖို့ကို မြေကွက်အကျယ် တိတိကျကျ တိုင်းရတယ်။ ပြီးတော့မှ ရေသွင်းမြောင်း၊ ရေထုတ်မြောင်း၊ လယ်ကြားမြောင်းနဲ့ ကုန်ထုတ်လမ်းတွေဖောက်ပေးရတာ။ အဲဒါမှ စနစ်ကျလယ်ယာမြေဖြစ်လာတာ။"

"အဲဒီတော့ ကျွန်တော်တို့ဆီမှာလည်း ထပ်ပြီးလုပ်ပေးလေ အဘရဲ့။"

လက်ရှိရောက်နေသည့်နေရာမှာ စနစ်ကျလယ်ယာမြေဖော်ထုတ်ပြီး မြေကွက်ဖြစ်သဖြင့် ကိုလှမြင့်က ထပ်မံတောင်းဆိုလိုက်ခြင်းဖြစ်သည်။

"အေး ကိုလှမြင့်၊ ဖော်ထုတ်ချင်တာကို ကျွန်တော် အပြစ်မပြောပါဘူး။ ကျွန်တော်တို့ တောင်သူတွေက စနစ်ကျလယ်ယာမဖော်ထုတ်ခင်က ဖော်ထုတ်ဖို့စည်းရုံးတော့ အတော်လေးပြောရတယ်။ အခုသူများလည်းလုပ်ပြီးလို့ အကျိုးရှိတာလည်းမြင်ရော သူလည်းလုပ်ချင်၊ ငါလည်းလုပ်ချင်ဖြစ်လာကြတယ်။"

"ဒါကတော့ လူ့သဘာဝပဲလေ အဘရဲ့။ လက်တွေ့လုပ်ပြလို့ အကျိုးရှိတယ်ဆိုရင် ရချင်တာ၊ လုပ်ချင်တာက လူ့သဘာဝပဲလေ။ အဲဒါနဲ့ လာမယ့်နှစ် ကျွန်တော့်လယ်တွေလုပ်ပေးမှာလား။"

"အေး ကိုလှမြင့်၊ ကျွန်တော်တို့ စနစ်ကျလယ်ယာမြေဖော်ထုတ်ပေးတာ တစ်နှစ်ကို တစ်မြို့မှာ ဧက ၁၀၀ ပဲ ဖော်ထုတ်ပေးတာ။ ကျွန်တော်တို့ နိုင်ငံမှာ မြို့ပေါင်း ၃၃၀ ရှိတယ်။ ဒီနေပြည်တော်ပြည်ထောင်စုနယ်မြေမှာကို ရှစ်မြို့နယ်ရှိတဲ့အတွက် တစ်နှစ်ကို ဧက ၈၀၀ စနစ်ကျ လယ်ယာမြေဖော်ထုတ်ပေးရတာ။ အစိုးရဆိုတာက မိဘနဲ့သားသမီးလိုပေ့ါဗျာ။ မိဘဆိုတာက ကိုယ့်သားသမီးတွေကို ကျွေးမွေးတာ၊ အဝတ်အစား ဝယ်ပေးတာ၊ မျှမျှတတလုပ်ပေးရတာ။ အဲဒီတော့ ခင်ဗျားတို့ဇေယျာသီရိမြို့နယ်မှာကို ကျေးရွာအုပ်စုတွေ အများကြီးရှိနေတော့ မျှတပြီး လုပ်ပေးနေရတာ တဖြည်းဖြည်းတော့ လာမှာပေ့ါဗျာ။"

"အဘ အခုလိုထယ်ရေးမလိုဘဲ မျိုးစေ့ချစက်နဲ့ မတ်ပဲစိုက်တာ ကျွန်တော်တို့ လယ်မှာလည်း လုပ်ပေးပါအဘ။ ကောက်စိုက်စက်နဲ့ စပါးစိုက်တုန်းကလည်း ကိုကျော်မြိုင်ကြီးလယ်ပဲ။ စပါးမှည့်လို့ ရိတ်သိမ်းခြွေလှေ့စက်နဲ့ သရုပ်ပြတော့ စပါးသိမ်းတော့လည်း ဒီနေရာပဲ။ အခုထယ်ရေးမလိုဘဲ မတ်ပဲမျိုးစေ့ချစိုက်တော့လည်း ဒီလယ်ပဲ ဖြစ်နေတယ်။ ဒါ့တော့ နည်းနည်းတော့များသွားပြီထင်တယ်။"

ဦးအောင်၏ စကားအဆုံးတွင် နောက်နားမှ စောစောက ကိုလှမြင့်ကို စကားဖြတ်ခိုင်းသည့် တောင်သူကြီးကဖြတ်၍ပြောလိုက်သဖြင့် ဦးအောင် သူ့မျက်နှာကို လှမ်း၍ကြည့်လိုက်သည်။ စိတ်ဆိုးမာန်ဆိုးဖြင့် ပြောခြင်းမဟုတ်။ အမှန်တကယ်မျှမျှတတဖြစ်စေလို၍ ပြောခြင်းဖြစ်ပြီး မျက်နှာက ပြုံးတုန်းတုန်းဖြစ်နေသည်။

"မများပါဘူး ယောက်ဖရာ။ ငါ့လယ်က လမ်းမကြီးနဲ့နီးတော့ ဒို့တောင်သူတွေကို သရုပ်ပြရတာ လွယ်တာရယ်၊ နောက်ပြီး ငါကိုယ်တိုင်ကလည်း စိုက်ပျိုးရေးတို့၊ စက်မှုလယ်ယာတို့နဲ့ အမြဲတမ်းဆက်သွယ်ပြီး စပါးပြီးရင် ဘာစိုက်သင့်တယ်။ ဘယ်လိုနည်းနဲ့စိုက်သင့်တယ်ဆိုတာ အမြဲဆွေးနွေးနေတာကြောင့် ငါ့လယ်မှာ လုပ်ဖြစ်တာပါ။"

တောင်သူကြီး၏အမေးကို ဦးအောင် ဖြေစရာမလိုတော့။ ဦးကျော်မြိုင်က သူ့ဘာသာ ဖြေရှင်းသွားသည်။

"ကဲ ဒါနဲ့ ဦးတင်အောင် ထယ်ရေးမလိုဘဲ။ မျိုးစေ့ချစက်နဲ့ မတ်ပဲ ဘာကြောင့် စိုက်ရသလဲဆိုတာ ရှင်းပြစမ်းပါဦး။"

ဦးအောင်က နေပြည်တော်နယ်မြေ စက်မှုလယ်ယာ တိုင်းဦးစီးမှူးအား ထယ်ရေးမလိုဘဲ ဆောင်းမတ်ပဲ စိုက်ရသည့်အကြောင်းကို မေးလိုက်ခြင်း ဖြစ်သည်။

"ဒီလိုပါခင်ဗျ။ အခုလို စပါးရင့်မှည့်ပြီး ရိတ်သိမ်းချိန်မှာ အစိုဓာတ်ကလေးက ရှိနေတော့ အဲဒီလယ်ကွက်ထဲကို မျိုးစေ့ချစက်နဲ့ မတ်ပဲမျိုးကို တိုက်ရိုက်အစေ့ချပြီး စိုက်လို့ရပါတယ်။ အစေ့ချစက်နဲ့စိုက်တဲ့အခါ အရေးကြီးတာက တစ်ပေခွဲတန်းကြားမှန်ဖို့ပဲ။ ဒါမှပေါင်းလိုက်ရင်လွယ်မှာ။ မျိုးစေ့ကတော့ ကြွက်မြီးတန်း ချသွားရုံပဲ။ ထယ်ရေးမလိုဘဲ မျိုးစေ့ချစက်နဲ့ စိုက်တဲ့အခါ ရိုးပြတ်တွေကို ဂျမ်းတုံးနဲ့ပြန်ပြီး ဖိဖို့လိုတယ်။ မျိုးစေ့တွေနဲ့ ရိုးပြတ်တွေကို ဖုံးပြီးသားဖြစ်သွားမယ်။ ဒီတော့ အစိုဓာတ်ကိုထိန်းတဲ့အတွက် မျိုးစေ့လည်း အပေါက်မြန်ပြီး ရိုးပြတ်လည်း ဆွေးသွားမှာ။"

"ဆရာတို့ ဒီလိုစိုက်ရင် ပေါင်းလိုက်ဖို့ရော လိုသလား။"

ကိုလှမြင့်က ကြားဖြတ်မေးလိုက်ခြင်းဖြစ်သည်။

"စက်နဲ့ပေါင်းလိုက်လို့ရအောင် တန်းကြားကို တစ်ပေခွဲထားဖို့ ကျွန်တော်စောစောက ပြောခဲ့တာပေ့ါ။ ဒီစနစ်မှာ ပေါင်းလိုက်ဖို့တော့လိုတယ်။ ဒါပေမယ့် ကြဲခင်းနဲ့စာရင် ပေါင်းအပေါက်နည်းတာကြောင့် မတ်ပဲကျတော့ အထွက်နှုန်းပိုပြီး ကောင်းတယ်။"

"ကျွန်တော်က မနှစ်ကတည်းက စမ်းပြီးစိုက်ကြည့်တာ။ စမ်းတာတော့မဟုတ်ပါဘူးလေ။ အလုပ်မအားတာကြောင့် ထယ်ထိုး၊ ထွန်မမွှေတော့ဘဲ စပါးရိတ်ပြီး ရိုးပြတ်ခင်းထဲကို ဒီအတိုင်း ကြဲလိုက်တာ။ ဒါတောင် လေး၊ ငါး၊ ရှစ်တင်းထွက်တော့ အခုလိုသာ အစေ့ချစက်နဲ့ ကြောင်းဆွဲပြီး သေချာစိုက်ရင် ဆယ်တင်း၊ ဆယ့်ငါးတင်းတော့ အေးဆေးပဲ။"

စာမျက်နှာ ၁၇ သို့

❊ စနစ်ကျလယ်ယာမြေဖော်ထုတ်ရင် လယ်တစ်ဧကကို ၁၃ သိန်းကနေ ၁၆ သိန်းလောက် အထိ ကုန်တယ်။ ပထမဆုံး မြေညှိရတယ်။ တချို့လယ်တွေ အရှေ့ထိပ်နဲ့အနောက်ထိပ်၊ တောင်ထိပ်နဲ့ မြောက်ထိပ်၊ မြေအနိမ့် အမြင့်သိပ်ပြီး ကွာခြားရင် မြေလယ်ဗယ်ညှိရတာကြောင့် ပိုက်ဆံအများကြီးကုန်တယ်။ ပြီးတော့ မြေတိုင်းအဖွဲ့က မြေပုံဆွဲ၊ ပန္နက်ရိုက်ရတယ်။ ဘာကြောင့်လဲဆိုတော့ ကုန်ထုတ်လမ်းတွေ၊ ရေပေးမြောင်းတွေ ထည့်သွင်းတည်ဆောက်ရတာကြောင့် မြေက ၀ ဒသမ ၅ ရာခိုင်နှုန်းကနေ တစ်ရာခိုင်နှုန်းအထိ လျော့သွားတတ်တယ်။ လျော့တဲ့မြေကို မြေကေအလိုက် အချိုးကျ ကျခံဖို့ကို မြေကွက်အကျယ် တိတိကျကျ တိုင်းရတယ်။ ပြီးတော့မှ ရေသွင်းမြောင်း၊ ရေထုတ်မြောင်း၊ လယ်ကြားမြောင်းနဲ့ ကုန်ထုတ်လမ်းတွေဖောက်ပေးရတာ။ အဲဒါမှ စနစ်ကျလယ်ယာ မြေဖြစ်လာတာ



ဦးကျော်မြင့်၏ ဆင်းသုခစပါးများ နေလှန်းထားရှိမှုကို ကြည့်ရှုအားပေးစဉ်။



ဇေယျာသီရိမြို့နယ် ကျည်တောင်အုပ်စု ကံဦးကျေးရွာ၌ ဦးခိုင်ထွန်း၏ ဘဲ ၇၀၀၀ မွေးမြူထားရှိပုံ။

*စာမျက်နှာ ၁၆ မှ*

“ကဲလာ ကွင်းထဲဆင်းပြီး ကြည့်ရအောင်။ ဒါနဲ့ ဒီစပါးခင်းကလည်း ကိုကျော်မြင့့် စပါးပဲလား။ သေချာချိန်နေကြတော့ ရောင်းမလို့လား။”

ဦးအောင်က ပြောပြောဆိုဆိုဖြင့် ကွင်းထဲ ဆင်းသွားရင်း စပါးများအိတ်ထဲထည့်နေသည်ကို ကြည့်လိုက်သည်။ စပါးစေ့များက အောင်မြင် ဖြစ်ထွန်းလှသည်။ “ဟုတ်တယ်အဘ။ အဲဒါ ဆင်းသုခမျိုးလေ။ စိုက်တုန်းကတော့ တင်း ၉၀ လောက်ပဲ ထွက်မယ်ထင်နေတာ။ အခုရိတ်သိမ်း ခြွေလှေ့စက်နဲ့ရိတ်လိုက်တော့ တင်း ၁၂၀ လောက် ထွက်တယ်။ ဒါကြောင့် နဂိုက အိမ်ကလေးပြင် မလို့တွက်ထားတာ။ အခုတော့ အိမ်မပြင်တော့ဘူး။ အုတ်ပတ်ကားလေးပဲ ဆောက်လိုက်တော့မယ်။”

ကိုကျော်မြင့်၏ ရင်တွင်းစကားများက အားပါ လှသည်။ ကိုကျော်မြင့်ကိုကြည့်၍ ဦးအောင် ကြည်နူးဝမ်းသာမိသည်။ ကိုကျော်မြင့်ပီတိ၊ ကိုကျော်မြင့်အပြုံးများက ဦးအောင်ကို ကူးစက်လာ သည်။ တောင်သူတွေအားလုံး သည်သို့ ပြုံးပျော် စေချင်လှပါသည်။

“အဘ ဘဲခြံရောက်ပြီ”

ကိုကျော်မြင့် စပါးခင်းမှ ကံဦးရွာ ဘဲခြံသို့ လာခဲ့သည့်လမ်းတစ်လျှောက် အတွေးရေယာဉ် ကြောတွင် မျောနေသည့် ဦးအောင် ကားရှေ့ထိုင်ခုံမှ ဒေါက်တာမိုး ပေါင်ကိုပုတ်၍ သတိပေးမှ ကားတံခါး လာဖွင့်ပေးသူကို ပြုံးပြလိုက်မိသည်။

“အေး ဘယ်လိုလဲ အားလုံးနေကောင်းကြ၊ အဆင်ပြေကြတယ် မဟုတ်လား”

ဘဲခြံပိုင်ရှင် ကိုခိုင်ထွန်းအား ဦးအောင် နှုတ်ဆက်လိုက်သည်။ ကိုခိုင်ထွန်း ဘဲခြံက လှေခွင်း တောင်သွား ကားလမ်း၏ အရှေ့ဘက်ခြမ်းတွင် ရှိနေသည်။ ကားလမ်းဘေးတွင် မြောင်းကြီးရှိနေပြီး ဝါးတံတားထိုးထားသည်။ တစ်ပေခွဲလောက် အကျယ်ရှိသည့် ဝါးတံတားမှ ကိုခိုင်ထွန်းက ဦးအောင်ကို တွဲခေါ်ရန် လက်ကမ်းပေးလာသည်။

“ရတယ်ဗျ။ ကျုပ်လည်း တောသားပါ။ ဒီတံတားမျိုးတွေက လျှောက်နေကျ။ ရိုးနေပါပြီ။ ဒါနဲ့ခင်ဗျား၊ ဘဲဘယ်လောက်မွေးထားလဲ။ ဘာမျိုး တွေလဲ။ ခင်ဗျားဘဲတွေက ငယ်သေးတော့ ဥတော့ မရသေးဘူးနဲ့ တူတယ်။”

ဦးအောင်က ရေကန်အတွင်း လွှတ်ထားသည့် ဘဲများကို လှမ်းကြည့်ရင်း မေးလိုက်ခြင်းဖြစ်သည်။

“ဟုတ်ပါတယ် အဘ၊ ဘဲတွေက နှစ်လခွဲသားပဲ ရှိသေးတယ်။ အားလုံး ၇၀၀၀ ပါ။ ဘဲမျိုးက ကာကီကင်း ဘဲလ်ပါ။ ဗမာလိုဆိုရင်တော့ ဂတ်ဘဲလို့ခေါ်ပါတယ်။”

“အေး ကောင်းတယ်ဗျာ။ ဒါနဲ့ခင်ဗျားမွေးတာ ဘယ်လောက်ကြာပြီလဲ။ ပြီးခဲ့တဲ့အသုတ်ကရော ဘယ်လောက်မွေးသလဲ။ ဘာစာတွေ ကျွေးသလဲ။ ဥနှုန်းရော ဘယ်လောက်ရသလဲ။

ဦးအောင်က သူသိချင်သည်များကို တစ်ဆက် တည်းမေးလိုက်ရင်း ဘဲခြံအတွင်း ချထားသည့် ကုလားထိုင်ပေါ်တွင် ဝင်ထိုင်လိုက်သည်။

“ကျွန်တော်လွန်ခဲ့တဲ့ ၁၀ နှစ်လောက်ကစပြီး ဘဲမွေးခဲ့တာအဘ။ စမွေးတုန်းကတော့ ၂၀၀-၃၀၀ နဲ့စခဲ့တာပါ။ နောက်ပိုင်း တစ်ထောင် နှစ်ထောင် လောက်အထိ မွေးခဲ့ပါတယ်။ အခု ခုနှစ်ထောင် မွေးတာတော့ သုံးသုတ်ရှိသွားပါပြီ။ ကျွေးတာတော့ ဖွဲ့နု၊ ဆန်ကွဲနဲ့ပုစွန်ဖွဲပါ။ ပုစွန်ဖွဲက တနင်္သာရီဘက်က လာတာပါ။ ဖွဲနုနဲ့ ဆန်ကွဲတစ်အိတ်ဆိုရင် ပုစွန်ဖွဲ အိတ်ဝက်နဲ့ရောပြီး ကျွေးပါတယ်။ ရာခိုင်နှုန်းနဲ့ တွက်ရင်တော့ ဖွဲဆန်ကွဲ ၇၀ ရာခိုင်နှုန်းနဲ့ ပုစွန်ဖွဲ ၃၀ ရာခိုင်နှုန်းပါ။ ငါးလ၊ ခြောက်လမှာစဥပြီး ရှစ်လ လောက်ဆိုရင် ဥစုံပါတယ်။

ဥနှုန်းအများဆုံး ၈၀၊ ၉၀ လောက်အထိ ရပါ တယ်။ တစ်နှစ်ခွဲလောက်အထိ ဆက်တိုက်ဥပြီး နောက်ပိုင်း ဥနှုန်းကျလာတယ်။ ၃၀ ရာခိုင်နှုန်း အောက် ကျလာရင်တော့ အသားတိုးစာကျွေးပြီး စပြီးထုတ်ပါတယ်။ ဒီနေပြည်တော် ပျဉ်းမနားမှာက ဘဲ ၇၀၀၀ ဆိုရင် တစ်လနီးပါး ထုတ်ရပါတယ်။”

“ခင်ဗျား အကျိုးအမြတ်လည်းရှိတယ် မဟုတ် လား။ ဘဲ ၇၀၀၀ ကို လူဘယ်နှယောက် ငှားထား လဲ။ ဘာတွေလုပ်ကြသလဲ။”

ဘာတွေလုပ်ကြသလဲ။”

“လူလေးယောက် ငှားထားပါတယ်။ သူတို့ အလုပ်က ဘဲစာကျွေး၊ ဘဲဥကောက်၊ ဘဲခြံသန့် ရှင်းရေးလုပ်၊ ဘဲပြန်သိမ်းပေ့ါ။ အဲဒါတွေ လုပ်ရပါ တယ်။ ကျွန်တော့်အလုပ်ကတော့ ဘဲစာဝယ်၊ ဘဲဥ ရောင်း၊ အထွေထွေကြပ်မတ်ပေ့ါ အဘရယ်။”

ကိုခိုင်ထွန်းက သူ့အလုပ်တွေ ရှင်းပြနေရ၍ အားရကျေနပ်ပုံရနေသည်။ သူပြောချင်တာတွေ လည်း ရှိပုံရသည်။

“ကဲ ကိုခိုင်ထွန်း ကျွန်တော်အခုလာတာက ခင်ဗျားတို့ အလုပ်ရှုပ်ဖို့လာတာ မဟုတ်ဘူး။ ဘာအကူအညီ ပေးရမလဲဆိုတာ သိချင်လို့ လာကြည့်တာ။ ခင်ဗျားတို့လည်း သိတဲ့အတိုင်း နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တိုင်းပြည်တည်ငြိမ် အေးချမ်းဖို့၊ ဖွံ့ဖြိုးတိုးတက်ဖို့နဲ့ စားနပ်ရိက္ခာဖူလုံဖို့ တွန်းအားပေးပြီး ဆောင်ရွက်နေတယ်။ အထူးသဖြင့် တိုင်းပြည်လူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းရှိတဲ့ ကျေးရွာနေ ပြည်သူတွေအတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက် စေချင် တယ်။ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေချင်တယ်။

ဒါကြောင့် တောအရပ်နေပြည်သူတွေ အများ ဆုံး အသက်မွေးဝမ်းကျောင်းပြုတဲ့ စိုက်ပျိုးရေးနဲ့ မွေးမြူရေးကို ဦးစားပေးပြီး ဆောင်ရွက်ပေးနေတာ။ စိုက်ပျိုးရေးနဲ့မွေးမြူရေးဆိုတာ လူတွေစားဖို့ အစာ၊ အာဟာရထုတ်လုပ်ပေးတဲ့ လုပ်ငန်းဖြစ်တဲ့အတွက် လုပ်တဲ့လူအတွက် ပိုက်ဆံရသလို အများအတွက် စားနပ်ရိက္ခာထုတ်ပေးတာလည်း ဖြစ်တာကြောင့် ကုသိုလ်လည်းရတဲ့ အလုပ်ဖြစ်တယ်။ ဒါ့ကြောင့် စိုက်ပျိုးမွေးမြူရေးကို ဦးစားပေးပြီး ဆောင်ရွက် ခိုင်းတာ။

အဲဒီတော့ ခင်ဗျား လိုအပ်တာပြောပါ။ ကျွန်တော်တို့ စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ ဆည်မြောင်း ဝန်ကြီးဌာနက အတတ်နိုင်ဆုံး အကူအညီပေးမယ်။ အခုလည်း ခင်ဗျားဘဲတွေ ကာကွယ်ဆေးထိုးရတာ ရှိလား။ သေတာပျောက်တာရှိလား။ ဒီမွေးမြူရေးနဲ့ ကုသရေးဦးစီးဌာနက ဆရာတွေ ဆရာမတွေက ရော လာပြီးကြည့်ပေးရဲ့လား။”

ဦးအောင်က မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန က ဝန်ထမ်းများကို လက်ညှိုးထိုးပြရင်း ကိုခိုင်ထွန်း အား မေးလိုက်ခြင်းဖြစ်သည်။

“မွေးကုက ဆရာတွေ ဆရာမတွေလာပါတယ် အဘ။ ကျွန်တော့်ဘဲခြံက ရောဂါဖြစ်တာလည်း အထူးတော့မရှိပါဘူး။ ဆရာတို့ လာကြည့်ပြီး လိုအပ်ရင် ရေထဲဆေးထည့်ပြီးတိုက်တာ လုပ်ပေးပါ တယ်။ အဘကို တစ်ခုတင်ပြချင်တာက လက်ရှိ မွေးနေတဲ့ဘဲကို ကျွန်တော်တိုးပြီး မွေးချင်ပါတယ်။ အဲဒါ အဘရဲ့ လမ်းညွှန်ချက်ကလေး သိချင်ပါတယ် ခင်ဗျ။”

“အေး ကျွန်တော်ပြောချင်တာက ခင်ဗျား အခု ဘဲအသုတ်အသစ်မွေးတော့ ဘဲမဥခင်အထိ ဝင်ငွေမရှိဘူး မဟုတ်လား။ လူတွေလုပ်အားခနဲ့ အစာဖိုးပဲ ကုန်နေတာမဟုတ်လား။ ပြီးတော့ခင်ဗျား ဘဲခြံက ဒီအချိန်မှာ ဘဲဥလုံးဝမထွက်ဘူး မဟုတ် လား။ ခင်ဗျားတို့အိမ်က ဘဲဥစားချင်ရင်တောင် သူများခြံက ဈေးကနေ ဘဲဥဝယ်စားရမလို ဖြစ်နေ တယ်။ အဲဒီတော့ ခင်ဗျားက ဘဲ ၇၀၀၀ မွေးတာ တစ်သုတ်လုံးစပြီးထည့်၊ တစ်သုတ်လုံးရောင်းတာ မလုပ်ဘဲ၊ ဘဲ ၃၅၀၀ စီ နှစ်သုတ်ခွဲပြီးမွေး၊ ပထမ အသုတ်မွေးလို့ ဥသက်တစ်နှစ်လောက်ရလာချိန်၊ ဒုတိယအသုတ် ထပ်ပြီးမွေး။ အဲဒီတော့ ပထမ အသုတ် ဥတုံးပြီး ထုတ်ရောင်းတဲ့အချိန်မှာ ဒုတိယ အသုတ်က ဥဖြိုင်ဖြိုင်ဥနေပြီ။ အဲဒီတော့ အလုပ် သမားခ၊ အစာဖိုး၊ ခင်ဗျား စိုက်စရာမလိုဘူး။ အမြဲဘဲဥ ဥနေမယ်၊ ပိုက်ဆံရနေမယ်။ နောက်ပြီး ဈေးကွက်ထဲမှာ ကိုခိုင်ထွန်းဘဲဥက အမြဲတမ်းရနေ မယ်။ အဲနောက်တစ်ခါ ခင်ဗျားသိတဲ့အတိုင်း ငါးပေါ တဲ့အချိန်မှာ ကြက်ဥ၊ ဘဲဥရောင်းလို့ ကောင်းပ့ါ မလား။”

“မကောင်းနိုင်ဘူး အဘ။”

ကိုခိုင်ထွန်းက ချက်ချင်းထောက်ခံဖြေကြား လိုက်သည်။

“အေးပေ့ါ၊ စီးပွားရေးလုပ်တယ်။ စိုက်ပျိုးမွေးမြူ ရေးလုပ်တယ်ဆိုတာ ဈေးကွက်ကို ကြည့်ရတယ်။ သုံးသပ်ရတယ်။ လူတွေ ဘာကြိုက်သလဲ၊ ဘယ်အချိန်မှာ ဘာလိုသလဲဆိုတာ တွက်ကြည့်ပြီး အချိန်ကိုက် လုပ်တတ်ရတယ်။ အဲဒါမှ ပိုပြီးအကျိုး ရှိတယ် မဟုတ်လား။ အဲဒါနဲ့ ခင်ဗျားတပ်မတော်နေ့ မှာ တော်လှန်ရေးပန်းခြံရောက်ဖူးလား။”

“ရောက်ဖူးပါတယ် အဘ။ ရွာကအဖွဲ့နဲ့ တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကို သွားပြီး ကြည့်ကြတာပါ။”

ဦးအောင်က မွေးမြူရေးအကြောင်း ပြောနေရာ မှ တပ်မတော်နေ့အကြောင်းပြောလာသဖြင့် ကိုခိုင် ထွန်းအလိုက်သင့်ဖြေလိုက်သော်လည်း အဘ့စကား က မဆီမဆိုင်ဟု တွေးနေမိသည်။

“တပ်မတော်နေ့ တပ်မတော်စစ်ရေးပြအခမ်း အနားမှာ ပန်းတွေရောင်စုံဖူးပွင့်နေတာ သတိထား မိလား။”

“သတိထားမိတာပေ့ါ အဘရဲ့။ ပန်းရောင်စုံတွေ က လှမှလှပြီး ဖူးပွင့်ဝေဆာနေတာကြောင့် တကယ် စစ် မစစ် လောင်းကြေး စားကြေးလုပ်ပြီး သွားတောင်ကိုင်ကြည့်သေးတယ်။”

“အဲဒီတော့ အတုတွေဖြစ်နေလား”

“ဘယ်အတုဖြစ်ရမလဲ အဘရဲ့။ အစစ်တွေ ဖြစ်နေလို့ ကျွန်တော်တောင် လောင်းတာရှုံးလို့ လက်ဖက်ရည် တိုက်ခဲ့ရသေးတယ်။ ပန်းမျိုးစုံကို ဒီရက်မှာမှပွင့်အောင် ဘယ်လိုများ ဒီစစ်သားတွေ စိုက်ထားသလဲလို့ ကျွန်တော်တို့ အံ့သြနေကြတာ။”

“အံ့သြစရာ မလိုပါဘူးဗျာ။ လူပဲဖြစ်ဖြစ်၊ သတ္တဝါပဲဖြစ်ဖြစ် **“သီးချိန်တန်သီး ပွင့်ချိန်တန်ပွင့်”** တာပဲ။ သူ့သက်တမ်းအလိုက် သီးပွင့်တာဖြစ်တာ ကြောင့် အဲဒီရက်မှာသီးပွင့်အောင်လုပ်ရင် မရဘူး လား၊ ရမှာလား။”

“ရတာပေ့ါ အဘရဲ့”

ကိုခိုင်ထွန်းက သွက်လက်စွာ ပြန်ဖြေလာသည်။

“အဲဒါပေ့ါ။ သားငါးပေါတဲ့ အချိန်မှာ ဘဲဥကို လျှော့ထုတ်ပြီး သားငါးရှားတဲ့အချိန်မှာ ဘဲဥများများ ထွက်အောင်လုပ်ရင် ခင်ဗျားဘဲဥ ဈေးကောင်းမရ ဘူးလား။”

“ရတာပေ့ါ အဘရဲ့”

“အေး ကျွန်တော်တို့ စိုက်ပျိုးမွေးမြူရေးသမား ဆိုတာ ပုံသေချည်းလုပ်မနေဘဲ အဲဒီလို တွက်ချက်ပြီး စိုက်ပျိုးမယ်၊ မွေးမြူမယ်ဆိုရင် ကိုယ်အပင်ပန်းခံ သလောက် အကျိုးရှိတာပေ့ါဗျာ။ ကဲ ခင်ဗျားဘာလို သေးလဲ။ လိုအပ်တာရှိရင်ပြောပါဦး။”

“ကျွန်တော်လိုတာကတော့ ဘဲခြံတိုးချဲ့ပြီး မွေးချင်လို့ ဒီဘက်က မြေကွက်ကလေးဝယ် ထား တယ်အဘ။ အဲဒီမြေကလေးကို အခြားနည်းသုံးစွဲခွင့် ရချင်ပါတယ်။ ပြီးတော့ ဘဲထပ်တိုးပြီး မွေးဖို့ ချေးငွေလေးရချင်ပါတယ်အဘ။ အဲဒါလေးကူညီ ပေးဖို့ပါ။”

“အေး ကောင်းပြီလေ။ ကိုခိုင်ထွန်းပြောတဲ့ မြေလေး အခြားနည်းသုံးစွဲခွင့်ရဖို့ မြေစာရင်းက တင်ပေး၊ ချေးငွေရဖို့ကလည်း မွေးမြူရေးနှင့်ကုသ ရေးဦးစီးဌာနက တင်ပေးလိုက်။ ကဲဒါဆို ရပြီနော်။”

“ရပါပြီ အဘ။ အဘကို ကျွန်တော်တို့ ထိုင်တောင် ရှိခိုးချင်စိတ် ပေါက်လာပါတယ် အဘ။”

“ရပါတယ်၊ ရှိတော့ မခိုးပါနဲ့။ ကျွန်တော့်တို့ ဝန်ထမ်းတွေဆိုတာ ပြည်သူတွေရဲ့ လိုအပ်ချက်ကို ဖြည့်ဆည်းပေးဖို့ပါ။ အားလုံးပဲ သွားမယ်နော်။”

ဦးအောင်က ထိုင်ရှိခိုးရန်ပြင်နေသည့် ဘဲခြံမှ အဖွဲ့သားများကို နှုတ်ဆက်၍ ပြန်ရန်ပြင်လိုက် သည်။ ကိုခိုင်ထွန်းနှင့် ဘဲခြံအဖွဲ့သားများ၏ မျက်နှာ ကလည်း ဝမ်းသာကြည်နူးနေပုံရသည်။

သည်စနေ “မတ်ပဲနှင့် ဂတ်ဘဲ” ခရီးစဉ်က ဝမ်းသာကြည်နူးဖွယ်ပင်။ ။

# ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အဖွဲ့ဝင်များကို ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်းပေးအပ်

နေပြည်တော် နိုဝင်ဘာ ၁၆

**တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့နယ်မြေအတွင်း သင်တန်းများတက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်း မရှိခဲ့သည့် ဥပဒေဘောင်အတွင်းဝင်ရောက်လာသော PDF အဖွဲ့ဝင်များကို ပြန်လည်ကြိုဆိုလက်ခံ၍ ၎င်း၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်လျက်ရှိသည်။**

ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် အမှတ်(၂) ရပ်ကွက်ရှိ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေး ခန်းမ၌ ပြန်လည်ကြိုဆိုလက်ခံခြင်းအခမ်းအနား ကိုပြုလုပ်ရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ သပိတ်ကျင်းတပ်နယ်မှ တာဝန်ရှိသူများ၊ ခရိုင်/ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ဝင်ရောက် လာသူများနှင့် ၎င်းတို့၏မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တာဝန်ရှိသူများက နယ်မြေဒေသတည်ငြိမ် အေးချမ်းရေးနှင့် တရားဥပဒေဆိုင်ရာပုဒ်မများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေ ဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် ပြစ်မှု ကျူးလွန်ခြင်းမရှိခဲ့သော မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ်နှင့် စဉ့်ကူးမြို့နယ်တို့မှ PDF အဖွဲ့ဝင် အမျိုးသား သုံးဦး၊ အမျိုးသမီး နှစ်ဦးတို့ကို ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ ၎င်းတို့၏ မိဘ အုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးကြသည်။

PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေ ဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင် ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက် များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက် အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်း ပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ကြောင်း နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားပြီးဖြစ်ရာ ပြစ်မှု ကျူးလွန်ခဲ့ခြင်းမရှိသော PDF အဖွဲ့ဝင်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဥပဒေဘောင် အတွင်း ပြန်လည်ဝင်ရောက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ၎င်းတို့၏ မိဘ အုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးလျက် ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် နိုဝင်ဘာ ၁၆**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်း ရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက် များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေ များအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်း နိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှား စီရင် ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မွန်ပြည်နယ် ဘီးလင်းမြို့နယ် ဆရာစံရပ်ကွက်နေ မီမီသင်းသည် ၎င်းအသုံးပြုသည့် “Mi Mi Thin” Facebook အကောင့်၊ ကျိုက်ထို မြို့နယ် လက်ပြကျေးရွာနေ ဇာဇာဝင်း(ခ)မဝတုတ်သည် ၎င်းအသုံးပြု သည့် “Zar Zar Win” Facebook အကောင့်၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် မော်လိုက်ကလေးကျေးရွာနေ တင်မောင်ရွှေ(ခ)ပိုင်စိုးဦး သည် ၎င်းအသုံးပြုသည့် “Lion Man” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော် ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေ နှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက် ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်း များ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များ သည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့် ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူ သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် တောင်ကန်ကျေးရွာအနီး၌ အရပ်ဘက်မော်တော်ယာဉ်တစ်စီးအား PDF အမည်ခံ အကြမ်းဖက်အဖွဲ့က အကြောင်းမဲ့ မိုင်းဆွဲတိုက်ခိုက်မှုကြောင့် အပြစ်မဲ့ပြည်သူတစ်ဦးသေဆုံး

**နေပြည်တော် နိုဝင်ဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး မတ္တရာ မြို့နယ် တောင်ကန်ကျေးရွာအနီး ၌ အရပ်ဘက်မော်တော်ယာဉ်တစ်စီး အား PDF အမည်ခံ အကြမ်းဖက် သမားများက အကြောင်းမဲ့ မိုင်းဆွဲ တိုက်ခိုက်မှုကြောင့် အပြစ်မဲ့ပြည်သူတစ်ဦး သေဆုံး ခဲ့ကြောင်း သိရှိရသည်။




ဖြစ်စဉ်မှာ ပုသိမ်ကြီးမြို့နယ် ကြာနီကန်ကျေးရွာနေ ယာဉ်မောင်း ဦးတင်သောင်း မောင်းနှင်သည့် စီနိုထရပ်အမျိုးအစား အဖြူရောင် မြေသယ်ယာဉ်သည် ယနေ့နံနက် ၆ နာရီခွဲခန့်တွင် ကင်းရွာမှ ပြင်ဦးလွင်မြို့သို့ သွားရောက်ရန် ထွက်ခွာလာစဉ် တောင်ကန် ကျေးရွာအနီးသို့အရောက် PDF အမည်ခံ အကြမ်းဖက်သမားများ က လမ်း၏ ဝဲ/ယာ တောင်ဘက် နှစ်ပေခန့်အကွာမှ မိုင်းဆွဲ တိုက်ခိုက်ခဲ့သဖြင့် ယာဉ်မောင်း ဦးတင်သောင်းတွင် မိုင်းစထိမှန် ဒဏ်ရာများရရှိခဲ့သည်။

အဆိုပါ ဖြစ်စဉ်ဖြစ်ပွားရာ နေရာသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များ က သွားရောက်၍ နယ်မြေလုံခြုံ ရေးဆိုင်ရာများ ဆောင်ရွက်ခဲ့ ပြီး မိုင်းစထိမှန်ဒဏ်ရာရရှိခဲ့သည့် ယာဉ်မောင်းဖြစ်သူကို မတ္တရာ မြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင် ကုသမှု ခံယူစေခဲ့သော်လည်း ရရှိ ဒဏ်ရာများကြောင့် နံနက် ၇ နာရီ ခန့်တွင် သေဆုံးသွားခဲ့သည်။

PDF အမည်ခံ အကြမ်းဖက် သမားများအနေဖြင့် စစ်ရေးနှင့် မသက်ဆိုင်သည့် အပြစ်မဲ့ ရဟန်း သံဃာများ၊ ပြည်သူများနှင့် ဝန်ထမ်းများကို အကြမ်းဖက် တိုက်ခိုက် သတ်ဖြတ်ခြင်းများ မကြာခဏ ပြုလုပ်လျက်ရှိသကဲ့ သို့ အရပ်ဘက်မော်တော်ယာဉ် များကိုလည်း အကြောင်းမဲ့ မိုင်းဆွဲတိုက်ခိုက်ခြင်းများ ပြုလုပ် လျက်ရှိခြင်းကြောင့် အပြစ်မဲ့ ပြည်သူများ ထိခိုက်ဒဏ်ရာ ရရှိခြင်းနှင့် သေဆုံးခြင်းများ ဖြစ်ပေါ်လျက်ရှိကြောင်း သတင်း ရရှိသည်။

**သတင်းစဉ်**

# မြဝတီမြို့၌ အမျိုးသားနှစ်ဦး ရေမြောင်းဆယ်ရာမှ မြေပြိုကျမှုဖြစ်ပွားပြီး တစ်ဦးသေဆုံး

**မြဝတီ နိုဝင်ဘာ ၁၆**

ကရင်ပြည်နယ် မြဝတီမြို့ အမှတ်(၃)ရပ်ကွက် ဗန္ဓုလလမ်းရှိ ဇာသပြင် (ညီအစ်ကို)အထည်အရောင်းဆိုင်မှ ဆိုင်ရှင်နှင့်အလုပ်သမား အမျိုးသား နှစ်ဦးတို့သည် ယမန်နေ့ မွန်းလွဲ ၃ နာရီခွဲက ဆိုင်ရှေ့ရှိ ရေမြောင်း ဆယ်ရာမှ ရေမြောင်းနံရံပြိုကျမှု ဖြစ်ပွားကာ ဆိုင်ရှင်မှာ ထိခိုက်ဒဏ်ရာ ရရှိခဲ့ပြီး အလုပ်သမားအမျိုးသားမှာ သေဆုံးခဲ့သည်။

အခင်းဖြစ်ပွားရာသို့ မြဝတီခရိုင်မီးသတ်တပ်ဖွဲ့မှ ခရိုင်မီးသတ် ဦးစီးမှူး ဦးဖြိုးမင်းဇော် ဦးဆောင်သော တပ်ဖွဲ့ဝင်များက ရှာဖွေ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ဆိုင်ရှင်ဖြစ်သူ မောင်ငွေဝင်း (၂၄)နှစ်နှင့် အလုပ်သမားဖြစ်သူ ဦးစိုးဝင်း (၄၂) နှစ်တို့မှာ မွန်းလွဲ ၁၂ နာရီခန့်မှစ၍ နေအိမ်ဆိုင်ခန်းရှေ့ရှိ ရေမြောင်းပြုပြင်စဉ် ဆိုင်ခန်း ကြမ်းခင်း ကွန်ကရစ်အောက်ရှိ သစ်ပင်အမြစ်ကိုဆင်း၍ ဖော်ထုတ်ရာ မှ မြေပြိုကျမှုဖြစ်ပွားရာ မောင်ငွေဝင်းမှာ ပွန်းပဲ့ဒဏ်ရာ(မစိုးရိမ်ရ) ဖြင့် အသက်ရှင်လျက် ကယ်ထုတ်နိုင်ခဲ့ပြီး အလုပ်သမားဖြစ်သူ ဦးစိုးဝင်းမှာ သေဆုံးသွားသည့်အတွက် မြဝတီခရိုင် ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင် ပေးခဲ့ကြောင်း၊ ဖြစ်စဉ်နှင့်ပတ်သက်၍ မြဝတီမြို့မရဲစခန်းက စစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

**လျှပ်စစ်ကို ချွေတာသုံးစွဲခြင်းဖြင့်**
**မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ**

# စိုက်ပျိုးရေးတက္ကသိုလ်နောက်ဆုံးနှစ် ကျောင်းသားများ စက်မှုလယ်ယာသင်တန်းကျောင်းသို့ သွားရောက်လေ့လာ

နေပြည်တော် နိုဝင်ဘာ ၁၆

**မကြာမီလုပ်ငန်းခွင်အသီးသီးသို့ ဝင်ရောက်လုပ်ကိုင်ကြရမည့် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် နောက်ဆုံးနှစ် ကျောင်းသားများသည် စက်မှုလယ်ယာသင်တန်းကျောင်း(ရေဆင်း)သို့ လုပ်ငန်းခွင်အကြို ထွန်စက်နှင့် လယ်ယာသုံးစက်ကိရိယာများ ထိန်းသိမ်းမောင်းနှင်မှု အတတ်ပညာများကို ယနေ့နံနက်ပိုင်းတွင် သွားရောက် လေ့လာဆည်းပူးခဲ့ကြောင်း သိရသည်။**



"ကျွန်တော်တို့စက်မှုလယ်ယာသင်တန်းကျောင်းကို ဒီကနေ့ လာရောက်လေ့လာတဲ့ ကျောင်းသားကျောင်းသူတွေဟာ လယ်ယာသုံးစက်ကိရိယာ အသစ်အဆန်းတွေကို ယခင်ထက် ပိုမိုလေ့လာဆည်းပူးခွင့်ရကြတာ ဖြစ်ပါတယ်။ အခုဆိုရင် သင်တန်းကျောင်းမှာ သင်ထောက်ကူပစ္စည်းကိရိယာတွေအနေနဲ့ တော်တော်လေးစုံလင်နေပါပြီ။ တကယ်တော့ တောင်သူတွေရဲ့ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ဖို့ဆိုတာ လက်မှုလယ်ယာမှ စက်မှုလယ်ယာစနစ်ကို လက်တွေ့ပြောင်းလဲ ကျင့်သုံးဆောင်ရွက်မှသာ တောင်သူတွေရဲ့ လူမှုစီးပွားဘဝကို အမှန်တကယ် တိုးတက်မြင့်မားလာစေမှာ ဖြစ်ပါတယ်။ ဒါကြောင့် များမကြာမီ လုပ်ငန်းခွင်အသီးသီး ဝင်ရောက်ကြရတော့မယ့် ကျောင်းသားတွေအနေနဲ့ လယ်ယာကဏ္ဍမှာ အသုံးပြုနေတဲ့ လယ်ယာသုံး စက်ကိရိယာနှင့် စနစ်ကျလယ်ယာမြေဖော်ဆောင်မှုတွေကို အခြေခံကျကျ လေ့လာသင်ယူဆည်းပူးခွင့်ရကြတာ ဖြစ်ပါတယ်" ဟု စက်မှုလယ်ယာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးလှိုင် (ကျောင်းအုပ်ကြီး စက်မှုလယ်ယာသင်တန်းကျောင်း ရေဆင်း) က ပြောကြားသည်။

အဆိုပါ စက်မှုလယ်ယာသင်တန်းကျောင်းသို့ သွားရောက်လေ့လာသော ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ် နောက်ဆုံးနှစ်ကျောင်းသားများသည် လုပ်ငန်းခွင်အကြို ထွန်စက်နှင့် လယ်ယာသုံး စက်ကိရိယာများ ထိန်းသိမ်းမောင်းနှင်မှုပညာပေး သင်တန်းကို နိုဝင်ဘာ ၁၄ ရက်မှ ၂၃ ရက်အထိ တက်ရောက်သင်ယူလျက်ရှိသည်။ သင်တန်းတွင် လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းဆောင်ရွက်ရာတွင် စက်မှုစွမ်းအား အရေးကြီးမှုများကို စာတွေ့/ လက်တွေ့ ပူးတွဲကာ လေ့လာဆည်းပူးခွင့်များရရှိသည်။

နောက်ဆုံးနှစ်ကျောင်းသားများ၏ ထွန်စက်နှင့် လယ်ယာသုံးစက်ကိရိယာများ ထိန်းသိမ်းမောင်းနှင်မှု လုပ်ငန်းခွင်အကြိုသင်တန်းကို ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်နှင့် စက်မှုလယ်ယာဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်ခဲ့ပြီး ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၀၀ ကျော် တက်ရောက်လေ့လာ ဆည်းပူးလျက်ရှိကြောင်း သိရသည်။

**မင်းထက်**

# (၁၄) ကြိမ်မြောက် အာရှနဂါးလှေလှော်ပြိုင်ပွဲ မြန်မာအားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်မည်

**ရန်ကုန် နိုဝင်ဘာ ၁၆**

ထိုင်းနိုင်ငံ ပတ္တရားမြို့၌ နိုဝင်ဘာ ၁၆ ရက်မှ ၂၂ ရက်အထိ ကျင်းပပြုလုပ်မည့် (၁၄) ကြိမ်မြောက် အာရှနဂါး လှေလှော်ပြိုင်ပွဲနှင့် ဘန်ကောက်မြို့ ကျောက်ဖရားမြစ်တွင် နိုဝင်ဘာ ၂၂ ရက်မှ ၂၆ ရက်အထိ ကျင်းပပြုလုပ်မည့် ထိုင်းရိုးရာလှေလှော်ပြိုင်ပွဲ (Thailand Traditional Boat and International Swan Boat Race 2022)တွင် မြန်မာ့လှေလှော် အားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

ယင်းပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့လှေလှော် အားကစားအဖွဲ့အား ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ အင်းယားကန်ရှိ မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်ရုံး၌ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများက အားပေးစကား ပြောကြားပြီး အားကစားသမား တစ်ဦးလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် အားကစားသမား ၄၀ အတွက် ငွေကျပ်သိန်း ၄၀ ကို ချီးမြှင့်ခဲ့သည်။

မြန်မာ့လှေလှော်အားကစားအဖွဲ့သည် အာရှနဂါးလှေလှော်ပြိုင်ပွဲတွင် အမျိုးသား၊ အမျိုးသမီး မီတာ၂၀၀၊ မီတာ၅၀၀၊ မီတာ ၁၀၀၀ ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ထိုင်းရိုးရာ လှေလှော်ပြိုင်ပွဲကိုလည်း ဝင်ရောက် ယှဉ်ပြိုင်မည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် ပါဝင် ယှဉ်ပြိုင်ရန် မြန်မာနိုင်ငံလှေလှော် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသောင်းထိုက်မင်း ခေါင်းဆောင်သည့် အဖွဲ့ဝင်များ၊နည်းပြများ၊ အုပ်ချုပ်သူများ၊ အားကစားသမားများ စုစုပေါင်း ၃၉ ဦးသည် နိုဝင်ဘာ ၁၆ ရက်တွင် ထိုင်းနိုင်ငံသို့ ထွက်ခွာခဲ့ပြီး အဆိုပါ အာရှနဂါးလှေလှော် ပြိုင်ပွဲတွင် ဩစတြေးလျ၊ ကမ္ဘောဒီးယား၊ တရုတ်၊ တရုတ်(တိုင်ပေ)၊ တရုတ် (ဟောင်ကောင်)၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ မလေးရှား၊ မြန်မာ၊ နီပေါ၊ စင်ကာပူ၊ ထိုင်းနိုင်ငံတို့မှ အားကစားသမား ၅၀၀ ကျော် ပါဝင်ကြမည်ဖြစ်ကြောင်း သိရသည်။

**အာကာစိုး**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၇-၁၁-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၉၀ | ၂၁၃၅ | ၂၁၃၀ | ၂၁၀၀ | ၂၁၃၅ | ၂၁၆၀ | ၂၁၄၅ | ၂၁၂၀ | ၂၂၁၅ | ၂၂၃၀ | ၂၁၃၀ | ၂၁၃၅ | ၂၁၇၀ | ၂၁၇၅ | ၂၁၇၅ | ၂၃၉၅ | ၂၉၂၀ |
| 95 Ron | ၂၂၀၀ | ၂၂၄၅ | ၂၂၄၅ | ၂၂၀၅ | ၂၂၄၅ | ၂၂၆၅ | ၂၂၅၀ | ၂၂၃၀ | ၂၃၂၅ | ၂၃၄၀ | ၂၂၃၅ | ၂၂၅၀ | ၂၂၈၀ | ၂၂၈၀ | ၂၂၈၅ | ၂၅၀၀ | ၃၀၀၀ |
| HSD (500 ppm) | ၂၆၂၀ | ၂၆၆၅ | ၂၆၆၀ | ၂၆၃၀ | ၂၆၆၅ | ၂၆၉၀ | ၂၆၈၅ | ၂၆၅၀ | ၂၇၆၅ | ၂၇၆၀ | ၂၆၆၀ | ၂၆၆၅ | ၂၇၀၀ | ၂၇၀၅ | ၂၇၀၅ | ၂၉၂၅ | ၃၆၄၀ |
| HSD (50 ppm) | ၂၆၉၅ | ၂၇၄၀ | ၂၇၄၀ | ၂၇၀၅ | ၂၇၄၀ | ၂၇၆၅ | ၂၇၆၀ | ၂၇၂၅ | ၂၈၄၀ | ၂၈၃၅ | ၂၇၃၅ | ၂၇၄၅ | ၂၇၇၅ | ၂၇၈၀ | ၂၇၈၀ | ၃၀၀၀ | ၃၆၆၅ |
| HSD (10 ppm) | ၂၆၉၅ | ၂၇၄၀ | ၂၇၄၀ | ၂၇၀၅ | ၂၇၄၀ | ၂၇၆၅ | ၂၇၆၀ | ၂၇၂၅ | ၂၈၄၀ | ၂၈၃၅ | ၂၇၃၅ | ၂၇၄၅ | ၂၇၇၅ | ၂၇၈၀ | ၂၇၈၀ | ၃၀၀၀ | ၃၆၆၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၉၀ | ၂၀၆၃ |
| 95 Ron | ၂၀၉၄ | ၂၁၆၉ |
| HSD (500 ppm) | ၂၅၀၄ | ၂၅၈၄ |
| HSD (50 ppm) | ၂၅၇၇ | ၂၆၅၈ |
| HSD (10 ppm) | ၂၅၇၇ | ၂၆၅၈ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှု မရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ




## "နိပါတ်တော်လာ ဇာတ်သဘင်မဟာ အစီအစဉ်" အဖြစ် " ဥက္ကါသေန" ဇာတ်တော်အပိုင်း(၂)ကို မြန်မာ့ရုပ်မြင်သံကြား၌ ဆက်လက်ပြသမည်

**နေပြည်တော် နိုဝင်ဘာ ၁၆**

မိဘပြည်သူများ ဇာတ်သဘင် ဖျော်ဖြေတင်ဆက်မှုဖြင့် စိတ်အပန်းပြေစေရန်၊ လူငယ်လူရွယ်များ ဗုဒ္ဓဝင်ဇာတ်နိပါတ်တော်များအကြောင်း သိရှိနားလည်ပြီး အသိပညာဗဟုသုတ ရရှိနိုင်ရန်နှင့် သဘင်ပညာရှင်များ၏ အနုပညာစွမ်းရည်များ ဖော်ထုတ်ပြသနိုင်ရန် ရည်ရွယ်ချက်များဖြင့် "နိပါတ်တော်လာ ဇာတ်သဘင်မဟာအစီအစဉ်" ဆန်းသစ်တင်ဆက်မှုကို အောက်တိုဘာ ၂၂ ရက်မှစတင်၍ အပတ်စဉ်စနေနေ့ ညတိုင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ထုတ်လွှင့်ပြသလျက်ရှိသည်။

အဆိုပါ အစီအစဉ်မှ "ဥက္ကါသေန" ဇာတ်တော် အပိုင်း(၂)ကို သဘင်ပညာရှင် ပတ္တမြားကေခိုင်စီစဉ်ပြီး Art Director ဆန်းမင်း၏ အနုပညာဖန်တီးမှု၊ ရွာစားဝါးခယ်မ စိန်မုန့်လုံး၏ တီးခတ်မှုနှင့်အတူ ဖံဟိန်း၊ ဆန်းနေအောင် ၊ထက်ကို၊ နန်းခင်မွေး၊ ငြိမ်းချမ်းခိုင်တို့နှင့်အတူ သဘင်ပညာရှင်များ၊ အနုပညာရှင်များက ပါဝင်တင်ဆက်ကြမည်ဖြစ်သည်။

ထိုသို့တင်ဆက်မှုကို နိုဝင်ဘာ ၁၉ ရက် (စနေနေ့) ည ၉ နာရီခန့်တွင် ပြသမည်ဖြစ်ပြီး နိုဝင်ဘာ ၂၃ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၆ နာရီခွဲတွင်လည်း ပြန်လည်ပြသမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## သုတဝေဖြာ သီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာမျှဝေမှု အစီအစဉ်၊ လူ့ရှင်တော်အသင်းမှ မိသားစုများ ပါဝင်ယှဉ်ပြိုင်ကြမည်

**နေပြည်တော် နိုဝင်ဘာ ၁၆**

သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် (Family Quiz) ပွဲစဉ်(၉၂)ကို နိုဝင်ဘာ ၁၈ ရက်တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ဆက်လက်ထုတ်လွှင့်မည်ဖြစ်သည်။

အဆိုပါ ကိုဗစ်-၁၉ ဆိုင်ရာ အသိပညာမျှဝေမှုအစီအစဉ်ကို အစီအစဉ်တင်ဆက်သူ ရဲထိုက်နှင့် မိုးဂျူလိုင်တို့က တင်ဆက်ကြမည်ဖြစ်ပြီး လူ့ရှင်တော်အသင်းမှ မိသားစုများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းပြိုင်ပွဲများကို နိုဝင်ဘာ ၁၈ ရက်၊ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD မှ ည ၇ နာရီခန့်တွင် ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**




## ၂၀၂၂ ခုနှစ် အာဆီယံ-တရုတ်ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဗီဒီယိုဇာတ်လမ်းတိုပြိုင်ပွဲဆုပေးပွဲအခမ်းအနားကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၆**

တတိယအကြိမ် အာဆီယံ-တရုတ် ချစ်ကြည်ရေးနှင့် ပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ ဗီဒီယိုဇာတ်လမ်းတိုပြိုင်ပွဲ (3rd ASEAN-China Friendship and Cooperation Short Video Contest) ၏ ဆုပေးပွဲအခမ်းအနားကို နိုဝင်ဘာ ၁၆ ရက် မွန်းလွဲပိုင်းက တရုတ်နိုင်ငံ ပေကျင်းမြို့မှတစ်ဆင့် Online စနစ်ဖြင့် ကျင်းပသည်။ **(ဃာပုံ)**




အခမ်းအနားသို့ အာဆီယံ ဒုတိယအထွေထွေ အတွင်းရေးမှူးချုပ် Ekkahab Phanthavong၊ အာဆီယံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး Deng Xijun နှင့် အာဆီယံဆိုင်ရာ မြန်မာအမြဲတမ်း ကိုယ်စားလှယ် ဦးအောင်မျိုးမြင့်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အာဆီယံနိုင်ငံများ၏ အမြဲတမ်းကိုယ်စားလှယ်များ၊ သံတမန်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တရုတ်နိုင်ငံနှင့် အာဆီယံနိုင်ငံများမှ တာဝန်ရှိသူများက ပြိုင်ပွဲကျင်းပမှုနှင့်ပတ်သက်၍ အမှာစကားများ ပြောကြားကြပြီးနောက် ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယ ဆုရရှိသူများက ၎င်းတို့၏ ဗီဒီယိုဇာတ်လမ်းတိုများ ရိုက်ကူးခဲ့ပုံနှင့် ဆုရွေးချယ်ခံရခြင်းအပေါ် ဝမ်းမြောက်စကားများ ပြောကြားကြသည်။

အဆိုပါပြိုင်ပွဲတွင် ပထမဆု (Gold Medal)ကို ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ MITV Channel မှ မြန်မာနိုင်ငံကိုယ်စားပြု၍ ၂၀၁၆ ခုနှစ် ဩဂုတ် ၂၄ ရက်က လှုပ်ခတ်ခဲ့သော ပုဂံငလျင်ကြောင့် ထိခိုက်ခဲ့ရသည့် သဗ္ဗညုဘုရားကြီးအား တရုတ်နိုင်ငံ အထောက်အပံ့ဖြင့် ပြုပြင်ထိန်းသိမ်းရေး လုပ်ဆောင်နေပုံ ၅ မိနစ်ကြာ အစီအစဉ်ကို Friendly Neighbors (Section A) ခေါင်းစဉ်အောက်တွင် ပေးပို့ယှဉ်ပြိုင်မှုကို လည်းကောင်း၊ ဒုတိယဆု (Silver Medal) နှစ်ဆုကို တရုတ်နိုင်ငံမှ ရိုက်ကူးသည့် "Explore the Chinese Mark of Malacca from Culture and Museum Tour" နှင့် လာအို-တရုတ်တို့ ပူးပေါင်းရိုက်ကူးသည့် "The Growth of a Female Chef " ကိုလည်းကောင်း၊ တတိယဆု (Bronze Medal) သုံးဆုကို မလေးရှားနိုင်ငံမှ ရိုက်ကူးသည့် "China-Malaysia Life Differences- The Malay Sisters in China"၊ စင်ကာပူ-တရုတ်တို့ ပူးပေါင်းရိုက်ကူးသည့် "Delicious Life-Singapore Lovers" နှင့် ကမ္ဘောဒီးယား - တရုတ် ပူးပေါင်းရိုက်ကူးသည့် "The Cashewnut Connects China-Cambodia Friendship"တို့ကို လည်းကောင်း၊ Excellence Award ရရှိသူ ၁၅ ဦးကိုလည်းကောင်း ရွေးချယ်ပြီး ဆုချီးမြှင့်သည်။

ယင်း ဗီဒီယိုဇာတ်လမ်းတိုပြိုင်ပွဲကို အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် တရုတ်နိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးကို အထောက်အကူဖြစ်စေရန်အတွက် တရုတ်နိုင်ငံက ၂၀၂၀ ပြည့်နှစ်မှစတင်၍ နှစ်စဉ်ဖိတ်ခေါ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး MITV အနေဖြင့် ယမန်နှစ်က ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာတွင်လည်း နှစ်သိမ့်ဆု (Excellence Award) ရရှိခဲ့သည်။

အဆိုပါပြိုင်ပွဲကို အာဆီယံဆိုင်ရာ တရုတ်မစ်ရှင်အဖွဲ့ (China's Mission to ASEAN), အာဆီယံဆိုင်ရာ မြန်မာအမြဲတမ်းမစ်ရှင်အဖွဲ့ (Permanent Mission of Myanmar to ASEAN), အာဆီယံအထွေထွေ အတွင်းရေးမှူးချုပ်ရုံး (ASEAN Secretariat), ဝူရှီးမြူနီစီပယ် အုပ်ချုပ်ရေးအဖွဲ့ (Wuxi Municipal Government)နှင့် အခြား အစိုးရဌာနနှင့် အဖွဲ့အစည်းများ ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး ယခုနှစ်ကျင်းပသည့် ပြိုင်ပွဲသို့ တရုတ်နှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ပြိုင်ပွဲဝင် ဗီဒီယိုဇာတ်လမ်းတို ပေါင်း ၁၈၀၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ကြရာ တရုတ်နိုင်ငံနှင့် အာဆီယံနိုင်ငံများမှ ဒိုင်အဖွဲ့ဝင် ၁၀ ဦးက ကြည့်ရှုအကဲဖြတ်၍ ဆုများရွေးချယ်ချီးမြှင့်ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## "တူယှဉ်နွဲ့ပျော်ဂီတပွဲတော်" သီချင်းဆိုပြိုင်ပွဲ Season-2 ဒုတိယအဆင့် (Level – 2) ပွဲစဉ်(၁၂)ကို မြန်မာ့ရုပ်မြင်သံကြားမှ တိုက်ရိုက် Live ပြသမည်

**နေပြည်တော် နိုဝင်ဘာ ၁၆**

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် "တူယှဉ်နွဲ့ပျော်ဂီတပွဲတော်" Season-2 သီချင်းဆိုပြိုင်ပွဲကို ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် စက်တင်ဘာ ၂ ရက်မှ စတင်ပြီး ပွဲစဉ်(၁၈)ပွဲဖြင့် အပတ်စဉ် သောကြာနေ့ညတိုင်း ကျင်းပလျက်ရှိရာ ဒီဇင်ဘာ ၃၀ ရက်အထိ ဆက်လက်ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲများတွင် အကဲဖြတ်ဒိုင်များအဖြစ် ထပ်ဆင့်အကယ်ဒမီချိုပြုံး၊ စန္ဒရားမျိုးနိုင်နှင့် တေးသံရှင် ခိုင်ဝါတို့ကလည်းကောင်း၊ သရုပ်ဆောင်/ တေးသံရှင်များဖြစ်ကြသည့် ဝေလျှံနှင့် သဉ္ဇာမြင့်မိုရ်တို့က အစီအစဉ်တင်ဆက်သူများအဖြစ်လည်းကောင်း ဆက်လက်ဆောင်ရွက်ကြမည်ဖြစ်သည်။

ယင်းပြိုင်ပွဲသို့ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ရွေးချယ်ထားသည့် ပြိုင်ပွဲဝင်သုံးဦးစီဖြင့် စုစုပေါင်း ၄၅ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြရာ ပြိုင်ပွဲ၏ ဒုတိယအဆင့် (Level – 2)တွင် ယှဉ်ပြိုင်ရန် ပြိုင်ပွဲဝင် ၁၀ ဦး ပေါ်ထွက်လာပြီဖြစ်၍ နိုဝင်ဘာ ၁၈ ရက်နေ့ (သောကြာနေ့)ည ၉ နာရီခန့်တွင် ပွဲစဉ်(၁၂)ကို စိတ်ကြိုက်တေးသီချင်းများဖြင့် သီဆိုယှဉ်ပြိုင်ကြပြီး ယင်းတို့၏ သီဆိုယှဉ်ပြိုင်ကြပုံများကို MRTV-HD မှ တိုက်ရိုက် Live ရိုက်ကူးထုတ်လွှင့်သွားမည်ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲ၏ ဒုတိယအဆင့် (Level-2) မှစ၍ အကဲဖြတ်ဒိုင်များ၏ အမှတ်ပေးမှု ၃၀ ရာခိုင်နှုန်းနှင့် ပရိသတ်များ၏ SMS Voting ဖြင့် ပေးပို့မှု ၇၀ ရာခိုင်နှုန်း သတ်မှတ်ထားရှိရာ ပရိသတ်များအနေဖြင့် ပြိုင်ပွဲဝင်များဖြစ်ကြသော ကချင်ပြည်နယ်မှ မေဇီ (MFO1) ၊ ချင်းပြည်နယ်မှ မြင့်မြတ်သူ (MFO2)၊ ရန်ကုန်တိုင်းဒေသကြီးမှ ထွန်းပပအောင် (MFO3)၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ရေဂျီးနား (MFO4)၊ ပဲခူးတိုင်းဒေသကြီးမှ လျှမ်းထက်ကို (MFO5)၊ ကရင်ပြည်နယ်မှ ချိုသဲဦး (MFO6)၊ ကချင်ပြည်နယ်မှ လလဆွတ် (MFO7)၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ဇင်လေး (MFO8)၊ နေပြည်တော်မှ ပူတူး (MFO9) နှင့် ဧရာဝတီတိုင်းဒေသကြီးမှ စိုးထက်အောင် (MFO10) တို့အား Voting Line ဖွင့်ပေးထားသည့် အချိန်အတွင်း SMS အရေအတွက် အကန့်အသတ်မရှိ ပေးပို့နိုင်မည်ဖြစ်ပါသည်။

Voting Line ကို ပွဲစဉ် (၁၂) စတင်ထုတ်လွှင့်မည့် နိုဝင်ဘာ ၁၈ ရက် ည ၉ နာရီမှ ပွဲစဉ်(၁၃) Result Show ထုတ်လွှင့်မည့် နိုဝင်ဘာ ၂၅ ရက် ည ၉ နာရီမတိုင်မီ မွန်းတည့် ၁၂ နာရီအထိ ဖွင့်လှစ်ပေးထားမည်ဖြစ်ရာ ပရိသတ်များအနေဖြင့် မိမိကြိုက်နှစ်သက်သည့် ပြိုင်ပွဲဝင်ကို SMS Voting ပေးပို့နိုင်မည်ဖြစ်သည်။ အဆိုပါ အစီအစဉ်ကို နိုဝင်ဘာ ၂၀ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခန့်တွင် ပြန်လည်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန
## ပြည်တက္ကသိုလ်
## စီးပွားရေးဥပဒေပညာ ဒီပလိုမာ Diploma in Business Law (DEL)
## အမှတ်စဉ် (၁/ ၂၀၂၂) သင်တန်းလျှောက်လွှာခေါ်ယူခြင်း

ပြည်တက္ကသိုလ်၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာနကြီးမှူး၍ ပြည်တက္ကသိုလ်၊ ဥပဒေပညာဌာနတွင် စီးပွားရေးဥပဒေပညာ ဒီပလိုမာ Diploma in Business Law (DBL) အမှတ်စဉ် (၁/ ၂၀၂၂)ဖွင့်လှစ်မည်ဖြစ်၍ အောက်ပါအရည်အချင်းနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်သည် -

၁။ တက္ကသိုလ်၊ ဒီဂရီကောလိပ်တစ်ခုခုမှ ဘွဲ့တစ်ခုခုရရှိပြီးသူဖြစ်ရမည်။
၂။ ဝန်ထမ်းဖြစ်ပါကသက်ဆိုင်ရာဌာနအကြီးအကဲ၏သင်တန်းတက်ရောက်ခွင့်ပြုချက် အထောက်အထား တင်ပြရမည်။
၃။ သင်တန်းသားဦးရေကန့်သတ်ထားသဖြင့် ဝင်ခွင့်အရည်အချင်းစစ် ရေးဖြေပြုလုပ်မည်။
၄။ သင်တန်းကာလ - (၉) လ
ပထမနှစ်ဝက်
(၂၀၂၂ ဒီဇင်ဘာလမှ ၂၀၂၃ ဧပြီလ)
ဒုတိယနှစ်ဝက်
(၂၀၂၃ ဇွန်လမှ ၂၀၂၃ အောက်တိုဘာလ)
၅။ သင်တန်းချိန် - တနင်္လာနေ့မှ သောကြာနေ့ (နံနက် ၇ နာရီ မှ ၉နာရီ)
၆။ လျှောက်လွှာစတင်ရောင်းချမည့်ရက် - ၁၈-၁၁-၂၀၂၂ရက်
လျှောက်လွှာစတင်ရောင်းချမည့်နေရာ - ဥပဒေပညာဌာန၊ ပြည်တက္ကသိုလ်
၇။ လျှောက်လွှာပိတ်ရက် - ၂၈-၁၁-၂၀၂၂ ရက်
၈။ ဝင်ခွင့်ဖြေဆိုရမည့်ရက်၊ - ၃၀-၁၁-၂၀၂၂ ရက်
ဝင်ခွင့်ဖြေဆိုရမည့်အချိန် - နံနက် (၉:၀၀ -၁၀:၀၀) နာရီ
ဝင်ခွင့်ဖြေဆိုရမည့်နေရာ - ဥပဒေပညာဌာန ၊ ပြည်တက္ကသိုလ်
၉။ ဝင်ခွင့်ရရှိသူများစာရင်းကြေညာမည့်ရက် - ၅-၁၂-၂၀၂၂ ရက်
၁၀။ သင်တန်းစတင်ဖွင့်မည့်ရက် - ၁၁-၁၂-၂၀၂၂ ရက်
၁၁။ အသေးစိတ်သိရှိလိုပါက ဥပဒေပညာဌာန၊ ပြည်တက္ကသိုလ် (ဖုန်း ၀၉-၄၄၃၀၁၆၂၉၁) တွင် စုံစမ်းနိုင်ပါသည်။

## ရွှေမိုက်နှင့် ရွှေသင်္ကန်းကပ် တင်ဒါ/လေလံကြော်ငြာ

၁။ မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်၊ တုရင်တောင်စွယ်တော်မြတ်စေတီတော်ကြီးအား လှုံတော်ပြည့် ရွှေသင်္ကန်းကပ်လှူခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။
၂။ လက်ရှိရွှေမိုက်များကို ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချသွားမည်ဖြစ်ပါသည်။ ရွှေသင်္ကန်းကပ်လှူခြင်း လုပ်ငန်းလုပ်ကိုင်လိုသူများသည် (၉)လက်မပတ်လည်ကြေးပြားတစ်ချပ်ပေါ်တွင် ရွှေချပြီး နမူနာနှင့်အတူ တင်ဒါတင်သွင်းနိုင်ပါသည်။
၃။ လေလံနှင့် တင်ဒါလျှောက်လွှာများကို (၁၃၈၄ခုနှစ်၊ ပြာသိုလပြည့်ကျော် ၉ရက်) ၁၆-၁၂-၂၀၂၂ရက် (သောကြာနေ့) နံနက် ၀၉:၀၀နာရီတွင် နောက်ဆုံးထားတင်သွင်းရမည်ဖြစ်ပြီး လေလံတင်ဒါပွဲကို ၁၃:၀၀နာရီတွင် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။
၄။ တင်ဒါလေလံအတွက် အသေးစိတ်စည်းကမ်းချက်များကို ရုံးချိန်အတွင်း တုရင်တောင်စွယ်တော်မြတ်စေတီတော်ဂေါပကရုံးသို့ လာရောက်စုံစမ်းနိုင်ပါသည်။

**တုရင်တောင်စွယ်တော်မြတ်စေတီ**
**ဘဏ္ဍာတော်ထိန်း**
**ဂေါပကအဖွဲ့၊ ညောင်ဦးမြို့**
**ဖုန်း-၀၉-၂၀၄၂၆၀၀၊ ၀၉-၂၅၈၃၁၂၅**

## လုပ်ငန်းအမှတ်တံဆိပ် အသိပေးကြေညာချက်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ စံပယ်လမ်း၊ စံပါယ်ကွန်ဒို၊ ဘိုးလိန်းအောင်မင်္ဂလာရပ်ကွက်၊ အမှတ် (၄၁/အေ)တွင်တည်ရှိသော NNK VO VO Co.,Ltd ၏ ဒါရိုက်တာဖြစ်သူ ဒေါ်ဝင်းရတနာကျော်သည် အောက်ဖော်ပြပါ လုပ်ငန်းအမှတ်တံဆိပ် အမည်အမှတ်အသားကို မိမိတို့ကုမ္ပဏီမှ အသုံးပြုရန်အတွက် ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင် စာချုပ်အမှတ် ၄/၈၆၂၈/၂၀၂၂ ဖြင့် မှတ်ပုံတင်သွင်းခဲ့ပြီးဖြစ်ပါသည်-

NAY

အထက်ဖော်ပြပါ လုပ်ငန်းအမှတ်တံဆိပ် အမည်အမှတ်အသားဖြင့် ဖုန်းနှင့်ပတ်သက်သည့် အပိုပစ္စည်းအမျိုးမျိုးတို့ကို ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ တစ်ဝန်းလုံးတွင် ဆိုင်များဖွင့်လှစ်၍ ရောင်းချဆောင်ရွက်လျက်ရှိပါသည်။

ထို့ကြောင့် အထက်ဖော်ပြပါ လုပ်ငန်းအမှတ်တံဆိပ် အမည်အမှတ်အသားကို ကျွန်ုပ်မိတ်ဆွေမှလွဲ၍ အခြားမည်သူတစ်ဦးတစ်ယောက်က ဖြစ်စေ၊ အခြားကုမ္ပဏီများမှဖြစ်စေ၊ အခြားလုပ်ငန်းများမှဖြစ်စေ၊ အဖွဲ့အစည်းတစ်ခုခုကဖြစ်စေ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှား တုပပြုလုပ်သုံးစွဲခြင်းတို့ကို လုံးဝမပြုလုပ်ကြပါရန်နှင့် ပြုလုပ်ပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ - ဒေါ်နန်းမိုခမ်းအောင် (စဉ်-၁၀၂၇၃)**
**တရားလွှတ်တော်ရှေ့နေ**
အမှတ် (၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၂၅၄၄၈၂၆၈၁

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7Q/9832 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ဖခင်အမည်မှန်

ဒိုက်ဦးမြို့နယ်၊ အထက(သုံးခွ) မပြည့်ပြည့်လျှံ (G-11)နှင့် မပိုးအိလျှံ (G-7)တို့၏ ဖခင်အမည်မှန်မှာ ဦးအောင်ကျော်သူ ၇/ဒဥန(နိုင်) ၂၃၀၆၂ ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

လှိုင်ကော်မြို့၊ နောင်ယား (က)ရပ်ကွက်နေ မဘော်မြာ(ခ) မဘော်မြာဝင်း ၂/လကန(နိုင်) ၀၈၃၆၉၆ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## အမည်ပြောင်း

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၊ အမက၊ ပြည်တော်အေးကျောင်း Grade-2မှ (ဘ)ဦးထွန်းထွန်းနိုင် ၈/သရန (နိုင်)၀၆၄၄၁၄ ၏သား မောင်ဟိန်းသက်စံအား မောင်ဟိန်းသစ်စံဟု ပြောင်းလဲခေါ်ဆိုပါရန်။

## မွေးသက္ကရာဇ် အမှန်

ညောင်ဦးမြို့၊ အထက (မြို့မ)၌ တာဝန်ထမ်းဆောင်နေသော ဆရာမ ဒေါ်ငုဝါမော် ၈/ပခက(နိုင်) ၁၃၃၅၁၂၏ မွေးသက္ကရာဇ်အမှန်မှာ (၉-၁၁-၁၉၇၁)ဖြစ်ပါကြောင်း။

❖ *ကျောဖုံးမှ*

ငါးဖမ်းစက်လှေလုပ်ငန်းရှင်နှင့် အလုပ်သမားများ၊ အအေးခန်း စက်ရုံလုပ်ငန်းရှင်များ အဆင်ပြေလျက်ရှိသည်။

ငါးဖမ်းရာသီအစတွင် အလုပ်အကိုင် အခွင့်အလမ်းကောင်းမွန်မှုနှင့်စပ်လျဉ်း၍ ပင်လယ်ငါးဖမ်း စက်လှေများအသင်းဥက္ကဋ္ဌ ဦးမောင်မောင်စိုးက "ဒီကနေ့အထိ ပင်လယ်ပြင်ငါး/ ပုစွန် အထိအမိကောင်းပြီး ငါးဈေးကောင်းတဲ့အတွက် လုပ်နိုင်သေးတယ်။ ဒီလမှာ ပုစွန်လည်းရတယ်၊ ငါးလည်းမဆိုးဘူး။ ပြည်တွင်းစားသုံးဖို့ ရသလို ပြည်ပပို့ကုန်အတွက်လည်း အအေးခန်းစက်ရုံတွေကိုပို့နိုင်တယ်။ ငါးပိ၊ ငါးခြောက်လည်း ရကြတယ်။ ဒီလနဲ့ ဒီဇင်ဘာလမှာ ငါးအထိအမိကောင်းပြီး ဇန်နဝါရီလမှာ အထိအမိလျော့သွားလိမ့်မယ်။ ရန်ကုန်က စက်လှေတွေက ရခိုင်ပြည်နယ်နဲ့ ဧရာဝတီတိုင်းဒေသကြီး ပင်လယ်ပြင်မှာ ဖမ်းဆီးတာများတယ်။ မြိတ်မှာဖမ်းဆီးတဲ့ စက်လှေတွေတော့ ငါးအထိအမိ နည်းကြတယ်။ ပြည်ပပို့ကုန် ငါးတွေကို တစ်လတင်ဒါပေးထားတဲ့အတွက် ခြင်တွယ်ပြီး အအေးခန်းစက်ရုံတွေကို ပို့နိုင်ကြတယ်။ ပြည်တွင်းစားသုံးဖို့အတွက်လည်း လက်ကားဈေးဒိုင်တွေဖြန့်ပြီး ၂၀ ရာခိုင်နှုန်း ငါးပိ၊ ငါးခြောက်၊ ငါးတွေဟာလည်း လေလံလုပ်ပြီးသားဖြစ်တဲ့အတွက် ငါးပိ၊ ငါးခြောက်လုပ်တဲ့သူတွေလည်း အဆင်ပြေကြတယ်။ မြန်မာ့ရေထွက်ကုန်ဟာ နိုင်ငံရဲ့ပုံရိပ်တစ်ခုအဖြစ် တည်တံ့ဖို့နဲ့ ငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် ခိုင်မာတဲ့ ဈေးကွက်ကို ရရှိထားဖို့တော့လိုတယ်" ဟု ပြောသည်။

